သူတို့ သုံးယောက်သည် ဘုန်းကြီးကျောင်းပျက် ရှေ့သို့ အရောက်တွင် ဘုန်းကြီးကျောင်းပျက် အတွင်းမှ ခွေးသေနှစ်ကောင် ခုန်ထွက်လာသဖြင့် ဖမ်းယူကာ ဤသစ်တောအုပ်အတွင်း၌ မီးကင်နေခြင်း ဖြစ်၏။

ခွေးသား ကင်ပြီးသောအခါ လောင်အောင်က ဖဲ့ယူ၍ စားရင်း လက်တစ်ဘက်ဖြင့် မိမိ၏ ညာဘက်ပခုံးကို ပုတ်ကာ

'အင်း....ဒီမှာ သိပ်နာနေတယ်၊ သွေးတုံးကြီး ခဲနေသလား အောက်မေ့ရတယ်'

ဟု ညည်းညည်းညူညူ ပြောလိုက်၏။

လောင်အောင်၏ စကားကို လောင်စန်းက စိတ်ဝင်စားဟန်ဖြင့်....

'မင်း ပခုံးမှာ ဘာကြောင့် သွေးတုံးကြီး ခဲနေရတာလဲ၊ သွေးတုံးလေး ခဲတာ မဖြစ်နိုင်ဘူးလား၊ ဘာလို့ သွေးတုံးကြီး ခဲနေတာနဲ့ တူတယ်လို့ ပြောရတာလဲ၊သွေးခဲနေတယ်လို့ တစ်ခါတည်း ဘာလို့ မပြောနိုင်ရတာလဲ'

လောင်အောင်က မျက်မှောင်ကြုတ်လိုက်ပြီး....

'ငါ့ဘာသာ ငါ ဘယ်လို ပြောပြောပေါ့၊ မသေချာလို့ မှန်းပြောတာ၊ မင်းက အရေးယူမလို့လား'

လောင်တက လက်ကာပြရင်း....

'တော်ပြီ၊ ငါ နားလည်ပြီ၊ မင်းက ဒီအခေါင်းကြီးကို ထမ်းရလို့ မဟုတ်လား'



လောင်အောင်က ဦးခေါင်းညိတ်ကာ

'ဟုတ်တယ်'

လောင်တက ဝင့်ကြွားသော မျက်နှာဖြင့်

'ဒါကြောင့် ငါက ဒီအခေါင်းကို ကြေမွအောင် ခုတ်ပြီး ခွေးသား ကင်လိုက်တာပေါ့'

လောင်စန်းက ဦးခေါင်းကို ခါယမ်းရင်း....

'မဟုတ်ဘူး၊ မင်းက ကြေမွအောင် ခုတ်တာ မဟုတ်ဘူး၊ ထင်းအတုံးလေးတွေ ဖြစ်အောင် ခုတ်တာ၊ ကြေမွအောင် ခုတ်ရင် ခွေးသား ကင်လို့ရမှာ မဟုတ်ဘူး'

လောင်တက မျက်မှောင်ကုတ်၍ လောင်စန်းကို ကြည့်လိုက်ပြီး

'သူ့အမေမှပဲ'

လောင်အောင်က ကပျာကယာ ဝင်ရောက်၍

'ဆရာက မှာထားတယ်'

ဟု ဝင်၍ ပြောလိုက်၏။

လောင်တက သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်ပြီး

'ဟွန်း....ငါ့ဘာသာ ငါ ဘယ်လိုခုတ်ခုတ် ခွေးသား ကင်ပြီးပြီပဲ'

လောင်အောင်က ပြုံးရယ်ကာ

'ဟား....ဟား....ကောင်းတယ်၊ ခွေးသားကို အခေါင်းက သစ်သားနဲ့ ကင်တာမို့လို့လား မပြောတတ်ဘူး၊ စားလို့ကောင်းတယ်'

လောင်စန်းက

'မပြောတတ်လဲ မပြောနဲ့ပေါ့'

လောင်အော့က မျက်နှာ ရှုံ့မဲ့လိုက်ပြီး

'မင်းကို စကားပြောတတ်အောင် သင်ပေးဖို့ လိုနေပြီ'

လောင်စန်းက မျက်လုံးပြူးကာ

'ငါက အ,နေလို့လား'

လောင်တာက လက်ကာပြရင်း

'စကား မများနဲ့၊ အင်း....တကယ်လို့သာ ငါက ဘုန်းကြီးကျောင်းထဲက ကျလာတဲ့ ခွေးသေ နှစ်ကောင်ကို လက်နဲ့ မဖမ်းခဲ့ရင် မင်းတို့လဲ စကားများရမှာ မဟုတ်ဘူး၊ အဲ....ငါတို့လဲ အခေါင်းက သစ်သားကို ဝါးပြီး စားဖို့ပဲ ရှိတော့မယ်'

လောင်စန်းက ရယ်မောကာ

'ဘယ်သူက သစ်သားကို ဝါးစားမှာလဲ၊ ရှေ့မှာ ပေချောင်းမြို့ ရောက်တော့မယ်၊ ပြီးတော့ ငါတို့မှာ ငွေရှိတယ်၊ မင်းပဲ သစ်သား စားချင်စား၊ ငါတော့ မစားဘူး'

လောင်တာက တစ်ချက် ရယ်မောကာ

'ဟဲ....ဟဲ....တုံးချုံအန်းက ငါတို့ကို ဘာမှာလိုက်သလဲ၊ ရောက်တဲ့နေရာမှာ သတိထားနေရမယ်၊ ပြီးတော့ ပြဿနာ မရှုပ်ရဘူးတဲ့၊ မဟုတ်လား'

လောင်အော့နှင့် လောင်စန်းက ဦးခေါင်းညိတ်ကာ

'ဟုတ်တယ်'



လောင်တာက ပြုံးလိုက်ပြီး

'အဲဒီ ပေချောင်းမြို့ဟာ နဂါးတွေကျားတွေပုန်းအောင်းတဲ့နေရာလို့ ကြားတယ်၊ အဲ....နဂါးတွေ ကျားတွေ မပြောနဲ့၊ ကုလားအုတ်တောင်ရှိတယ်ဆိုပဲ၊ အဲဒီ ကုလားအုတ်က ပြိုင်ဘက်ကင်းအောင် ကြောက်စရာ ကောင်းတယ်တဲ့၊ သူက လေတစ်ချက် မှုတ်လိုက်တာနဲ့ လိကျန်းမြစ်ထဲက လှေဟာ ကွမ်းစီကဘုရား တောင်ပေါ်ကို ရောက်သွားနိုင်သတဲ့၊ ဒီတော့ ငါတို့မြို့ထဲရောက်ယင် ပြဿနာ မတက်မှ ဖြစ်မှာ'

လောင်အော့က နှုတ်ခမ်း တစ်ချက် မဲ့လိုက်ပြီး....

'ကုလားအုတ် ဆိုတာ သဲကန္တာရရဲ့ လှေပဲ၊ သူက ဘာဖြစ်လို့ ဒီလို ရှုခင်းလှတဲ့ ကွမ်းစီကို ရောက်လာရတာလဲ'

လောင်စန်းက

'ဟုတ်တယ်၊ ကေန္တ သဲကန္တာရရဲ့ ရာသီဥတုဒဏ်ကို မခံနိုင်လို့ ဖြစ်ရမယ်'

ဤသို့ဖြင့် သူတို့၏ စကားဝိုင်းသည် တဖြည်းဖြည်း ငြင်းခုံမှုများလာကာ အသံ ကျယ်လောင်လာ၏။

သို့သော် သူတို့၏ အသံကို ကျော်လွှား၍ စူးရှသော အသံတစ်သံက ပျံ့လွင့်လာလေသည်။

'ကယ်ကြပါ'

ယင်းအသံကြောင့် လောင်တ၊ လောင်အော့နှင့် လောင်စန်း တို့သည် ငေးကြောင်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြလေတော့သည်။

အတန်ကြာမှ လောင်အော့က

'ဘာသံလဲ၊ သရဲ တစ္ဆေ အော်သံလား'

လောင်တက ဦးခေါင်း ခါယမ်းကာ

'ဆရာက ပြောထားတယ်မဟုတ်လား၊ နတ်တို့ သရဲတစ္ဆေတို့ ဆိုတာ ပျော့ညံ့တဲ့ လူတွေကို လိမ်ညာတဲ့ စကား လုံး တဲ့၊ တကယ်လို့ မင်းက သရဲ တစ္ဆေကို ယုံလိုက်ရင် မင်းဟာ ပျော့ညံ့တဲ့လူ ဖြစ်သွားလိမ့်မယ်'

လောင်စန်းက မျက်မှောင်ကုတ်ရင်း

'ဒီလိုဆိုရင် ငါတို့ရဲ့ ဆရာကို လူတွေက ဘာဖြစ်လို့ ပင်လယ်နတ်လို့ ခေါ်တာလဲ'

လောင်တက မျက်နှာ တစ်ချက် ရှုံ့မဲ့လိုက်ပြီး

'သူ့အဓမေမှုပဲ၊ လူတွေက ဆရာ့ကို ပင်လယ်နတ်လို့ ခေါ်တာ လေးစားလို့ တင်စားပြီး ခေါ်တာ၊ သူက တကယ့် နတ် မဟုတ်ဘူး၊ လူထဲက နတ်'

လောင်စန်းက တစ်ချက် စဉ်းစားကာ

'ဒါဖြင့် ဆရာ့ရဲ့ ရန်သူတွေကတော့ ဆရာ့ကို ပင်လယ် သရဲ၊ ပင်လယ် တစ္ဆေလို့ ဘာလို့ မခေါ်တာလဲ'



လောင်တ မျက်မှောင် ကုတ်သွား၏။

သူသည် လောင်စန်း၏ အမေးကို မည်သို့ ဖြေရမှန်း မသိ အောင် ဦးနှောက် ခြောက်သွား၏။

ထို့ကြောင့်
'သူ့အမေမှုပဲ'
ဟု တီးတိုး ရေရွတ်လိုက်၏။
ထိုသို့ ရေရွတ်လိုက်စဉ်မှာပင်....

'ကယ်ကြပါ'

ဟူသော အသံကို ထပ်မံ ကြားရပြန် လေတော့၏။

ထိုအသံကြောင့် လောင်အော့သည် မျက်ခုံးတစ်ချက် ပင့် တင်လိုက်ပြီး....

'လာပြန်ပြီသရဲ၊ သရဲချင်း ရန်ဖြစ်နေသလား မသိဘူး'
လောင်စန်းက ရယ်မောကာ....
'သရဲက ကယ်ကြပါလို့ အော်တတ်လား'
လောင်တက လက်ကာပြရင်း....
'ဟိဟိ၊ ဒါ မိန်းကလေးတစ်ယောက်ရဲ့ အသံ ဖြစ်ရမယ်'
လောင်စန်းက မျက်မှောင် ကုတ်ကာ....
'မိန်းကလေးရဲ့ အသံဖြစ်ရင် မိန်းကလေးက ဘာဖြစ်လို့ ဒီသစ်တောထဲလာပြီး အော်နေရတာလဲ'

လောင်အော့က....

'ရန်သူလိုက်လို့ ဖြစ်မှာပေါ့'

လောင်စန်းက...

'ရန်သူက ဘာဖြစ်လို့ မိန်းကလေးကို ရန်မူရတာလဲ'

လောင်တက စိတ်မရှည်ဟန်ဖြင့်....

'သူ့အမေ'

လောင်အောင့်က...

'လောင်တာ၊ ဆရာက မှာထားတယ်၊ မဆဲရဘူးတဲ့'

လောင်စန်းက ပါးစပ်ကို လျင်မြန်စွာ ပိတ်လိုက်ပြီးမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ....

'ကယ်ကြပါလို့ ပြောနေပြီ၊ ဒီတော့တို့က ကယ်ရမှာပေါ့'

လောင်စန်းက....

'ကယ်ကြပါဆိုတာ တို့ကို ကယ်ခိုင်းတာလား'

လောင်တက ဒေါသဖြစ်သော လေသံဖြင့်....

'တယ်လျှာရှည်တဲ့ မိကျောင်းသားရဲ့၊ ကယ်ကြပါဆို ကယ်လိုက်ရုံပေါ့'ဟု ပြောကာ ထိုင်ရာမှ ထလိုက်၏။

လောင်စန်းက ပုခုံးတစ်ချက် တွန့်ကာ....

'အင်း.... ကယ်ကြပါဆိုတာ ကယ်ရမှာပေါ့'

ဟု ပြောကာ ထလိုက်၏။

လောင်အောင့်က လက်ထဲမှ ခွေးသားကင်ကို လွှင့်ပစ်လိုက်ပြီး....



'အင်း.... ခွေးသားက နောက်နေ့မှ လာစားလဲ ရတာယ်'

ဟု ပြောကာ ထိုင်ရာမှ ထလိုက်လေတော့သည်။

* * *

လောင်တာ၊ လောင်အောင့်နှင့် လောင်စန်း တို့သည် အသံကြားရာဘက်သို့ ပြေးလွှားနေ၏။

မှောင်မည်းသော ညဖြစ်သည့်အပြင် သစ်တောအုပ်အတွင်း၌ဖြစ်၍ သုံးပေ အကွာအဝေးထက် ပို၍ မြင်နိုင်စွမ်းမရှိချေ။

သို့သော်.... လောင်တာ၊ လောင်အောင့်၊ လောင်စန်းတို့သည် ထူးဆန်းသော လူသုံးဦး ဖြစ်သည်နှင့်အညီ ထူးဆန်းသော ကြောင်မျက်လုံး သိုင်းပညာကို တတ်မြောက်ထား၏။

သို့ဖြစ်၍.... မှောင်မည်းသော ည ဖြစ်သော်လည်း သူတို့သုံးဦးအတွက် ခဲယဉ်းမှု မရှိချေ။

သူတို့သုံးဦးသည် အတန်ကြာအောင် ပြေးလွှား နေရာမှ လောင်တာက ရုတ်တရက် မြောက်ဘက်အရပ်သို့ လက်ညှိုး ထိုးပြရင်း....

'ဟော့.... ပေ ငါးရာအဝေးမှာ အိမ်တစ်လုံး ရှိတယ်၊ မီး ရောင်လဲရှိတယ်'

ဟု ပြောလိုက်၏။

လောင်အော့က ပြေးလွှားနေရာမှ လောင်တာ ညွှန်ပြရာသို့ ကြည့်ရင်း....

'လောင်တာ၊ မင်းမှားပြီ၊ ပေ ၅၅၈ ဝေးတယ်'

လောင်စန်းက

'မင်းတို့ နှစ်ယောက်လုံး မှားတယ်၊ ပေ ၅၃၀နဲ့ ၉လက်မ ဝေးတယ်'

ဟု ငြင်းခုံလိုက်၏။

သူတို့သည် ဤသို့ ငြင်းခုံနေသော်လည်း သူတို့၏ ပြေး လွှားနေသော နှုန်းကို မလျှော့ချေ။

မကြာမီမှာပင် သူတို့သည် အိမ်ကလေး၏ ခြံဝင်းရှေ့သို့ ရောက်ရှိလာ၏။

လောင်တာသည် ခြံဝင်းရှေ့သို့ ရောက်သည်နှင့် ရုတ်တရက် ခြေလှမ်း ရပ်တန့်လိုက်ပြီး

'အင်း– ပြင်းလိုက်တဲ့ သွေးညှီနံ့'ဟု ပြောလိုက်၏။

ပြီးမှ ခြံဝင်းထဲသို့ ဝင်ရောက်သွားလေ တော့၏။

လောင်အော့က လောင်တာ၏ နောက်မှ လိုက်ဝင်ရ မှတ်ချက်ချ၏။



'အင်း၊ ကြည့်ရတာ ဝက်သတ်တဲ့ နေရာတော့ မဖြစ်နိုင်ဘူး'

လောင်စန်းက တွေးတွေးဆဆဖြင့်

'ဒါပေမယ့် ဒီနေရာဟာ သတ်တဲ့နေရာ ဖြစ်တယ်၊ သတ်တာက ဝက်တော့မဟုတ်ဘူး၊ အဘိုးကြီး ဖြစ်နေတယ်'

ပြီးမှ သူသည် ရေတွင်းဘေးမှ အလောင်း တစ်လောင်းကို ဆွဲယူလာ၏။

ဆံပင် ဖြူဖွေးနေသော အဘိုးအို တစ်ဦး၏ အလောင်း ဖြစ်၏။

အဘိုးအို၏ အဝတ်အစားက ရိုးရိုးစင်းစင်းဖြစ်၍ တောင်ယာ လယ်သမားတစ်ဦးဖြစ်ဟန်တူ၏။

လောင်အော့က မျက်မှောင်ကုတ်၍

'သူက ဘာဖြစ်လို့ သေရတာလဲ'

'အင်း သူကတော့ ပြောပြနိုင်မယ် မထင်ဘူး၊ ဒါပေမယ့် ဟောဒီမြားက သူ့ရဲ့နောက်ကျောကို ဖောက်ပြီး ဝင်လာတော့ သူ့ရဲ့အသက်က မြားဝင်တဲ့ အပေါက်က ထွက်သွားတာ ဖြစ်မှာပေါ့'

လောင်စန်းက အဘိုးအို၏ နောက်ကျော၌ စိုက်ဝင်နေသောမြားတံကို ညွှန်ပြ၍ ပြောလိုက်၏။

ထိုအချိန်တွင် လောင်တာသည် အိမ်ထဲသို့ ဝင်ရောက်သွားလေသည်။

အတန်ကြာသောအခါ အိမ်အတွင်းမှ လောင်တ၏ အသံ ပေါ်လာ၏။

'ဟော့၊ မင်းတို့ ဒီမှာ လာကြည့်စမ်း'

လောင်တ၏အသံကြောင့် လောင်အော့နှင့် လောင်စမ်းတို့ သည် အိမ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

သူတို့အိမ်ထဲသို့ ရောက်သည်နှင့် မျက်လုံး ပြူးသွားကာ တစ်ပိုင်တည်း ရေရွတ်မိလိုက်ကြတော့သည်။

'ဟာဆူးစိကဲ့ပါလား'

* * *

ဆူးစိကဲ့။

နတ်မင်းလေးပါး အဖွဲ့ချုပ် ဆူးစိကဲ့ဖြစ်၏။

သို့သော်.... ယခုအချိန်၌ ဆူးစိကဲ့သည် ခုံပေါ်၌ ထိုင်မနေ ပါ။ ရပ်၍လည်း မရပါ။ ကြမ်းပေါ်၌ အိပ်နေ၏။ ထာဝရ အိပ်စက် အနားယူခြင်းမျိုးဖြင့် အိပ်နေ၏။

လောင်စန်းက ဆူးစိကဲ့၏ အလောင်းကို ငုံ့ကြည့်ရင်း—

'သူက ဘာလို့ သင်္ချိုင်းမှာမသေဘဲ ဒီမှာ လာသေ ရတာ လဲ'ဟု ပြောလိုက်၏။



လောင်တက တစ်ချက် စဉ်းစားရင်း....

'ဟုတ်ပြီ၊ ဟိုအဘိုးကြီး နောက်ကျောကမြားဟာ ဆူးစိကဲ့ရဲ့မြား ဖြစ်ရမယ်'

လောင်အော့က ဦးခေါင်း ခါယမ်းရင်း....

'အင်း.... ဒီလူဟာ မြားပညာမဆိုးဘူး၊ ဒါပေမယ့် စိတ်သဘောယုတ်တယ်၊ ငါ့မှာ သမီးရှိရင်သူနဲ့ မပေးစားဘူး'

လောင်တက မျက်မှောင်ကုတ်ရင်း....

'မြားပညာမဆိုးဘူး၊ သိုင်းပညာလဲ့ အဆင့် မြင့်တယ်၊ ဒါပေမယ့် ဘာလို့သေရတာလဲ'

လောင်စမ်းက ဆူးစိကဲ့ကို သေချာစွာ ငုံ့ကြည့်ရင်း....

'သူက မြားပညာရော သိုင်းပညာရော တော်ပေမယ့် ကတ်ကြေးပညာ မတော်လို့ဘဲ၊ ကြည့်ပါလား သူ့လည်ပင်းနောက်မှာ ကတ်ကြေး တစ်လက်စိုက်နေတယ်၊ ကတ်ကြေးပေါ်မှာ သူ့ရဲ့သွေး စွန်းနေတယ်'

လောင်အော့က....

'မင်းရဲ့ နောက်ဆုံးစကားက ပိုမနေဘူးလား'

လောင်စန်းက....

'မင်း မေးတာကမှ ပိုနေတာ၊ မမေးသင့်ဘဲ မေးနေလို့'

လောင်တက လက်ကာပြရင်း....

'တော်ကြ၊ ငါတို့ ဒီကိုလာတာ လူကယ်ဖို့၊ မင်းတို့စကားများဖို့မဟုတ်ဘူး'

လောင်အော့က အံ့ဩဟန်ဖြင့် မျက်ခုံးတစ်ချက် ပင့်လိုက်၏။ ပြီးမှ တဟဲဟဲရယ်မောရင်း....

'ဘယ်သူ့ကို ကယ်မှာလဲ၊ ဒီလူသေ နှစ်ကောင်ကို ပြန်ရှင်အောင် ကယ်တဲ့နည်း မင်း သိလို့လား'

ဟု မေးလိုက်၏။

လောင်တက မျက်မှောင်ကုတ်ကာ....

'လူသေကိုတော့ ဘယ်မှာကယ်လို့ရမလဲ၊ ငါတို့ကို ကယ်ပါလို့အော်တဲ့ မိန်းကလေးကို လာကယ်တာ'

လောင်စန်းက ပခုံးတစ်ချက် တွန့်ရင်း....

'ဒါပေမယ့် ဒီမှာ မိန်းကလေးတော့ မရှိဘူး၊ ခြင်ပျံ့ရှိတယ်၊ ပြီးတော့ အရမ်းကိုက်တယ်'

ဟု ပြောလိုက်၏။ တစ်ဆက်တည်းမှာပင် လက် နှစ်ဘက်ဖြင့် ခြင်ရိုက်နေ၏။

လောင်အော့က ဦးခေါင်း ညိတ်ကာ....

'ဒီတစ်ခါ လောင်စန်းပြောတာ မှန်တယ်၊ အခုဆို ငါ့ခြင်ကိုက်ခံရတာ ခုနစ်ခါ ရှစ်ခါ ရှိနေပြီ၊ ဒါပေမယ့် မိန်းကလေးကလဲကိုက်တယ်'

လောင်စန်းက မျက်မှောင်ကုတ်ကာ

'မိန်းကလေး လူကိုကိုက်သလား'

'ကိုက်တာပေါ့၊ ခြင်ထက် အဆဘစ်ရာလောက် ကိုက်တယ်'

လောင်စန်းက ဦးခေါင်း တစ်ချက် ကုတ်လိုက်ရင်း....



'နေပါဦး၊ မင်းက ဘာဖြစ်လို့ ၉၉ ဆ၊ ဒါမှမဟုတ် ၁၀၃ ဆလို့ မပြောရတာလဲ'

လောင်အော့က....

'ခြင်ထက် ဘယ်နှစ်ဆပိုကြောင်း မင်းဘာသာမင်း ကြည့်ပြီးတွက်ယူ'ဟု ပြောလိုက်၏။

လောင်စန်းက မျက်မှောင်ကုတ်ကာ....

'ငါက ဘာကိုကြည့်ပြီး တွက်ယူရမှာပဲ'

'ဆူးစိကျဲ့ရဲ့ ညာဘက် လက်ဆစ်ပေါ်မှာကြည့်ပြီး တွက်ယူ'

လောင်အော့၏ စကားကြောင့် လောင်တနှင့် လောင်စန်းတို့သည် ဆူးစိကျဲ၏ ညာဘက်လက်ဆစ်ကို ကြည့်လိုက်၏။

ဆူးစိကျဲ၏ ညာဘက် လက်ဆစ်ပေါ်၌ နက်ရှိုင်းသော သွားရာတစ်ခုကို တွေ့ရ၏။

လောင်စန်းက သေချာစွာကြည့်ပြီးနောက် သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ....

'အင်း.... ဒါဟာ ခြင်ကိုက်တာ မဟုတ်ဘူးနဲ့ တူတယ်'

လောင်တက....

'မဟုတ်ဘူး၊ ခြင်ရဲ့ပါးစပ်က ဒီလောက်မကြီးဘူး'

လောင်စန်းက တစ်ချက်စဉ်းစားလိုက်ရင်း....

'ရောမကြီးတဲ့ခြင်ဆိုယင် မဖြစ်နိုင်ဘူးလား'

လောင်တက ဦးခေါင်းခါယမ်းလိုက်ပြီး....

'ခြင်မှာ သွားမရှိဘူး'

'ခြင်ကလေးတွေမှာ သွားမပေါက်ပေမယ့် ရောမခြင်ကြီးကျတော့ သွားပေါက်ချင် ပေါက်မှာပေါ့'

လောင်တက စိတ်မရှည်ဟန်ဖြင့်....

'ဘူ့ အမေမှပဲ'

လောင်အော့က တစ်စုံတစ်ရာပြောရန် ပါးစပ်ဟလိုက်စဉ် လောင်စန်းက ဝင်ရောက်၍....

'လောင်တ ဆရာကမှာ'

လောင်စန်း၏စကားမဆုံးမီ လောင်တက....

'ငါသိတယ်၊ မရှည်နဲ့'ဟု စကားကိုပိတ်၍ ပြောလိုက်၏။

ပြီးမှ လေပူတစ်ချက် မှုတ်ထုတ်ကာ....

'ဟူး....ငါတို့က ငြင်းနေတာထက် မိန်းကလေးကိုရှာတွေ့ဖို့ အရေးကြီးတယ်'

လောင်စန်းက....

'ငါတို့ရှာရမယ့်လူက မိန်းကလေးဆိုတာ သေချာရဲ့လား'

လောင်အော့က ဝင်ရောက်၍....

'ဒါဟာ မိန်းကလေးရဲ့သွားရာဆိုတာ ထင်ရှားနေတာပဲ'

လောင်တက ဦးခေါင်းညိတ်ကာ....

'ဒီတစ်ခါ လောင်အော့ပြောတာ မှန်တယ်၊ လောင်စန်းက အတွေးအခေါ်နုသေးတယ်'

ဟု ပြောလိုက်၏။

လောင်စန်းက မကျေနပ်ဟန်ဖြင့် မျက်မှောင်ကုတ်ကာ....



'ကောင်းပြီ၊ ဒါဖြင့် အဲဒီမိန်းကလေးက ဘယ်မှာလဲ၊ လူရိပ်လဲမတွေ့ဘူး၊ အလောင်းလဲမတွေ့ဘူး၊ မြေလျှိုးသွားတာလား'

လောင်အော့က လောင်စန်း၏စကားကြောင့် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် မိမိနဖူးကို လက်ဝါးဖြင့်ရိုက်ရင်း....

'ဟုတ်ပြီ၊ မြေလျှိုးတာမဟုတ်ဘူး၊ ရေငုပ်တာ'

လောင်အော့၏စကားကြောင့် လောင်တနှင့် လောင်စန်း တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်၏။

ပြီးမှ လောင်စန်းက နားမလည်ဟန်ဖြင့်–

'ဘယ်သူက ရေငုပ်တာလဲ'

လောင်အော့က....

'မိန်းကလေး'

'သူက ဘာလို့'

သူ၏စကားကို ဆက်၍မပြောဘဲ ရုတ်တရက် ရပ်တန့်လိုက်ပြီး တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် လောင်အော့ကို ကြည့်ကာ....

'ရေတွင်းထဲကို မိန်းကလေးက ခုန်ချသွားတယ်လို့ မင်းပြောချင်တာလား'

ဟု မေးလိုက်၏။ လောင်အော့က ဦးခေါင်းညိတ်ပြလိုက်သည်။

**လောင်တက တစ်ချက်ပြုံးလိုက်ပြီး....**

'ဒီတစ်ခါ လောင်အော့မှန်းတာ မှန်သွားပြီ၊ငါတို့ မြန်မြန် ကယ်ရမယ်'

ဟု ပြောလိုက်၏။

ထို့နောက် သူတို့(၃)ဦးသည် အိမ်ထဲမှ ပြေးထွက်သွားလေတော့၏။

* * *

မိန်းကလေးတစ်ယောက် ဖြစ်သည်။

ရုပ်ရည် ချောမောလှပသော မိန်းကလေး တစ်ယောက် ဖြစ်သည်။

မိန်းကလေး၏မျက်နှာသည် ဖြူဖွေး၍နေသည်။

နဂိုက ဖြူဖွေးသည်ဖြစ်စေ၊ မဖြူဖွေးသည်ဖြစ်စေ ယခုအချိန်၌ မိန်းကလေး၏ မျက်နှာသည် ဖြူဖွေးနေသည်မှာ အမှန်ဖြစ်၏။

လောင်တ လောင်အော့နှင့် လောင်စန်းတို့သည် မိန်းကလေးကို ရေတွင်းထဲမှ ဆယ်ယူခဲ့ရ၏။



လောင်တာက မိန်းကလေး၏မျက်နှာကို အကဲခတ် ကြည့်ရှုပြီး....

'အင်း....မကောင်းတဲ့မိန်းမတော့ မဟုတ်ဘူး'

လောင်စန်းက

'ကောင်းတဲ့ မိန်းမလို့ မင်းက ဘာအထောက်အထားနဲ့ ပြောတာလဲ'

လောင်အော့က မျက်မှောင်ကုတ်လိုက်ပြီး

'အဓိပ္ပာယ် မရှိတာ မပြောနဲ့၊ အရေးကြီးတာက သူ သေနေပြီလား၊ မသေသေးဘူးလား ဆိုတာပဲ'

လောင်တာက

'မသေသေးဘူး'

လောင်အော့က တစ်ချက် စဉ်းစားလိုက်ပြီး

'ကျုပ် ကွေးတာ မမှားဘူးဆိုရင်....'

လောင်အော့၏ စကားမဆုံးမီ လောင်စန်းက ဝင်ရောက်၍ 'မှန်တာပေါ့'ဟု ပြောလိုက်၏။

လောင်အော့က မျက်မှောင် တစ်ချက် ကြုတ်ကာ

'မင်းက ဘာမှန်တာလဲ'

လောင်စန်းကလည်း မျက်မှောင်ကုတ်ကာ

'မင်းက ဘာမမှားတာလဲ'

လောင်တာက လက်ကာပြရင်း

'တိတ်....သူ့အမေမှပဲ'

'ဆရာက မှာထားတယ်၊ မဆဲရ'

လောင်အော့နှင့် လောင်စန်းက ကပျာကယာ ဝင်ရောက်၍ ပြိုင်တူ ပြောလိုက်လေသည်။

ပြီးမှ လောင်အော့က ဦးခေါင်း တညိတ်ညိတ်ဖြင့်

'ဆူးစိကျဲက မိန်းကလေးကို စော်ကားလိမ့်မယ်၊ ဒီတော့ မိန်းကလေးက ဆူးစိကျဲရဲ့ လက်ကို လိုက်ကိုက်ပြီး ကတ်ကြေးနဲ့ ထိုးလိုက်တာ ဖြစ်ရမယ်'

လောင်တက ပြုံး၍ ဦးခေါင်းညိတ်ကာ ဝင့်ကြွားသောလေသံဖြင့် ပြော၏။

'အင်း....လောင်အော့က ငါ့လောက်နီးနီး တွေးခေါ်တတ်လာပြီပဲ'

လောင်တ၏ စကားကြောင့် လောင်အော့၏ မျက်နှာ ရှုံ့မဲ့သွား၏။

လောင်စန်းက မျက်မှောင် ကုတ်၍ တစ်ချက် စဉ်းစားလိုက်ပြီး

'အင်း....ဆူးစိကျဲက ဟိုအဘိုးကြီးကို သတ်ရမယ်၊ ပြီးတော့ ဒီမိန်းကလေးကို မတော်မတရားလုပ်ဖို့ ကြိုးစားရမယ်၊ ဒီမှာတင် မိန်းကလေးက ဆူးစိကျဲကို သတ်တာ ဖြစ်ရမယ်'

လောင်အော့က သဘောကျစွာ တစ်ချက် ရယ်မောလိုက်ပြီး



'မထင်မှတ်ဘူး....မထင်မှတ်ဘူး၊ မင်းရဲ့ အတွေးက ငါ့ရဲ့ အတွေးအတိုင်းပဲ၊ ဒါပေမယ့် နည်းနည်း လိုသေးတယ်'

သူ့စကားကြောင့် လောင်စန်း၏ မျက်နှာသည် အရုပ်ဆိုးစွာ ရှုံ့မဲ့သွားပြီး

'မတတ်နိုင်ဘူး၊ ငါ့ရဲ့ အတွေးနဲ့ ကောက်ချက်ချတာက အလျင်ဖြစ်နေတော့ မင်းကသာ ငါ့ရဲ့ အတွေးကို လာတူဘာ၊ ငါက မင်းရဲ့ အတွေးကို တူတာ မဟုတ်ဘူး'

'မင်းက အငယ်ပဲ၊ ဒါကြောင့် အတွေး တစ်ခုဟာလဲ ကြီးရာက ငယ်ရာကို စီးဆင်းသွားတာ ဖြစ်တယ်၊ ဒါကြောင့် ငါ့ရဲ့ အတွေးကို ငါက မပြောမီ မင်းက ပြောတာ ဖြစ်ရမယ်'

လောင်တက ကလက်ာပြရင်း

'တော်တော့....စကားမများနဲ့၊ ဘာပဲ ပြောပြော ငါက မင်းတို့ထဲမှာ အကြီးဆုံး၊ အမှန်တော့ ငါ့ရဲ့ သွန်သင်မှုကြောင့် မင်းတို့ အခုလို ငါ့လောက်နီးနီး တွေးခေါ်တတ်လာတာ'

ဟု ပြောလိုက်လေသည်။

လောင်တ၏ စကားကြောင့် လောင်အော့နှင့် လောင်စန်းတို့သည် မျက်နှာ ရှုံ့မဲ့၍ တစ်ယောက်နှင့် တစ်ယောက် လှမ်းကြည့်လိုက်မိလေတော့၏။

လောင်တက ဦးခေါင်းကို အနည်းငယ် မော့ရင်း

'အင်း....ဒီမိန်းကလေးက ဆူးစိကဲ့ကို သတ်ပြီး လူသတ်မိပြီဆိုတာ သိတော့ စိတ်ညစ်သွားမယ်၊ ပြီးတော့ သူ့ရဲ့ ဖခင်လဲ ဆူးစိကဲ့ရဲ့ မြားချက်နဲ့ သေတာမြင်တော့ ဝမ်းနည်းနာကျည်းပြီး ဆောက်တည်ရာမရ ဖြစ်မယ်၊ ဒါနဲ့ နောက်ဆုံး ရေတွင်းထဲ ခုန်ချတာ ဖြစ်ရမယ်၊ ဘယ့်နှယ်လဲ ငါမှန်းတာ မမှန်ဘူးလား'

'မှန်တယ်၊ တစ်စက်မှ မမှားဘူး'

ယင်းစကားကို လောင်အော့နှင့် လောင်စန်းတို့က ပြောလိုက်ခြင်း မဟုတ်ပါ။

ယင်းစကားကို ပြောလိုက်သူမှာ မိန်းကလေး ကိုယ်တိုင်ပင် ဖြစ်ပါသည်။

မိန်းကလေးသည် ပြန်လည်သတိရလာစဉ် လောင်တ၏ စကားများကို ကြားလိုက်သဖြင့် ရုတ်တရက် သတိရလာကာ ထိုသို့ပြောလိုက်ပြီး ငိုလိုက်လေတော့၏။

လောင်အော့က မျက်လုံးမျက်ဆန်ပြူးကာ လက်ကာပြရင်း....

'ဟော့-ဟော့၊ မိန်းကလေး မငိုနဲ့'

မိန်းကလေးက ငိုရင်း....

'ကျွန်မဘာသာ ကျွန်မ ငိုတာ ရှင်တို့နဲ့ဘာဆိုင်လဲ'

ဟု ပြန်၍ ရန်တွေ့လိုက်၏။ လောင်အော့က ပခုံးတစ်ချက်တွန့်ရင်း....

'မင်းငိုတော့ ငါတို့ လဲငိုချင်လာတာပေါ့'



မိန်းကလေးကအငိုရပ်လိုက်ပြီး ခပ်မြန်မြန်ကလေးပြော၏။

'ကျွန်မ မငိုရင် ရှင်တို့လဲ ကျွန်မကိစ္စကို ဝင်ပြီးမစပ်စုရဘူး'

လောင်အော့ ဦးစွာ ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ မင်းကမငိုရင် ငါတို့ ဝင်ပြီးမစပ်စုဘူး'

'ကဲ....ဘေးဖယ်ပေးပါ'

မိန်းကလေးက လောင်အော့ကို တွန်းဖယ်ရင်း အိမ်ထဲသို့ ဝင်သွားလေတော့၏။

လောင်အော့က မိန်းကလေးအား ဘေးဖယ်ပေးရင်း ငေးကြောင်၍ ကြည့်နေလေသည်။

ပြီးမှ သူတို့သုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မိန်းကလေး၏နောက်မှ လိုက်သွားလေတော့၏။

*     *

မိန်းကလေးသည် ဆူးစိကဲ့၏ အလောင်းရှိရာသို့ လျှောက်သွား၏။

လောင်စန်းက မျက်ခုံးပင့်ကာ....

'အင်း-သူက ဆူးစိကျဲကို နောက်ထပ်တစ်ကိုက် ကိုက်ဦး မလား မသိဘူး'

ဟု တီးတိုးပြောလိုက်၏။ လောင်အော့က ဦးခေါင်းခါ ယမ်းကာ....

'ဟင့်အင်း-ကြည့်ရတာ သူ့ကိုယ်သူ တစ်ခုခုလုပ်မလို့နဲ့ တူတယ်'

လောင်တက မျက်မှောင်ကုတ်ရင်း....

'ဒါဆိုရင် တို့က ဘာလို့ရပ်ကြည့်နေရမှာလဲ'

လောင်တ၏စကားမဆုံးမီမှာပင် မိန်းကလေးသည် ဆူးစိကျဲ အလောင်းမှ ကတ်ကြေးကိုဆွဲယူကာ မိမိ၏ရင်ညွန့်သို့ ထိုးစိုက်ချလိုက် လေတော့၏။

လောင်အော့က မျက်လုံးပြူးကာ....

'မလုပ်နဲ့'ဟု လှမ်း၍အော်လိုက်၏။

တစ်ချိန်တည်းမှာပင် လောင်အော့၏ ခန္ဓာကိုယ်သည် မိန်းကလေးအနီးသို့ ရောက်ရှိသွားပြီး မိန်းကလေး၏လက်ထဲမှ ကတ်ကြေးလည်း လောင်အော့၏လက်ထဲသို့ ရောက်ရှိသွားလေ တော့သည်။

မိန်းကလေးက လောင်အော့ကို မျက်မှောင်ကုတ်၍ စူးစိုက် ကြည့်လိုက်ပြီး....



'ကျွန်မလဲ မငိုဘူး၊ရှင်က ဘာဖြစ်လို့ ကျွန်မကိစ္စကို ဝင်ပြီး စပ်စုရတာလဲ'

လောင်အော့က ချောင်းတစ်ချက်ဆိုးလိုက်ပြီး....

'တခြားကိစ္စဆိုရင်တော့ ဝင်ပြီးမစပ်စုပါဘူး၊ အခုကိစ္စကတော့ သေရေးရှင်ရေး ဖြစ်နေလို့ပါ'

မိန်းကလေးက နှုတ်ခမ်းတစ်ချက်မဲ့ကာ....

'ဟွန်း-သေတာတောင် လွတ်လွတ်လပ်လပ် မသေရပါလား၊ ဖယ်ပါ ဘယ်သူမှ ဝင်ပြီးမစပ်စုပါနဲ့'

ပြောပြောဆိုဆိုပင် လောင်အော့လက်ထဲမှ ကတ်ကြေးကို လုယူလိုက်၏။

လောင်အော့က ခန္ဓာကိုယ်ကို တစ်ချက် တိမ်းရှောင်လိုက်ရင်း....

'ဘယ်သူမှ ဝင်ပြီးမစပ်စုပေမယ့် ကျုပ်တို့ မှော်ဆရာကြီးသုံးယောက်ကတော့ စပ်စုရလိမ့်မယ်'

မိန်းကလေးက လောင်အော့အား အတန်ကြာအောင် စူးစိုက်ကြည့်လိုက်ပြီး....

'နေပါဦး ရှင်က ဘာလို့ ကျွန်မကိုကယ်ရတာလဲ'

လောင်အော့က ချောင်းတစ်ချက်နှစ်ချက်ဆိုးလိုက်ပြီးမှ....

'မင်းက အသက်ငယ်တယ်၊ ပြီးတော့ အဲ....ပြီးတော့ သိပ်လှတယ်'

မိန်းကလေးက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးရင်း....

'တကယ်လို့ ကျွန်မကရုပ်ဆိုးပြီး အဘွားကြီး ဖြစ်နေရင် တော့ ရှင်က အရေးမစိုက်ဘဲ လက်ပိုက် ကြည့်နေမှာပေါ့ ဟုတ်လား'

မိန်းကလေး၏ စကားကြောင့် လောင်အော့၏ မျက်နှာ ပေါ်၌ ရှက်ရွံ့သည့်အမူအရာ ပေါ်လာ၏။

ပြီးမှ လောင်အော့သည် သက်ပြင်းတစ်ချက်ချကာ....

'ဘာပဲဖြစ်ဖြစ် အသက် ၁၀၃ နှစ်ခွဲရှိတဲ့ အဘွားကြီးဆိုရင် တောင် ကိုယ့်ဘာသာကိုယ် အဆုံးမစီရင်သင့်ဘူး၊ ဒါကြောင့် မင်းဟာ အသက် ၁၀၃ နှစ်ခွဲရှိတဲ့ အဘွားကြီးဖြစ်လဲ ငါက တားရမှာပဲ၊ ဒီလို ကြောက်စရာကောင်းတဲ့အလုပ်မျိုးကို လုပ် ခွင့်ပြုမှာ မဟုတ်ဘူး'

လောင်အော့၏လေသံနှင့် အမူအရာသည် ရိုးစင်း၏။

လောင်အော့သာမက လောင်တနှင့် လောင်စန်းတို့သည် လည်း ရိုးစင်း၏။ကျုံဝမ်း မှော်ဆရာကြီးသုံးယောက်သည် နဂို ကတည်းက ဟန်ဆောင်တတ်သော လူစားများမဟုတ်ကြချေ။

မိန်းကလေးသည် အတန်ကြာအောင် စကားမပြောပဲ ငြိမ် သက်နေ၏။

သူမ၏နှုတ်ခမ်းများသည် တဆတ်ဆတ် တုန်လှုပ်နေ၏။

လောင်အော့က သက်ပြင်းတစ်ချက် ရှူလိုက်ပြီး....



'ဒီလို မကြုံကောင်းမစည်ရာ အတွေးမျိုးကို မင်းဦးခေါင်း ထဲက ထုတ်ပစ်လိုက်စမ်းပါ၊ သေခြင်းဆိုတဲ့ အရာက ဘယ် ပြဿနာကိုမှ ဖြေရှင်းမပေးနိုင်ဘူး၊ ဒါနဲ့ မင်းအဖေကလွဲပြီး မင်းမှာ ဆွေမျိုးသားချင်း မရှိတော့ဘူးလား'

မိန်းကလေးက ခပ်ပျော့ပျော့ကလေးပြုံးကာ....

'ကျွန်မမှာ ဆွေမျိုးသားချင်းရှိပါတယ်၊ ဒါပေမယ့် မရှိ တော့ဘူး'

လောင်အော့က မျက်လုံးပြူးကာ....

'ဟေ....မင်းစကားက ဘယ်လိုလဲ'

'ရောင်းပစ်လိုက်လို့ မရှိတော့တာ'

လောင်အော့ ဒုတိယအကြိမ် 'ဟေ'လိုက်၏။ ပြီးမှ....

'ဆွေမျိုးသားချင်းဆိုတာ ဘဲကောင်မှမဟုတ်ပဲ၊ ရောင်းလို့ ရလို့လား'

မိန်းကလေးက ဦးခေါင်းညိတ်ကာ....

'ရောင်းလို့ရလို့ ကျွန်မ ရောင်းလိုက်တာပေါ့'

လောင်အော့က မျက်ခုံးပင့်ကာ....

'မင်းရောင်းလိုက်တာ ဘယ်သူတုန်း'

မိန်းကလေးက မဖြေချင့်ဖြေချင် လေသံဖြင့်....

'ဝူရှောင်ပေါင်'

'ဝူရှောင်ပေါင် ဟုတ်လား၊ မင်းက သူနဲ့ ဘယ်လိုဆွေမျိုးတော်စပ်သလဲ၊ အစ်ကိုလား၊ မောင်လား၊ ဝမ်းကွဲတွေလား'

မိန်းကလေးက ဦးခေါင်းခါယမ်းရင်း....

'ကျွန်မရဲ့သား'

မိန်းကလေး၏ စကားကြောင့် လောင်အော့၏ မျက်ခုံးမွေး နဖူးပေါ်သို့ ခုန်တက်သွား၏။

ထိတ်လန့် အံ့ဩဟန်ဖြင့်....

'မင်းရဲ့သားကို မင်းက ရောင်းလိုက်တယ် ဟုတ်လား'

မိန်းကလေးက တစ်ချက် ရယ်မောလိုက်၏။

သူမ၏ ရယ်မောသံက ကြေကွဲသော ရယ်မောသံ ဖြစ်၏။ ထိုသို့ ရယ်မောပြီးမှ....

'ဟုတ်တယ်၊ သူ့အပေါ်မှာ ငါ မတရားခဲ့လို့ သူ့ကို ရောင်းပစ်တာ'

မိန်းကလေး၏ စကားက လောင်အော့ကို ဦးနှောက်ခြောက်စေ၏။

လောင်အော့သည် မိန်းကလေး၏ စကားကို နားမလည်ဟန်ဖြင့် ဦးခေါင်း တစ်ချက် ကုတ်ကာ....

'မင်းစကားက တကယ်လို့ မင်းရဲ့ သားအပေါ်မှာ တရားခဲ့ရင် သူ့ကို မရောင်းပစ်ဘူးပေါ့'

မိန်းကလေးက ဦးခေါင်း ညိတ်လိုက်၏။



'ဒါကို ပြောဖို့လိုသေးလား၊ ဘယ်သူမဆို ကိုယ့်သားသမီးကို ကိုယ့်ဘေးမှာပဲ ရှိစေချင်မှာပေါ့၊ တစ်အိမ်လုံး ပျော်ရွှင်ရမှာပေါ့၊ တကယ်လို့သာ ကျော်မကောင်း ကြားမကောင်းလို့ ကျွန်မကို အစိတ်စိတ်ပိုင်းပြီး သတ်လဲ ကျွန်မသားကို ရောင်းမှာ မဟုတ်ဘူး'

မိန်းကလေး၏ စကားက နားလည်ရန် ခက်၏။

လောင်အော့သည် ဦးခေါင်းကို ကုတ်ရင်း....

'ကဲ....ကဲ.... မိန်းကလေး၊ မင်းက ငါတို့ကို တည့်တည့်ပဲ သာပြော၊ ငါတို့ မင်းကို အစွမ်းကုန် ကူညီမယ်'

ဟု ပြောလိုက်၏။ မိန်းကလေးက မဲ့ပြုံး ပြုံးလိုက်ပြီး....

'ရှင့်မှာ လူစိတ် ရှိပေမယ့် ရှောင်ပေါင်ရဲ့အဖေက လူစိတ်မရှိဘူး၊ ဒါကြောင့် ရှင်တို့ ကူညီနိုင်မှာ မဟုတ်ဘူး'

လောင်အော့က တစ်ချက် ပြုံးလိုက်ပြီး....

'ကိစ္စမရှိပါဘူး၊ ရှောင်ပေါင်ရဲ့အဖေက ဘယ်သူလဲ၊ ဘယ်မှာရှိလဲ၊ ကျုပ်တို့ ကူညီပါ့မယ်'

မိန်းကလေးက နာကျည်းဟန်ဖြင့် နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်ပြီး....

'ရှောင်ပေါင်ရဲ့ အဖေက စူကန်လိန်တဲ့၊ ကျွန်မရဲ့ချစ်သူပဲ၊ ဒါပေမယ့် ရှောင်ပေါင်ကို မမွေးခင်မှာ သူက ငွေနှစ်ရာထားခဲ့ပြီး ကျွန်မကို ပစ်သွားတော့တာပဲ'

လောင်အောင့်က ဒေါသထွက်ကာ....

'ငွေနှစ်ရာ ဟုတ်လား၊ ဒီငွေနှစ်ရာက ဘာအသုံးကျမှာလဲ၊ မသကာ ငွေ နှစ်ထောင်ဆိုရင် တော်သေးတာပေါ့'

မိန်းကလေးက မျက်မှောင်ကုတ်၍ ကြည့်ကာ....

'ငွေ နှစ်ထောင်ရော ကျွန်မက ဘာလုပ်ရမှာလဲ' ဟု ခပ်ဆတ်ဆတ် လေသံဖြင့် ပြောလိုက်၏။

လောင်အောင့်က ကပျာကယာ ဦးခေါင်း ညိတ်ပြရင်း....

'ဟုတ်တယ်၊ နှစ်သောင်းနှစ်သိန်းပေးလဲ ဘာအသုံးကျမှာလဲ၊ အလကားလူ၊ သားမယားကို ပစ်ပြီး တာဝန်မယူတဲ့ လူဘိရစ္ဆာန်နဲ့ အတူတူပဲ' ဟု ပြောလိုက်၏။

လောင်အောင့်၏ စကားကြောင့် မိန်းကလေးသည် ရှိုက်၍ ငိုလိုက်လေသည်။

ထို့ကြောင့်.... လောင်အောင့်က နှစ်သိမ့်စကား ပြော၏၊

'မငိုနဲ့မိန်းကလေး၊ မငိုနဲ့၊ ငါတို့ မင်းကို ကူညီပါ့မယ်'

လောင်တက ငြိမ်သက်စွာ နားထောင် နေရာမှ လော့ တစ်ချက် မှုတ်ထုတ်လိုက်ပြီး....

'ဝူကန်လိန်က အတော် တာဝန်မဲ့တဲ့ လူပါလား၊ ဖမ်းပြီး အစိတ်စိတ် အမြွှာမြွှာ ခုတ်ပစ်ဖို့ ကောင်းတယ်၊ ဒါပေမယ့် လောလောဆယ် မှာတော့ ငါတို့ ရှောင်ပေါင်ကို ပြန်ဝယ်ရ လိမ့်မယ်'



လောင်စန်းက ဦးခေါင်းကို တဆတ်ဆတ် ညိတ်ကာ ထောက်ခံလိုက်၏။

'ဟုတ်တယ်၊ တစ်ယောက်လုံး ဝယ်မရတောင် တစ်ဝက် တော့ ရအောင် ဝယ်ရမှာပဲ'

လောင်စန်း၏ စကားကြောင့် လောင်အောင့် မျက်လုံးပြူး ကာ....

'မင်းက ဘဲကင်ဝယ်တာ မှတ်လို့လား၊ လူတစ်ယောက်ကို တစ်ဝက် ပြန်ဝယ်လို့ ဘယ်ရမလဲ၊ တစ်ဝက်ပြန်ဝယ်ရင် သေ ရောပေါ့ မဟုတ်ဘူးလား'

လောင်စန်းက ဦးခေါင်းကို ခါယမ်းရင်း....

'မဆိုးပါဘူး၊ မရှိတာနဲ့စာရင် တော်သေးတာပေါ့' ဟု ပြောလိုက်၏။

လောင်စန်း၏ စကား ဆုံးသည်နှင့် လောင်တက လက် ကာပြရင်း....

'တိတ်....မင်းရဲ့ စကားက အဓိပ္ပာယ်မရှိဘူး၊ နောက်တစ်ခါ အကျိုးမရှိတဲ့ စကား ပြောရင် မင်းကို ငါရိုက်ရလိမ့်မယ်'

လောင်စန်းမှာ ပခုံး တစ်ချက် တွန့်လိုက်ပြီး ပါးစပ် ပိတ် ထားလိုက်လေတော့၏။

လောင်အောင့်က မိန်းကလေးကို တစ်ချက်မျှ စူးစိုက် ကြည့် လိုက်ပြီး မေးခွန်းထုတ်၏။

'မင်းရဲ့ သားနာမည်က ဝူရှောင်ပေါင်၊ မင်းရဲ့ ခင်ပွန်းက ဝူကန်လင်န်၊ အဲ....မင်းရဲ့ နာမည်ကရော'

မိန်းကလေးက နှုတ်ခမ်း တစ်ချက် ကိုက်လိုက်ပြီး....

'ချူလီလျံ'

လောင်အော့က ဦးခေါင်း တစ်ချက် ညိတ်ကာ မှတ်ချက် ချပြန်၏။

'ချူလီလျံ....မဆိုးဘူး၊ မင်းရဲ့နာမည်က မင်းလိုပဲလှတယ်၊ အင်း....ဝူကန်လင်န်က မင်းလို လှတဲ့ ဇနီးကို ဘာလို့ ဂရုမစိုက်သလဲ ဆိုတာ ငါ နားမလည်နိုင်အောင်ပဲ'

လောင်တက ချူလီလျံကို ကြည့်ရာမှ ဆူးစိကဲ့၏အလောင်းကို လှမ်းကြည့်ရင်း....

'ဒါနဲ့ ဒီလူက ဘာလို့ ဒီကို ရောက်လာရတာလဲ'

လောင်တ၏ စကားအဆုံးတွင် မိန်းကလေးသည် အားရပါးရ ငိုချလိုက်၏။

အတန်ကြာမှ မိန်းကလေးသည် အငို ရပ်တန့်လိုက်ပြီး....

'သူ....သူ....သူ့ကို ဝူကန်လင်န်က ဒီကို လွှတ်လိုက်တာတဲ့'

လောင်အော့က မျက်မှောင်ကုတ်ရင်း....

'ဝူကန်လင်န်က သူ့ကို ဘာလို့ ဒီကို လွှတ်လိုက်တာလဲ'

မိန်းကလေး၏ မျက်နှာပေါ်၌ ရှက်သွေးများ ဖြာ၍နေရဲပြီး လေသံဖြင့်....



'ဝူ....ဝူကန်လင်န်က ကျွန်မကို မလိုချင်တော့ဘူးတဲ့၊ ပြီးတော့ သူ့ကိုပေးလိုက်ပြီတဲ့၊ အဲဒါ....သူက....သူက....ကျွန်မနဲ့နေဖို့....'

မိန်းကလေး၏ အသံသည် တိုးဝင်၍ ပျောက်ကွယ်သွားတော့၏။

လောင်အော့က မျက်လုံး ပြူးကျယ်ကာ ဒေါသသံဖြင့် ပြစ်တင် ရှုတ်ချလိုက်၏။

'တောက်....အရှက်မရှိတဲ့ ခွေးကောင်၊ ဝူရှောင်ပေါင်မှာ ဒီလို အဖေမျိုးရှိတာ တကယ်ပဲ သူ့ရဲ့အမေမှာ သုံးဘဝလောက် ကံဆိုးတယ်'

လောင်တက လက်ကာပြရင်း....

'စကားမရှည်နဲ့တော့၊ ငါတို့ ရှောင်ပေါင်ကို အလျင်သွားရှာရအောင်'

လောင်အော့က ဦးခေါင်း ညိတ်လိုက်ပြီး ချူလီလျံကို လှည့်၍ကြည့်ရင်း မေး၏။

'ဟုတ်တယ်၊ အခု ရှောင်ပေါင် ဘယ်မှာရှိသလဲ'

ချူလီလျံက သက်ပြင်း တစ်ချက် ချလိုက်ပြီး....

'လျှိုဖန်ခြံကို ရောင်းလိုက်တယ်'

လောင်စန်းက မျက်ခုံး တစ်ချက် ပင့်တင်လိုက်ရင်း....

'လျှိုဖန်ခြံ ဟုတ်လား၊ အဲဒီ လျှိုဖန်ခြံက စိန်ရှန်ဟောင်က သူဌေးကြီး ကျူဟိုကျောက်ရဲ့ ခြံပဲ'

လောင်အော့က....

'ဒါဆို ငါတို့ ကူညီနိုင်ပါတယ်'

ချူလီလျံက နှုတ်ခမ်း တစ်ချက် ကိုက်ကာ....

'လျှိဖန်ခြံက အစိမ်းရောင်တိုက်ပဲ'

လောင်စန်းက လက်ကာပြရင်း....

'အစိမ်းရောင်ပဲ ဖြစ်ဖြစ်၊ အပြာရောင်ပဲ ဖြစ်ဖြစ် ငါတို့ ဝူရှောင်ပေါင်ကို ခေါ်ထုတ်ရမှာပဲ၊ ပြီးမှ ဟို ဝူကန်လိန်ကို ဆုံးမရမယ်'

လောင်အော့က ဦးခေါင်းညိတ်ရင်း....

'ဒီတစ်ခါ မင်းရဲ့ အတွေးက မဆိုးဘူး၊ ဒီအတိုင်း လုပ်ရမယ်'

ဟု ပြောလိုက်၏။

လောင်တက မျက်တောင် တစ်ချက် ခတ်ရင်း အဖြေ တောင်းခံလိုက်၏။

'ဒီလူသေ နှစ်လောင်းကို ဘယ်လို လုပ်မလဲ'

လောင်စန်းက ဦးခေါင်း တစ်ချက် ကုတ်ရင်း....

'ဟိုအခေါင်းကိုလဲ ငါတို့က ခွေးသား ကင်လိုက်တယ်၊ နို့မဟုတ်ရင် အခေါင်းတစ်ခုထဲ အလောင်းနှစ်လောင်း ထည့်လိုက်လို့ရတယ်'

လောင်တ မျက်နှာ ရှုံ့မဲ့လိုက်၏။



'ဟို ဆူးစီကဲ့အတွက် အခေါင်း လိုပါမလား၊ ဒီလို လူစားမျိုးကို မမြှုပ်ဘဲ ထားတာ ကောင်းတယ်'

'ဟုတ်တယ်၊ ဒါပေမယ့် အဘိုးကြီးကိုတော့ ဒီအတိုင်း ထားလို့ မကောင်းဘူး'

လောင်အော့၏စကားအဆုံးတွင် လောင်စန်းက ဟားဟား ဟား ရယ်မောလိုက်ပြီး....

'ကျုပ်မှာ အကြံရှိပါတယ်'

လောင်တနှင့် လောင်အော့တို့သည် အံ့ဩဟန်ဖြင့် မျက်ခုံး များ မြင့်တက်သွား၏။ မယုံကြည်ဟန်ဖြင့် ပြိုင်တူမေးလိုက်၏။

လောင်စန်း၏မျက်နှာ ရှုံ့မဲ့၍ သွားသော်လည်း ဘာမျှ ပြန်လည်မပြောပဲ အိမ်ထဲမှ ထွက်သွားလေတော့၏။

လောင်တ လောင်အော့တို့သည် မိန်းကလေးကိုဆွဲ၍ အိမ်ထဲမှထွက်ကာ လောင်စန်းနောက်သို့ လိုက်ပါသွားလေတော့သည်။

လောင်စန်းက အဘိုးအို၏အလောင်းဘေး၌ ရပ်တန့်လိုက်ပြီး အင်္ကျီရင်ဘတ်ကြားမှ ပုလင်းငယ်တစ်လုံးကို ထုတ်ယူလိုက်လေသည်။

လောင်အော့က လောင်စန်းလက်ထဲမှ ပုလင်းကို မြင်တွေ့သဖြင့် ပြုံးရယ်ကာ....

'ကျုပ်သိပြီ၊ မင်းက ပုပ်စော်မနံအောင် အလောင်းကို ရေမွှေးဖြန်းပေးခဲ့မလို့ မဟုတ်လား'

လောင်စန်းက ရယ်မောလိုက်သော်လည်း လောင်အောင့်ကို ဘာမျှပြန်မပြောပါ။

သူသည် ပုလင်းအဖုံးကိုဖွင့်၍ ပုလင်းထဲမှ အဝါရောင် အရည်များက အဘိုးအို၏ အလောင်းပေါ်သို့ လောင်းချ လိုက်၏။

တခဏအတွင်းမှာပင် အလောင်းမှ အဖြူရောင်အငွေ့ များ ပေါ်ထွက်လာလေတော့၏။

လောင်တာက မျက်လုံးပြူးကာ လောင်စန်းအား အထိတ် တလန့် မေး၏။

'လောင်စန်း ဒါ အလောင်းဖျောက် ငရဲမီးဆေးရည် မဟုတ်လား၊ မင်း ဘယ်ကရသလဲ'

လောင်စန်းက တဟားဟား ရယ်မောရင်း....

'လွန်ခဲ့တဲ့နှစ်လလောက်က အောင့်ယားမြို့ပေါ်မှာ ချင်ဝှမ် ဝူက လူသတ်သမားတစ်ယောက်ကို သတ်လိုက်တယ်၊ အဲဒီ လူသတ်သမားရဲ့ အင်္ကျီထဲက ဒီဆေးရည်ပုလင်း နှစ်လုံးကို ချင်ဝှမ်ဝူ ရှာတွေ့ခဲ့တယ်၊ တစ်ပုလင်းကိုတော့ ချင်ဝှမ်ဝူက အဲဒီ လူသတ်သမားရဲ့အလောင်းပေါ် လောင်းခဲ့တယ်၊ ကျုပ်ကလဲ ကျန်တဲ့ဆေးရည်ကို ချင်ဝှမ်ဝူဆီက လုယူထားလိုက်တာ၊ အခုမှ အသုံးတည့်တော့တယ်'

ထိုအချိန်ကလေးအတွင်းမှာပင်....



အဖြူရောင်အခိုးအငွေ့များပျက်ပြယ်သွားပြီး အဘိုးအို၏ အလောင်းသည် အရိုးစုတစ်ခုအဖြစ်သာ ကျန်ရှိတော့သည်။

နောက်ထပ် အချိန်အနည်းငယ်အတွင်းမှာပင် ထိုအရိုးစုသည် တဖြည်းဖြည်း အရည်ပျော်ကာ နောက်ဆုံး၌ မည်သည့် အရာမျှ မကျန်ရှိတော့ချေ။

ချူလီလျံသည် ကြောက်စရာ ကောင်းသည့် မြင်ကွင်းကို မကြည့်ရဲသည့်အလား မျက်စိကို မှိတ်ထားလေသည်။

လောင်အောင့်က သဘောကျစွာ တစ်ချက်ရယ်မောလိုက်ပြီး 'မဆိုးဘူး၊ ရှင်းလင်းသွားတာပဲ၊ ဟင်း-ဟင်း၊ ကန်တော့ စရာတောင် မကျန်တော့ဘူး'

လောင်စန်းက ချူလီလျံ၏ပခုံးကို တစ်ချက်ပုတ်ရင်း....

'မိန်းကလေး အခု မင်း စိတ်ချလက်ချနဲ့ ရှောင်ပေါင်ကို ရှာနိုင်ပြီ'

ချူလီလျံသည် အတန်ကြာအောင် ငေး ငိုင် နေပြီး မှ အံတစ်ချက်ကြိတ်ကာ အခိုင်အမာ ပြောလိုက်တော့၏။

'ကောင်းပြီ၊ ဒါဆို ကျွန်မတို့ လျှိဖန်ခြံကိုသွားမယ်'

*

* *

လျှိဖန်ခြံသည် ပေချောင်းမြို့ပေါ်တွင်ရှိ၏။

အချိန်မှာ ညဥ့်နက်ပိုင်းသို့ ရောက်ရှိနေပြီ ဖြစ်၏။

သို့တိုင်အောင် ပေချောင်းမြို့သည် စည်ကားနေဆဲ ဖြစ်၏။

လောင်တတို့လူစုသည် ပေချောင်းမြို့ပေါ်မှ လျှိုဖန်ခြံဝင်းသို့ ရောက်လာ၏။

လောင်တက ပိတ်ထားသော ခြံဝင်းတံခါးဝ၌ ရပ်တန့်ကာ အတန်ကြာအောင် အကဲခတ်နေ၏။

ပြီးမှ သူ၏မျက်နှာပေါ်တွင် အပြုံးရိပ်တစ်ခုပေါ်လာပြီး လောင်အော့တို့ဘက် လှည့်ကာ....

'အန့်အသက်က မရှိဘူး၊ သူကြွယ်အိမ်နဲ့တူတယ်'

လောင်အော့က....

'သူကြွယ်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် စူရှောင်ပေါင်ကို အလျင်ရှာထုတ်ရမယ်'ဟု ပြောလိုက်၏။

ထိုစဉ် ရုတ်တရက် လျှိုဖန် ခြံထဲမှ....

'ကယ်ပါ....ကယ်ပါ' ဟူသော အော်ဟစ်သံ ထွက်လာ၏။

အသံက ကလေး တစ်ယောက်၏ အသံ ဖြစ်၏

ယင်းအသံကြောင့် လောင်အော့သည် ရုတ်တရက် ငေးငိုင်ကာ လောင်တအား လှမ်း၍ မေးလိုက်၏။

'ဒီနေ့ ဘာနေ့လဲ'

လောင်တက မျက်မှောင်ကုတ်ရင်း....

'ဘာလုပ်မလို့လဲ'

လင်းဝေ့ဝေ
သိုင်းသမားသုံးဖော်
အမှတ် ၁၅ / ၁၃၈၊

လောင်အော့က ဦးခေါင်း တစ်ချက်ဆတ်ဆတ်ညိတ်ကာ....

'ဒီနေ့ ဘာကြောင့် ယောကျ်ား မိန်းမ ကြီးကြီးငယ်ငယ်တွေက ငါတို့ကို ကယ်ခိုင်းနေရတာလဲ'

လောင်အော့၏ စကား မဆုံးမီမှာပင်လျှိုဖန်ခြံထဲ၌ အသက်ရှစ်နှစ် ကိုးနှစ်ခန့်ရှိသော အစိမ်းရောင် ဝတ်စုံနှင့် ယောကျ်ားတစ်ယောက်သည် အမူအရာ ပျက်စွာဖြင့် ခြံဝင်း တံခါးပေါက်ဆီသို့ ပြေးလာနေလေသည်။

လောင်အော့က 'ကျွတ်....ကျွတ်'ဟု စုတ်တစ်ချက် သပ်လိုက်ပြီး....

'ဒီချာတိတ် မျက်နှာစိမ်းနေတယ်၊ ပြေးတာလဲ မြန်တယ်၊ တကယ်လို့ ဒီချာတိတ် ကြီးလာရင် လူကြီး ဖြစ်လိမ့်မယ်'

ဟု တင်ကြို၍ ဟောကိန်းထုတ်၏။

လောင်တက မေးစေ့ကို လက်ဖြင့် ပွတ်သပ်ရင်း အားကျမခံ ဝင်ပြော၏။

'အင်း.... ငယ်ငယ်ရွယ်ရွယ်နဲ့ ကယ်ပါ...ကယ်ပါလို့ အော်တတ်ရင် ကြီးတဲ့အခါ အကြံကောင်း ဉာဏ်ကောင်း ပြည့်စုံပြီး လှပချောမောလိမ့်မယ်'

'လှပချောမောတယ်ဆိုတာ မိန်းမမှသုံးတာ၊ ယောကျ်ားဆိုရင် လှပခန့်ညားတယ်လို့ ပြောရမယ်၊ မင်းမှားတယ်၊ ပြင်ပြောလိုက်'

လောင်တာက မျက်မှောင်ကုတ်၍ လောင်စန်းကို ကြည့်ရင်း...

'မိန်းမတွေအတွက် သုံးတဲ့ စကားတချို့ကို ကလေးတွေမှာ သုံးလို့ရတယ်၊ မင်း ဘယ်လောက် နားလည်လို့လဲ'

ထိုစဉ်.... လောင်အော့က မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်

'ဩော်.... ဒီလိုကိုး'ဟု ရေရွတ်လိုက်၏။

လောင်တနှင့် လောင်စန်းတို့က လောင်အော့ကို လှမ်းကြည့်ရင်း....

'ဘာ.... ဒီလိုကိုလဲ'

လောင်အော့က ခြံဝင်းထဲသို့ ညွှန်ပြရင်း....

'ချာတိတ်ကို ဒီလောက် မျက်နှာပျက်ပြီး မောဟိုက်နေအောင်ဒုက္ခပေးနေတဲ့လူကို မတွေ့ဘူးလား၊ အင်း.... ကလေးကို သနားသောအားဖြင့် ငါတို့ ကယ်ရလိမ့်မယ်'

လောင်အော့၏ စကားကြောင့် လောင်တနှင့် လောင်စန်းတို့သည် နောက်မှလိုက်လာသောလူကို သတိပြုမိလေသည်။

ထိုလူသည် အဝါရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး သူ၏ မျက်နှာတစ်ခုလုံး၌ လူသတ်ငွေ့များနှင့် ပြည့်နှက်နေ၏။

သူ၏လက်ထဲ၌လည်း သံမဏိဓား တစ်လက်ကို ကိုင်စွဲထားသေး၏။



ထိုစဉ်... ချူလီလျံက ရုတ်တရက် အော်ဟစ် လိုက်လေတော့၏။

'ရှောင်ပေါင်၊ သား ..သား.... မေမေ ဒီမှာရှိတယ်'

သူ့အော်သံကြောင့် လောင်တ၊ လောင်အော့နှင့် လောင်စန်းတို့သည် ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

ပြီးမှ.... သူတို့သည် ချူလီလျံကို ကြည့်ကာ....

'မင်းရဲ့သားက ဘယ်မှာလဲ၊ ငါတို့ မတွေ့ပါလား'

ဟု ပြိုင်တူ မေးလိုက်၏။

ချူလီလျံက လျှိုဖန်ခြံထဲမှ ပြေးလာသော ချာတိတ်ကို ညွှန်ပြရင်း....

'အခု ပြေးလာတာ ကျွန်မသားပေါ့'

လောင်တ၊ လောင်အော့နှင့် လောင်စန်းတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

ပြီးမှ လောင်အော့သည် လေပူတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်ပြီး....

'မင်း ဘာလို့ စောစောက မပြောတာလဲ'

ထိုအချိန်၌ ပြေးလွှားနေသော ဝူရှောင်ပေါင်သည် သူ၏ ခြေထောက်များကို မလှုပ်နိုင်တော့သည့် အလား မြေပေါ်သို့ လဲကျသွားလေတော့၏။

ဝူရှောင်ပေါင်၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာ
သော အဝါရောင် ဝတ်စုံနှင့်လူသည် မြေပေါ်သို့ လဲကျနေ
သော ဝူရှောင်ပေါင်၏ အနီးသို့ ရောက်လာကာ လက်ထဲ
သံမဏိဓားကို ဝင့်၍ ဝူရှောင်ပေါင်၏ ခန္ဓာကိုယ်ပေါ်သို့ ခုတ်
ချလိုက်လေတော့၏။

* * *

သံမဏိ ဓားရောင်တစ်ချက် ဝင်းလက်သွား၏။

တစ်ချိန်တည်းမှာပင် လူရိပ်တစ်ရိပ်က သံမဏိ ဓားရော
အောက်သို့ ကျရောက်လာ၏။ တစ်ဆက်တည်း မှာပင်...
'ဖုံး'ဟူသော လက်ဝါးရိုက်သံ တစ်ချက် ပေါ်ထွက်လာ
ပြီး သံမဏိဓား ကိုင်ထားသော အဝါရောင်ဝတ် လူသည်
နောက်သို့ ခြေလှမ်းနှစ်လှမ်းမျှ ဆုတ်ခွာသွားရ၏။

ထိုလူရိပ်မှာ လောင်စန်းပင် ဖြစ်၏။

လောင်စန်းသည် ဝင်းတံခါးပေါ်မှ ခုန်ကျော်ခါ အဝါ
ရောင်ဝတ်လူ၏ ရင်အုပ်ပေါ်သို့ လက်ဝါးတစ်ချက် ရိုက်
လိုက်ခြင်း ဖြစ်၏။



လောင်စန်းသည် တစ်ဆက်တည်း ခန္ဓာကိုယ်ကို ဘေးကို
စောင်းကာ နှလုံးဖောက် ခြေစောင်းဖြင့် အဝါရောင်ဝတ်လူ
အား ကန်ရန် ဟန်ပြင်လိုက်၏။

သို့သော်.... လောင်တာက ဝင်းတံခါးကို ခုန်ကျော်ရင်း

'ရပ်.... ဒီကောင့်ကို အရှင် ဖမ်းရမယ်'

ဟု အော်ဟစ်လိုက်လေသည်။

ထို့ကြောင့်.... လောင်စန်းသည် မိမိခြေထောက်ကို ပြန်
လည်ရုပ်သိမ်းလိုက်ပြီး တပြိုင်တည်း အဝါရောင်ဝတ် လူ၏
သွေးကြော ငါးနေရာကို ပိတ်လိုက်၏။

လောင်စန်း၏ လှုပ်ရှားမှုက လျင်မြန်လွန်းသဖြင့် လောင်တာ
စကားအဆုံး၌ပင် အဝါရောင်ဝတ် လူအား သွေးကြော
ပိတ်ပြီး ဖြစ်၏။

ထိုအချိန်တွင် လောင်အော့က ဝင်းတံခါးကို ဖွင့်ပြီး ဝင်
ရောက်လာကာ ဝူရှောင်ပေါင်ကို ပွေ့ထူလိုက်ရင်း စိုးရိမ်သော
လေသံဖြင့်

'မင်း ဘာဖြစ်သေးလဲ'

ဝူရှောင်ပေါင်က ဦးခေါင်း ခါယမ်းပြလိုက်ပြီး လောင်
အော့၏ နောက်မှ ပြေး၍ လိုက်ပါလာသော ချူလီလျံကို
မည်းနက် တောက်ပြောင်သော မျက်လုံးများဖြင့် ကြည့်နေ
လေသည်။ ပြီးမှ

'မေမေ'ဟု အော်ဟစ်လိုက်လေသည်။

ချူလီလျံက 'သား'ဟု တစ်ချက် ခေါ်ကာ လောင်အော့လက်ထဲမှ ဝူရှောင်ပေါင်ကို ပွေ့ချီလိုက်လေသည်။

'မေမေက ဘာလို့ သားကို လာမကြည့်တာလဲ၊ ဟိုမိန်းမကြီးက သားကို နေ့တိုင်း ရိုက်တယ်၊ အခုလဲ သူတို့က သားကို ဓားနဲ့ ခုတ်မလို့တဲ့'

ဝူရှောင်ပေါင်က ပြောရင်း ငိုလေတော့၏။

ချူလီလျံက ဝူရှောင်ပေါင်ကို ဖက်၍ ဘာမျှ ပြန်လည် မပြောဘဲ ငိုလိုက်လေသည်။

လောင်တက မျက်မှောင်ကုတ်ရင်း

'ဒါ မျက်ရည်ကျဖို့ မလိုဘူး ထင်တယ်'

လောင်အော့က ဦးခေါင်း ခါယမ်းလိုက်ရင်း

'ဒီလိုမှ မျက်ရည်မကျရင် သားအမိ ပြန်ဆုံတာ ယုတ္တိမရှိတော့ဘူး'

ထိုအချိန်တွင် လောင်စန်းက အဝါရောင်ဝတ် လူ၏အင်္ကျီကို ဆွဲရင်း ကြိမ်းမောင်း မေးမြန်းနေ၏။

'မင်း ဘယ်သူလဲ၊ မှန်မှန်ပြော၊ မပြောရင် သတ်မယ်'

အဝါရောင်ဝတ်လူ၏ မျက်နှာပေါ်၌ မည်သို့မျှ မပြောင်းလဲချေ။ မထိမဲ့မြင် အပြုံးပင် ပေါ်လာ၏။



ထို့ကြောင့် လောင်စန်းက ဦးခေါင်းကို ခါယမ်းလိုက်ရင်း ထပ်မံ၍ ခြိမ်းခြောက်ပြန်၏။

'မင်းကို သတ်မယ်ဆိုတာ ခွေးတွေ ကြောင်တွေလို သင်းသတ်မှာ'

ထိုအခါမှ အဝါရောင်ဝတ် လူ၏ မျက်နှာပေါ်တွင် ချွေးများ စီးကျကာ မျက်စိမျက်နှာ ပျက်လာ၏။

အတန်ကြာမှ ထိုအဝါရောင်ဝတ် လူသည် ပျာပျာသလဲဖြင့် အမှန်အတိုင်း ပြောလိုက်လေသည်။

'ကျွန်တော့်နာမည် တိန်းဖျောင်းပါ'

လောင်အော့က အေးစက်စွာ တစ်ချက် ရယ်မောလိုက်ပြီး

'ဒီနာမည်က အတုပဲ၊ ဒီကောင်ရဲ့ ဘယ်ဘက် နားရွက်ကို ဆုတ်ပစ်မှ အမှန်အတိုင်း ပြောမယ်ထင်တယ်'

အဝါရောင်ဝတ် လူက ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

'ကျွန်တော် မလိမ်ပါဘူး၊ တိန်းဖျောင်းဟာ ကျွန်တော့် နာမည် အစစ်ပါ'

သူ၏ စကားမဆုံးမီမှာပင် ဘယ်ဘက်နားရွက်၌ ရုတ်တရက် နာကျင်သော ဝေဒနာ တစ်ရပ်ကို ခံစားလိုက်ရလေတော့သည်။

တစ်ဆက်တည်းမှာပင် မိမိ၏ မျက်စိရှေ့သို့ လောင်စန်း၏ လက်တစ်ဖက် ရောက်ရှိလာပြီး လောင်စန်း၏ လက်ထဲ၌ မိမိ၏ နားရွက်ကို မြင်တွေ့လိုက်ရလေတော့၏။

ရုတ်ခြည်းပင် အဝါရောင်ဝတ် လူသည် ကြောက်လန့်ကာ မူးမိုက်၍ မေ့တော့မည်ကဲ့သို့ ဖြစ်သွား၏။

သို့သော် လောင်အော့က အေးစက်စွာ ရယ်မောလိုက်ရင်း

'မင်း မေ့လဲတော့မလို့လား၊ မင်း မေ့လဲတာနဲ့ မင်းကို အသားတုံး ရှစ်တုံးဖြစ်အောင် ငါက ပိုင်းပစ်မယ်'

ဟု ကြိမ်းမောင်းလိုက်၏။

အဝါရောင် လူသည် နာကျင်လွန်းသော ဝေဒနာကို မျိုသိပ်ရင်း

'မ-မမေ့လဲပါဘူး'ဟု ပြောလိုက်လေသည်။

အမှန်တော့ အဝါရောင်ဝတ် လူသည် နားရွက် တစ်ဖက် ခုတ်ဖြတ်ခြင်းကြောင့် နာကျင်ကာ မေ့မျော သွား ခဲ့လျှင် အကြောင်း ထူး မည် မဟုတ် သော် လည်း လောင်အော့၏ အေးစက်သော လေသံဖြင့် ပြောလိုက်သည့် စကားကြောင့် မေ့မျောရန် မဖြစ်သဖြင့် စိတ်ကို တင်း ထား လိုက် ရ ခြင်း ဖြစ်၏။

လောင်အော့က အေးစက်စွာ ရယ်မောလိုက်ပြီး

'ကဲ....ငါမေးမယ်၊ မင်းနာမည် ဘယ်လိုခေါ်သလဲ၊ဒီတစ်ခါ မှန်မှန်မပြောရင် မင်းရဲ့ နှာခေါင်းကို တစ်လက်မတိတိ ဖြတ်ပစ်မယ်'

အဝါရောင်ဝတ်လူက 'ကံဆိုးလိုက်တာ'ဟု တီးတိုး ရေရွတ်လိုက်လေသည်။



အမှန်မှာ အဝါရောင်ဝတ် လူ၏ အမည်သည် တိန်းဖျောင်ပင် ဖြစ်သည်။

သို့သော် လောင်အော့က လက်မခံချေ။

သို့ဖြစ်၍ ယခုတစ်ကြိမ် တိန်းဖျောင်းဟု ဖြေလျှင် မိမိ၏ နှာခေါင်း တစ်လက်မ ထပ်၍ လှီးဖြတ်ခံရကာ လူစင်စစ် နှာခေါင်းမှ ဝက်နှာခေါင်း အဖြစ် ပြောင်းလဲသွားမည်မှာ မလွဲချေ။

ထို့ကြောင့် တိန်းဖျောင်းသည် အတန်ကြာအောင်စဉ်းစားလိုက်ပြီးမှ လိမ်လည် ပြောဆိုလိုက်လေသည်။

'ကျွန်တော့်နာမည် စူဟိုက်ကျန်ပါ'

ထိုအခါမှ လောင်အော့သည် ကျေနပ် နှစ်သက်ဟန်ဖြင့် ပြုံးကာ

'အင်း....တကယ်ပဲ အခေါင်းတွေ့မှ မျက်ရည်ကျ ဆိုသလို နားရွက် တစ်ဖက် မရှိတော့မှ မင်းက အမှန်ပြောတာပဲ'

ပြောပြောဆိုဆိုပင် တိန်းဖျောင်း၏ အင်္ကျီရင်ဘတ်ကြားထဲသို့ သူ၏ နားရွက်ကို သေချာစွာ ထည့်ပေးရင်း

'ငါက ဆုကြေး ဒဏ်ကြေးကို ခွဲခွဲခြားခြား ပေးတတ်တယ်၊ မင်း လိမ်ပြောတဲ့အတွက် ငါက ဒဏ်ကြေး အနေနဲ့ မင်း နားရွက်ကို ဖြတ်လိုက်တာ၊ အခု မင်းက အမှန်ပြောတဲ့အတွက် ဆုကြေးအနေနဲ့ မင်းရဲ့ နားရွက်ကို လက်ခံပါ'

တိန်းဖျောင်းသည် လောင်အောင့်ကိုနားမလည်စွာကြည့်ရင်း ငိုရအခက် ရယ်ရအခက် ဖြစ်နေလေတော့သည်။

ပြီးမှ ဦးခေါင်းညိတ်ကာ

'ဆရာကြီးရဲ့ ဆုကြေးကို ကျွန်တော် လက်ခံပါတယ်၊ ဆရာကြီးရဲ့ ကျေးဇူးကိုလဲ ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး'

တိန်းဖျောင်းအနေဖြင့် ဤအဖြစ်အပျက်ကို ဘယ်တော့မှ မေ့မည် မဟုတ်ပါ။

လောင်အောင့်က သဘောကျစွာ ရယ်မောလိုက်ပြီး ယဉ်ကျေး သိမ်မွေ့သောလေသံဖြင့်....

'ကျုပ် နောက်တစ်ခွန်းလောက် မေးပါရစေ'

ထိုစကားကြောင့်တိန်းဖျောင်း၏ရင်ထဲ၌ထိတ်လန့်သွား၏။

တစ်ဆက်တည်းမှာပင် နောက်ထပ် မည်သည့်ပစ္စည်းများ လိုးဖြတ်ခံရမည်နည်းဟု တွေးလိုက်မိ၏။

အလျင်အမြန်ပင် ဦးခေါင်းညိတ်ကာ....

'မေးပါ၊ ကျွန်တော် အမှန်အတိုင်း ဖြေပါ့မယ်'

'မင်းမှာ စိတ္တဇရောဂါရှိသလား'

လောင်အောင့်၏စကားကြောင့် တိန်းဖျောင်းသည် မျက်လုံးပြူးကာ....

'ဗျာ' ဟု တစ်ခွန်းတည်း ရေရွတ်လိုက်မိလေသည်။

ပြီးမှ ဦးခေါင်းကို လျင်မြန်စွာခါယမ်းလိုက်ရင်း....



'ကျွန်တော်မရူးပါဘူး'

လောင်အောင့်က ဦးခေါင်းတစ်ချက် ညိတ်လိုက်၏။

'မင်းရဲ့ရုပ်ရည်ကြည့်ရတာ အရူးနဲ့မတူဘူး၊ အင်း....မင်းက ရူးနေတယ်လို့ပြောလဲ ငါမယုံဘူး'

လောင်စန်းက ...

'သူက ရူးတယ်လို့ပြောရင် မင်းကဘာလုပ်မလဲ၊ သင်း သတ်လိုက်မလား'

လောင်အောင့်က လက်ကာပြရင်း....

'ဒါက ပြောစရာမလိုဘူး၊ ကြည့်တာနဲ့ လိမ်ပြောတယ်၊ မပြောဘူးဆိုတာ သိတယ်'

တိန်းဖျောင်းက သက်ပြင်းတစ်ချက်ကို မသိမသာချရင်း....

ဤတစ်ကြိမ်၌ မိမိကံကောင်းသွား၏။ နောက်တစ်ကြိမ် မေးခွန်း၌ မိမိ ကံကောင်းနိုင်ပါ့မလားဟု တွေးမိ၏။

ထိုစဉ် လောင်အောင့်က....

'မင်းမရူးရင် ဘာလို့ ဓားယူပြီး ကလေးကို လိုက်သတ်ရတာလဲ'

တိန်းဖျောင်းက ဝမ်းနည်းကြေကွဲသော မျက်နှာဖြင့်....

'ကျွန်တော့်မှာ တစ်ချိန်လုံး ကြွေးတင်နေတယ်၊ အခုတစ်လော ဖဲရိုက်တာ ရိုက်တိုင်းရှုံးပဲ၊ အကြွေးတွေ ထပ်ထပ်ပြီး တင်လာတယ်၊ ဆရာကြီးချူဆီမှာ ငွေ ၃၀၀၊ သူဌေးကျွန်း

ဆိမှာ ၂၇၅ ကျပ်၊ ဆရာကြီးထန်ဆိမှာ ၅၆ ကျပ်၊ ချင်းဘွားဘွားဆိမှာ ၂၀နဲ့ ငွေတုံး ၇ တုံး၊ ရှောင်လီဆိမှာ (၇) ကျပ်ခွဲ၊ ထောင်ရှောက်မာဆိမှာ (၃)ကျပ်ခွဲ၊ သခင်မ ချူးဆိမှာ (၁၀)ပြား၊ ပြီးတော့'

လောင်အော့က လက်ကာပြရင်း....

'တော်တော့ မင်းအကြွေးစာရင်းကို ဘာလို့ ငါ့လာပြောရတာလဲ၊ ငါနဲ့ ဘာဆိုင်လို့တုန်း'

တိန်းဖျောင်းက မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်ပြီး....

'ဟုတ်ပါတယ်၊ ဆရာကြီးနဲ့မဆိုင်ပါဘူး၊ ဒါပေမယ့် ဒီအကြွေးတွေဝိုင်းနေလို့ အခုလို အောက်တန်းကျတဲ့ အလုပ်ကို လုပ်ရတာပါ'

လောင်အော့က အံ့သြဟန်ဖြင့် မျက်ခုံးတစ်ချက် ပင့်လိုက်ပြီး....

'ဒီကလေးက သူကြွယ်လဲမဟုတ်ဘူး၊ မင်း သူ့ကိုသတ်လို့ သူ့ကိုယ်ပေါ်မှာ ငွေဘယ်နှစ်ပြား ရမှာတုန်း'

'ကလေးရဲ့ကိုယ်ပေါ်မှာ ငွေ တစ်ပြားမှမရှိပေမယ့် အဲဒီကလေးကိုသတ်ရင် ငွေသုံးထောင် ဆုကြေးရလိမ့်မယ်'

တိန်းဖျောင်း၏စကားကြောင့် လောင်အော့သည်'ဟော'ဟု အံ့သြဟန်ဖြင့် ရေရွတ်လိုက်၏။



ပြီးမှ မျက်မှောင်တစ်ချက်ကုတ်ကာ တစ်ယောက်တည်း ရေရွတ်လိုက်မိ၏။

'အင်း....ဒီကလေးကို ဆုငွေ ၃၀၀၀ ထုတ် ရအောင် ဒီကလေးက ဘာပြစ်မှုများ ကျူးလွန်ထားလို့လဲ၊ ဒီကြော်ငြာကို ကျုပ် မတွေ့မိပါလား'

လောင်စန်းက တစ်ချက်ပြုံးကာ....

'ဒီ နို့နံ့မစင်သေးတဲ့ ကလေးကို ဘယ်အရှူးက ဆုငွေ ၃၀၀၀ ထုတ်ရတာလဲ'

ဟု ဝင်၍ပြောလိုက်၏။

တိန်းဖျောင်းကတစ်စုံတစ်ရာကို ချီတုံချတုံ စဉ်းစားနေဟန်ဖြင့် တုံ့ဆိုင်းနေ၏။

လောင်အော့က စိတ်မရှည်သောလေသံဖြင့်....

'မြန်မြန်ပြော၊ ဘယ်အရူးက ဆုငွေ ၃၀၀၀ ထုတ်တာလဲ'

တိန်းဖျောင်းက ကြောက်ရွံ့တုန်လှုပ်သော လေသံဖြင့်....

'ကျွန်တော် မှန်တာပြောရင် ဆရာကြီးတို့ ယုံမှာမဟုတ်ဘူး၊ လိမ်ညာ ပြောတယ်ဆိုပြီး'

ဆက်၍မပြောဘဲ ရပ်တန့်ထားလိုက်၏။

လောင်အော့က တစ်ချက် စဉ်းစားလိုက်ပြီး....

'စိတ်ချ၊ မင်း ဒီတစ်ခါ မလိမ်ရဲဘူးဆိုတာ ငါတို့သိတယ်၊ မင်း ပြောမှာသာ ပြောပါ၊ ကျုပ် မင်းကို အသက်ရှင်ခွင့် ပေးမယ်'

ထိုအခါမှ တိန်းဖျောင်းသည် အသက်တစ်ချက် ရှူလိုက်ပြီး ရဲရဲတင်းတင်း ပြောချလိုက်၏။

'ကလေးကို သတ်ခိုင်းတဲ့လူက ချင်ရင်းဌာနက ချင်ဝှမ်ဝူပါ'

သူ့စကား ဆုံးသည်နှင့် လောင်စန်း၏ လက်ဝါးတစ်ချက်က တိန်းဖျောင်း၏ ပါးပြင်ပေါ်သို့ ကျရောက်လာ၏။

'ဖြန်း'ဟူသော အသံနှင့်အတူ တိန်းဖျောင်း၏ မျက်နှာသည် တစ်ဘက်သို့ ယိုင်သွား၏။

တစ်ဆက်တည်းမှာပင်....

'အလကားလူလိမ်၊ ချင်ဝှမ်ဝူက ဘာလို့ ကလေးကို သတ်ရမှာလဲ'

ဟူသော လောင်စန်း၏ အသံက ပေါ်ထွက်လာ၏။

တိန်းဖျောင်းက ကြောက်ရွံ့ ထိတ်လန့်သော မျက်လုံးများဖြင့် လောင်စန်းကို ကြည့်လိုက်ပြီး....

'ဒါ....ဒါ....ဒါတော့ ကျွန်တော် မသိဘူး၊ ကျွန်တော်အမှန်အတိုင်း ပြောနေတာပဲ'

လောင်စန်းက အေးစက်စွာ ရယ်မောလိုက်သည်။

'ဟင်း....ဟင်း....မင်းက နန်းတွင်းမှာ အပျိုရံ လုပ်ချင်ပြီနဲ့တူတယ်'

တိန်းဖျောင်း၏ မျက်နှာပေါ်၌ သွေးရောင်ကင်းမဲ့သွား၏။ တုန်ယင်ခတ်သော လေသံဖြင့်....



'ကျွန်တော် အမှန်တွေ ပြောတာပါ၊ မှော်ဆရာကြီး သုံးယောက်ရှေ့မှာ ကျွန်တော် မမှန်တာ မပြောရဲပါဘူး'

လောင်စမ်းက နှာခေါင်းတစ်ချက် ရှုံ့မဲ့လိုက်ပြီး....

'နည်းနည်းလောက်တော့ ဆုံးမလိုက်ဦးမှဘဲ'

ဟု ပြောကာ တိန်းဖျောင်း၏ နားရွက်တစ်ဖက်ကို လှီးဖြတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် လောင်တာက လက်ကာပြရင်း ဝင်ရောက် ပြောဆိုလိုက်လေသည်။

'သူ့ရဲ့ သွေးကြောကို ဖွင့်ပေးပြီး သူ့ကို လွှတ်လိုက်တော့'

လောင်အောင့်ကလည်း မျက်လွှာချကာ ဖြည်းလေးသော လေသံဖြင့်

'ဆရာက မကြာမကြာပြောဖူးတယ်၊ယုံကြည်မှုကင်းမဲ့ခြင်း ခံရတဲ့ လူဟာ ရပ်တည်လို့ မရဘူးတဲ့၊ ငါတို့ သူ့ကို လွှတ်ပေးမယ်လို့ ပြောပြီးပြီ၊ ကတိအတိုင်း သူ့ကို လွှတ်ပေးလိုက်ပါ၊ နို့မဟုတ်ရင် ငါတို့ကို လူတွေက ယုံကြည်မှု ကင်းမဲ့ပြီး ငါတို့ ရပ်တည်လို့ မရဘဲ ဆရာပါ မျက်နှာ ပျက်ရလိမ့်မယ်'

လောင်စန်းက ဦးခေါင်း တစ်ချက် ခါယမ်းလိုက်၏။

'ဒီလူ လိမ်ပြောနေတာ မဟုတ်ဘူးလို့ ဘယ်သူ သိမလဲ၊ ချင်ဝှမ်ဝူက ဒီကလေးနဲ့ ရန်ငြိုးရှိတယ် ဆိုတာ ဖြစ်နိုင်တယ်လို့

ဘယ်သူ သိမလဲ၊ ချင်ဝှမ်ဝူက လူသတ်သမားငှားပြီး ကလေးကို သတ်ခိုင်းတယ်ဆိုတာ ဟုတ်မဟုတ် ဘယ်သူ သိမလဲ’

လောင်အော့က လက်တစ်ချက် ဝှေ့ယမ်းပြရင်း

‘ချင်ဝှမ်ဝူက လူသတ်သမား ငှားပြီး ဝူရှောင်ပေါင်ကို ဘာကြောင့် သတ်ရသလဲဆိုတာ ငါတို့ တဖြည်းဖြည်း စုံစမ်းကြည့်မယ်၊ လောလောဆယ်မှာတော့ ဒီလူပြောတာ အမှန်တွေပဲ’

‘မင်းက ဘယ်လိုလုပ် သိသလဲ’

‘ဘယ်သူက သင်းသတ်ခံပြီး နန်းတွင်း အပျိုရံ လုပ်ရမယ့် ကိစ္စကို စွန့်စားပြီး လိမ်ရဲမှာလဲ’

လောင်တက လက်ဝှေ့ယမ်းပြရင်း

‘ဟုတ်တယ်၊ ပြီးတော့ ချင်ဝှမ်ဝူက လူကောင်း ဟုတ်မဟုတ် ဘယ်သူက သက်သေခံနိုင်မလဲ’

လောင်အော့က နှာခေါင်း တစ်ချက် ရှုံ့မဲ့ရင်း

‘လူကောင်း မဟုတ်ရင် လူဆိုးပေါ့’

လောင်စန်းက ဝင်၍ မှတ်ချက်ချ၏။

‘ဒါပေမယ့် သူ့ရဲ့ ဆရာ တုံးချုံအန်းကတော့ လူကောင်းပဲ’

လောင်အော့က ပြုံးလိုက်ပြီး....

‘ဆရာကဆရာ၊ တပည့်ကတပည့်ပဲ၊ ဆရာက လူကောင်း ဖြစ်ပြီး တပည့်က ခေါ်ပြတိုက်နေတာ အများကြီးပဲ’



လောင်တက လောင်အော့၏ စကားကို ထောက်ခံဟန်ဖြင့် ...ခေါင်းညိတ်လိုက်သည်။

‘မှန်တယ်၊ တပည့်တွေထဲမှာ ဆိုးသွမ်းတဲ့ တပည့် မရှိဘူး ...လို့ မပြောနိုင်ဘူး

လောင်စန်းကတစ်ချက်မျှစဉ်းစားလိုက်ပြီးမှတိန်းဖျောင်း၏ ...သွားကြောကို ဖွင့်ပေးလိုက်၏။

ပြီးမှ တိန်းဖျောင်းကို ကြည့်ရင်း အေးစက်သော လေသံ ဖြင့်....

‘မင်း သွားချင်တာ သွားလို့ရပြီ’

တိန်းဖျောင်းသည် မှော်ဆရာကြီး သုံးဦးက မိမိကို လွှတ် ...ငြိမ်းချမ်းသာခွင့် ပေးသဖြင့် တင်းတားသောစိတ်ကို လျော့ ...ချလိုက်လေသည်။

ထိုအခါ သူ့ခန္ဓာကိုယ်သည် ယခုမှ လွတ်လပ်စွာ မေ့မြော ...ခွင့်ရရှိပြီး မြေပေါ်သို့ လဲကျသွားတော့၏။

ထိုစဉ်.... လျှိုဖန်၏ ခြံအတွင်းမှ မိန်းကလေးတစ်ဦး ထွက် လာကာ ဝူရှောင်ပေါင်ကို လှမ်း၍....

‘ခွေးလေး၊ အဲဒီမှာရပ်ပြီး ဘာလုပ်နေတာလဲ၊ လာစမ်း၊ ...မမရမ်ရှဲ ခြေဆေးရေ သွန်ပေးလိုက်’

ထိုမိန်းကလေး၏ စကားကြောင့် လောင်အော့၏ မျက်နှာ ...ရှုံ့မဲ့သွား၏။

ချူလီလျှံ၏ မျက်နှာလည်း ဖြူဖွေး၍သွား၏။

ချူလီလျှံက မျက်စိမျက်နှာ ပျက်ကာ လောင်အောင့်ကို တိုးတိုးပြောလိုက်၏။

'ရှောင်ပေါင်ကို ဝယ်လိုက်တာ အဲဒီမိန်းမပဲ'

လောင်တကချူလီလျှံ၏ စကားကိုကြားဟန်ဖြင့် တစ်ချက်ပြုံးကာ....

'မပူပါနဲ့၊ လွယ်ပါတယ်၊ ရှောင်ပေါင်ကို ငါတို့ ပြန်ဝယ်လိုက်ရုံပေါ့'

ထိုအချိန်တွင် မိန်းကလေးသည် သူတို့၏အနီးသို့ ရောက်လာပြီး ဝူရှောင်ပေါင်၏ နားရွက်ကို လှမ်း၍ဆွဲကာ....

'ခွေးလေး၊ လာစမ်း'

သူမ၏စကား မဆုံးမီမှာပင် လောင်တက သူမ၏လက်ကို ဆုပ်ကိုင်၍ ဝူရှောင်ပေါင်၏ နားရွက်မှ ဖယ်ရှားလိုက်ရင်း...

'ရှောင်ပေါင်ကို ငါ ဝယ်မလို့'

မိန်းကလေးက မျက်လုံးပြူး၍ လောင်တကို ကြည့်လိုက်၏။

'ရှင်က ဘယ်သူလဲ၊ ခွေးလေးကို ဝယ်မလို့ ဟုတ်လား'

လောင်တက ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ်'

မိန်းကလေးက ဦးခေါင်းကို သွက်သွက် ခါယမ်းရင်း...



'ဘယ်သူက ရောင်းမယ် ပြောနေလို့လဲ'

လောင်တက....

'မရောင်းဘူးလား'

မိန်းကလေးက ဦးခေါင်း ညိတ်ကာ....

'မရောင်းဘူး'

ထိုစဉ် လောင်အောင့်က....

'မရောင်းရင် အလကား ယူရတာပေါ့'

'ဘယ်သူက အလကား ပေးမှာလဲ'

လောင်စန်းက သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်ပြီး....

'ဒါဆို လွယ်ပါတယ်၊ လုယူရတာပေါ့'

လောင်စန်းသည် စကားသံ ဆုံးသည်နှင့် မိန်းကလေး၏ မျက်နှာပေါ်သို့ လက်သီးတစ်ချက် ထိုးချလိုက် လေတော့၏။

အရိုးထိခိုက်သံ ခပ်အုပ်အုပ် တစ်ချက် ပေါ်ထွက်လာပြီး မိန်းကလေးသည် နောက်သို့လန်၍ လဲကျသွား လေတော့၏။

ချူလီလျှံက မျက်လုံးပြူးကာ လောင်စန်းကို ကြည့်လိုက်၏။

လောင်စန်းက ပုခုံးနှစ်ဘက်ကို တွန့်ပြရင်း မျက်ခုံးပင့်တင်ကာ....

'မိန်းကလေးကို လက်သီးနဲ့ မထိုးချင်ပါဘူး၊ ဒါပေမယ့် ဒီလိုမလုပ်လို့ မဖြစ်လို့ပါ'

လောင်တာက နှုတ်ခမ်းတစ်ချက်တွန့်၍ မဲ့ရင်း....

'ကဲ....ကဲ.... စကားအပို မပြောနဲ့တော့ ကျုပ်တို့ သွား ကြစို့'

လောင်စန်းက....

'ဘယ်သွားမှာတုန်း'

လောင်အော့က လော စန်းကို အ, ရန်ကော ဟူသော အကြည့်ဖြင့် ကြည့်လိုက်သည်။

'ချင်ဝှမ်ဝူကိုရှာပြီးစာရင်းရှင်းဖို့ပေါ့၊ ပြောဖို့ လိုသေးလာ

'ဒါဆို ငါတို့ ချင်ရင်းဌာနကို ပြန်သွားရမှာပေါ့'

'ချင်ရင်း ဌာနကို ပြန်မသွားလို့ ငါတို့က ဘယ်ကိုသွား မှာလဲ'

လောင်စန်းက ပုခုံးနှစ်ဘက် တွန့်ပြရင်း....

'ဒါဖြင့် ဒီသားအမိ နှစ်ယောက်ကရော'

လောင်တာက ဝင်ပြော၏။

'ငါတို့နဲ့မလိုက်လို့ သူတို့က ဘယ်သွားရမှာလဲ'

လောင်စန်းက နှုတ်ခမ်းတစ်ချက် တွန့်ရင်း....

'သူတို့က လိုက်ပါ့မလား'

လောင်အော့က ချူလီလျံကို လှမ်း၍ ကြည့်လိုက်ပြီး

'လိုက်မယ် မဟုတ်လား'



ချူလီလျံက သူတို့သုံးယောက်ကို အားကိုး တကြီးဖြင့် ကြည့်ကာ ပြော၏။

'ကျွန်မတို့ဘဝက ရေထဲမှာမျောတဲ့ ဗေဒါလိုပဲ ရှင်တို့ ဆရာကြီး သုံးယောက်ကပဲ ကျွန်မတို့ကို ဦးဆောင်ပါ'

လောင်အော့က ကျေနပ်စွာ တစ်ချက် ပြုံးလိုက်ပြီး....

'ဒါဆို မင်းတို့ စိတ်မပူနဲ့တော့၊ ငါတို့ကျုံဝမ် မှော်ဆရာ ကြီးသုံးယောက်သာ မင်းဘေးမှာ ရှိနေရင် ဒီလောကမှာ မင်းကို ဘယ်သူကမှမနှိပ်စက် ရဲ တော့ဘူး'

ဟု ဝင့်ကြွားစွာ ဆိုလိုက်၏။

လောင်တာက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး....

'ငါတို့ဒီမှာရပ်ပြီး စကား ပြောမှာလား၊ ချင်ဝှမ်ဝူကို ရှာ မှာလား' ဟု မေးလိုက်၏။

လောင်စန်းက ပြုံးကာ....

'လောင်တ ပြောတာ မှန်တယ်၊ ငါတို့ လျှာမရှည်သင့်ဘူး၊ အမှန်တော့ လျှာရှည်တာဟာ စကားများတာပဲ၊ စကားများ တော့ စကားထဲမှာ အဓိပ္ပာယ် ရှိတာရော မရှိတာရော ပါလာ မယ်၊ ပြီးတော့ နားထောင်ရတဲ့ လူလဲ စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ ငါတော့ လျှာရှည်တဲ့ လူကို မုန်းတယ်၊ မင်းတို့ စဉ်းစားကြည့်လေ၊ လျှာရှည်တဲ့ လူတစ်ယောက် စကား ပြော တော့ လေရှည်တယ်၊ ကြာတော့ ပြောပြီးသား အကြောင်း အရာတွေ ထပ်ကုန်တယ်၊ ဟော....ပြောရင်း ပြောရင်းနဲ့ စကား

ထဲမှာ အမှားပါလာတယ်၊ ဒီလောကမှာ လျှာရှည်တဲ့ လူကို ဘယ်သူကမှ သဘောကျမှာ မဟုတ်ဘူး၊ အဲ....လျှာရှည်တဲ့ အကျင့် ပါသွားရင် ပြင်လို့မရတော့ဘူး၊ အကြောင်းအရာတစ်ခု ကိုပဲ ထပ်တလဲလဲနဲ့ လျှာရှည်'

လောင်စန်း၏ စကားမဆုံးမီမှာပင် လောင်တာနှင့် လောင်အောင့်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး ပြိုင်တူ အော်ဟစ်လိုက်ကြလေတော့၏။

'လျှာမရှည်နဲ့'

I Love သဲ

I love

* * *

I love you I love you.

မှောင်မည်းသော ည ဖြစ်သည်။

ချူလီလျံတို့ သားအမိ ပါလာသဖြင့် လောင်တာတို့ ခရီးသွားနှုန်းသည် နှေးကွေးနေ၏။

သည်ကြားထဲ ချူလီလျံတို့ သားအမိသည် ပင်ပန်း၍ ခြေလှမ်းများ တဖြည်းဖြည်း နှေးကွေးလာသဖြင့် ပက်ကျိကပင် သူတို့ကို ဖြတ်ကျော်နိုင်သော အနေအထားတွင် ရှိ၏။

I love you



မည်သို့ပင် ဆိုပါစေ အရှေ့ မိုးကုပ်စက်ဝိုင်း၌ ရောင်နီ သမ်းလာချိန်တွင် သူတို့သည် ဟုန်ဟွားကျီသို့ ရောက်ရှိလာ၏။

ဟုန်ဟွားကျီသည် အော့ယားမြို့နှင့် မိုင်နှစ်ဆယ်မျှ ဝေးကွာသော အရပ်၌ ရှိ၏။

ထိုအချိန်တွင် လူထူးလူဆန်း ကျုံဝမ် မှော်ဆရာကြီး သုံးယောက်၏ ဝမ်ဗိုက်ထဲ၌ ဆာလောင်မွတ်သိပ်ကာ တဂွီဂွီ ဖြင့် ဆန္ဒပြလာပြီ ဖြစ်၏။

သူတို့၏ မျက်နှာသည် ခြေလှမ်း တစ်လှမ်း လှမ်းတိုင်း အနည်းငယ် မဲ့၍လာကာ နောက်ဆုံး သူတို့၏ မျက်နှာသည် အရုပ်ဆိုးစွာ ရှုံ့မဲ့နေတော့၏။

လောင်စန်းသည် သည်းမခံနိုင်တော့သဖြင့်

'နောက်ထပ် ခြေတစ်လှမ်း လှမ်းဖို့ ငါ့ဗိုက်ကို အစာထည့်မှ ဖြစ်တော့မယ်'ဟု မဲ့ကာ ရွဲ့ကာဖြင့် ပြောလိုက်လေသည်။

လောင်တာက လေပူ တစ်ချက် မှုတ်ထုတ်ရင်း

'မိုးမှ မလင်းသေးဘဲ၊ စားစရာ ဘယ်ကရမှာလဲ'

လောင်စန်းက တံတွေး တစ်ချက် မျိုလိုက်ရင်း

'အင်း... ငါမှားပြီ၊ ခွေးသားကင်ကို လွှင့်ပစ်ခဲ့မိတာ ငါ မှားတာပဲ'

လောင်အောင့်က

'ဒီနားမှာ အရက်ဆိုင် တစ်ဆိုင်တော့ ရှိတယ်၊ ဒါပေမယ့်'

I love you I love you

'ဒါပေမယ့် ဘာဖြစ်လဲ'

လောင်တနှင့် လောင်စန်းက ပြိုင်တူ မေးလိုက်၏။

လောင်အော့က

'ဒါပေမယ့် ဆိုင်ရှင်က ကြီးနိုင် ငယ်ညှဉ်း သိပ်လုပ်တယ်'

လောင်တက မျက်မှောင်ကုတ်ရင်း

'မင်းက ဘယ်လိုလုပ် သိသလဲ'

'လွန်ခဲ့တဲ့ လဝက်လောက်က ငါ အဲဒီ ဆိုင်ကို ရောက်ဖူးတယ်၊ ဆိုင်ရှင်က အရက်မူးနေတဲ့ အဘိုးကြီး တစ်ယောက်ကို ဆိုင်ပြင် မ,ထုတ်သွားပြီး နားရင်းလဲ တစ်ချက် တီးလိုက်သေးတယ်'

လောင်စန်းက

'ဒါကတော့ အဘိုးကြီးက ပိုက်ဆံ မရှင်းလို့ ဖြစ်မှာပေါ့'

'ငွေမရှင်းတာ မဟုတ်ဘူး၊ တစ်ဝက် ရှင်းတယ်၊ ကျန်တဲ့ တစ်ဝက်ကို နောက်နှစ်ရက်မှ ယူဖို့ ပြောတယ်'

'ဒါကြောင့် ဆိုင်ရှင်က ဒီလို လုပ်တာပေါ့'

လောင်အော့က ဦးခေါင်းညိတ်ကာ

'ဟုတ်တယ်၊ ဒါပေမယ့် လူတစ်ယောက်က မူးပြီး ငွေ တစ်ပြားမှ မပေးဘဲ ဟိတ်ကြီး ဟန်ကြီးနဲ့ ထွက်သွားတာကို ဆိုင်ရှင်က မျက်မှောင်ကုတ်ရုံပဲ ကုတ်ပြီး ဘာမှ မလုပ်ရဲဘူး'

လောင်စန်းက မျက်မှောင်ကုတ်ရင်း

'အဲဒီလူက သူများထက် ထူးပြီး ဦးခေါင်း သုံးလုံးနဲ့ လက် ခြောက်ဖက် ရှိလို့လား'



လောင်အော့က တစ်ချက် ပြုံးလိုက်သည်။

'အဲဒီလူက ဦးခေါင်း သုံးလုံး၊ လက်ခြောက်ဖက် မရှိပေမယ့် မြင့်မားပြီး ခန့်ညားတယ်၊ ဟိတ်ဟန်ကောင်းပြီး ကြည့်ရုံနဲ့ အဆင့်မြင့် သိုင်းသမား တစ်ယောက်ဖြစ်ကြောင်း သိနိုင်တယ်၊ ဒါကြောင့် ဆိုင်ရှင်က အဲဒီလူဆီက ပိုက်ဆံကို မတောင်းရဲတာ'

လောင်အော့၏ စကားကြောင့် လောင်တသည် စိတ်ဝင်စားလာပြီး

'နေပါဦး၊ အဲ့ဒီလူက ဘယ်သူလဲ'ဟု မေးလိုက်၏။

လောင်အော့က တဟားဟား ရယ်မောကာ မိမိ၏ လက်နှစ်ချောင်းဖြင့် မိမိ၏ နှာခေါင်းကို ထိုးပြရင်း

'အဲဒီ ခန့်ညားတဲ့ အဆင့်မြင့်သိုင်းသမားကတော့ ဟောဒီက မင်းရဲ့ ဒုတိယညီ ငါပဲပေါ့'

လောင်အော့၏ စကား ဆုံးသည်နှင့် လောင်တနှင့် လောင်စန်းတို့သည် မတိုင်ပင်ထားဘဲ

'သူ့အမေမှပဲ'ဟု ရေရွတ်လိုက်လေတော့၏။

* * *

ဒီတစ်ခါ လောင်အော့ စကား မှန်၏။

ဟုန်ဟွားကျိမှ ဟုန်ဟွား အရက်ဆိုင်ရှင်သည် အမှန်ပင် ကြီးနိုင် ငယ်ညှဉ်း လူစား ဖြစ်၏။

ဟုန်ဟွား အရက်ဆိုင် ပိုင်ရှင်၏ အမည်မှာ ဖန်ပိကုန်း ဖြစ်၏။

အကယ်၍ မိုက်မိုက်ကန်းကန်း လူစားနှင့် တွေ့လျှင် သူသည် နည်းနည်းမှ မလုပ်ရဲချေ။ ထိုလူကို ရိုရိုသေသေ ဆက်ဆံ၏။

လွန်ခဲ့သော လဝက်က ထိုဆိုင်သို့ လောင်အော့ ရောက်ခဲ့၏။

လောင်အော့က စားသောက်ပြီးသော အခါ ဆိုင်ရှင် ဖန်ပိကုန်းကို 'ဘယ်လောက်ကျသလဲ' ဟု မေး၏။

ဖန်ပိကုန်းက တွက်ချက်ပြီး

'နှစ်ကျပ်နဲ့ ရှစ်ဆယ့်ငါးပြား' ကျသည်ဟု ပြောသောအခါ လောင်အော့က ရယ်မောရင်း

'ကောင်းပြီ၊ ကျပ် သုံးကျပ်ပေးမယ်၊ ပြန်မအမ်းနဲ့' ဟု ဟု ပြောလိုက်၏။

ဖန်ပိကုန်းက ပြုံးရွှင်သော မျက်နှာဖြင့် ဦးခေါင်းကို ငုံ့၍ ခါးညွတ်ပြီး လောင်အော့ကို အရိုအသေပြု၏။

ထိုအချိန်မှာပင်
'ဖုံး....ဖုံး....ဖုံး'



ဟူသော အသံနှင့်အတူ ဖန်ပိကုန်း၏ နောက်ကျောဘက်ရှိ အုတ်နံရံ၌ အပေါက် သုံးပေါက် ဖြစ်ပေါ်လာခဲ့၏။

လောင်အော့က အုတ်နံရံကို လက်သီးဖြင့် ထိုးလိုက်ခြင်း ဖြစ်၏။

သူသည် ဖန်ပိကုန်းကို ပြုံး၍ကြည့်ရင်း....

'လက်သီးတစ်ချက်ကို တစ်ကျပ်တန်တယ်၊ မင်းကမလောက် သေးဘူးဆိုရင် မင်းရဲ့မျက်နှာပေါ်မှာ နောက်ထပ် (၃)ကျပ် ပေးမယ်'

ဖန်ပိကုန်းသည် ထိုနံရံမှ အပေါက်သုံးပေါက်ကို မြင်တိုင်း လောင်အော့ကို သတိရမိ၏။

သတိရမိတိုင်း ကြောက်ရွံ့တုန်လှုပ်မိ၏။

ကြောက်ရွံ့တုန်လှုပ်မိတိုင်း 'ဒီလူမျိုး နောက်ထပ်မလာပါစေနဲ့' ဟု ဆုတောင်းခဲ့၏။

ကံကြမ္မာသည် ဖန်ပိကုန်းအပေါ်တွင် ဆိုးရွားလှ၏။

ဖန်ပိကုန်း၏ဆုတောင်း မပြည့်ခဲ့ပါ။

သူ၏ဆိုင်သို့ လွန်ခဲ့သော လဝက်က ရောက်ခဲ့ဖူးသော လူဆိုးညွှန့်သည် လောင်အော့သည် ယခု မိုးမလင်းသေးခင် ရောက်ရှိလာခဲ့သည်။

ထို့ပြင် ယခုအကြိမ်၌ သူနှင့်အတူ သူ့လိုလူမျိုးနှစ်ယောက် ပါလာသည်မဟုတ်ပါလား။

* * *

ဖန်ပိကုန်းသည် နံနက်စောစောစီးစီး တံခါးခေါက်သံကြောင့် စိတ်တိုမိ၏။

မကြားချင်ဟန်ဆောင်၍ အိပ်ရာထဲ၌ နားနှစ်ဘက်ကို ခေါင်းအုံးဖြင့် ဖုံး၍ အိပ်သော်လည်း တံခါးခေါက်သံက ခေါင်းအုံးကို ဖောက်ထွင်း၍ နားထဲသို့ ရောက်လာ၏။

ဖန်ပိကုန်းသည် စိတ်တိုစွာဖြင့် အိပ်ရာမှထလိုက်သည်။

အိပ်ရာမှ မထ၍မဖြစ်ပါ။

ကြာလျှင် သူ့ဆိုင်၏တံခါးရွက် ပြုတ်ထွက်လာမည်မှာ သေချာလှကြောင်း သူ တွေးမိခဲ့သည်မဟုတ်ပါလော။

ထို့ကြောင့်....

ဖန်ပိကုန်းသည် ညစ်ညမ်းစွာ တီးတိုးဆဲဆိုလိုက်ပြီး....

'တံခါးသိပ်ထုမနေနဲ့ နားမပင်းဘူး'

ဟု လှမ်းအော်ကာ တံခါးရှိရာသို့ လျှောက်သွားတော့၏။



သူသည် တံခါးကိုဖွင့်ရင်း ဒေါသသံဖြင့်....

'မနက်စောစောစီးစီး'

ဖန်ပိကုန်း၏စကားသည် ဝါကျအဆုံးမသတ်ချေ။တစ်ဝက်တစ်ပျက်၌ပင် ရပ်တန့်သွားပြီး သူ့မျက်နှာပေါ်၌ အပြုံးတစ်ခု ပေါ်လာကာ....

'ဟီး....မင်္ဂလာနံနက်ခင်းပါ'

ဟု နှုတ်ခွန်းဆက်လိုက်လေတော့၏။

အကြောင်းမှာ....

ဆိုင်ဝတံခါးဝ၌ လောင်အောင့်တို့သုံးယောက် ရပ်နေသည်မဟုတ်ပါလား။

* * *

ဖန်ပိကုန်းသည် သူ၏ဒေါသများကို ဆိုင်လုလင်နှင့် စားပိုမှူးအပေါ်သို့ လွှဲပြောင်းလိုက်၏။

သူသည် စားပိုမှူးနှင့် ဆိုင်လုလင်တို့ကို ခြေဖြင့်ကန်နှိုးကာ မီးမလင်းခင် ဆိုင်ဖွင့်ခိုင်းလိုက်၏။

ဖန်ပိကုန်း၏အရက်ဆိုင်က သေးသော်လည်း ရောင်းချသည့် အရက်က အကောင်းစားဖြစ်၏။

လောင်တ၊ လောင်အော့နှင့် လောင်စန်းတို့သည် အရက် တစ်ယောက်တစ်အိုးစီ သောက်နေ၏။

ချူလီလျံ ပင်လျှင် လောင်အော့၏ တိုက်တွန်းမှုကြောင့် အရက်သုံးခွက် သောက်လေ၏။

ချူလီလျံသည် တတိယမြောက် အရက်ခွက်အား မော့ သောက်ပြီးသောအချိန်၌ လောင်တ၊ လောင်အော့နှင့် လောင် စန်းတို့၏ အရက်အိုးထဲ၌ တစ်ဝက်ကျိုးသွားပြီ ဖြစ်ပါသည်။

ထိုအချိန်၌ပင် မီးဖိုချောင်မှဟင်းလျာများ၏ မွှေးကြိုင် သော ဟင်းနံ့များက သူတို့နှာခေါင်းဝသို့ ရောက်ရှိလာ၏။

ကောင်းကင်သည် အနီရောင် တဖြည်းဖြည်းဖျော့ကာ ဖြူ လာလေသည်။

လောင်အော့က ရယ်မောရင်း မှတ်ချက်ချ စကားဆို၏။

'ရာသီဥတုသာယာတဲ့ နေ့တစ်နေ့ပဲ'

လောင်တက....

'အေး....အဲဒီလိုရာသီဥတု သာယာတဲ့နေ့ပါးမှာ မြင်းစီးပြီး လျှောက်လည်ရရင် သိပ်ကောင်းမှာပဲ'

လောင်စန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဒါပေမယ့် မြင်းကတော့ ကျိန်ဆဲလိမ့်မယ်၊ ပြီးတော့မင်း ပျော်ရွှင်ဖို့အတွက် မြင်းက အသက်ထွက်ရလိမ့်မယ်'

လောင်တက မျက်မှောင်ကုတ်ရင်း....



'မင်းက မြင်းမှမဟုတ်ပဲ၊ မြင်းကကျိန်ဆဲတာ၊ အသက် ထွက်တာတို့ မင်းက ဘယ်လိုလုပ်သိလဲ၊ အမှန်တော့ မြင်းက တစ်နေ့ကို မိုင်သုံးရာလေးရာမှ မပြေးရရင် ပျင်းပြီးသေမှာ'

လောင်စန်းက မျက်နှာရှုံ့မဲ့ရင်း....

'မင်းက မြင်းမှမဟုတ်တာ၊ ပျင်းပြီးသေမယ်ဆိုတာ ဘာ ဖြစ်လို့ ပြောနိုင်ရတာလဲ'

ထိုစဉ်....

ရုတ်တရက်....

လောင်အော့သည် ဆိုင်၏ကြမ်းပြင်ပေါ်သို့ မှောက်ချ လိုက်ပြီး နားဖြင့် ကြမ်းပြင်ကို ထိကပ်ထားလိုက်၏။

လောင်စန်းက မျက်မှောင်ကုတ်ရင်း....

'ဘာဖြစ်လို့လဲ အရက်သောက်ပြီးတိုင်း ဒီလိုရူးတဲ့ရောဂါ မင်းမှာရှိလို့လား'

လောင်တက....

'မူးပြီးအိပ်ချင်လဲ ဆိုင်ရှင်ရဲ့အိပ်ရာထဲမှာသွားအိပ်၊ ကျုံဝမ် မှော်ဆရာကြီးဟာ အိပ်ရာနဲ့မအိပ်တတ်ပဲ ကြမ်းပေါ်မှာ အိပ် တယ်ဆိုပြီး သတင်းထွက်လာရင် မကောင်းဘူး'

လောင်အော့က မျက်နှာရှုံ့မဲ့လိုက်ပြီး လောင်တနှင့် လောင် စန်းကို အထင်သေးစွာ တစ်ချက်ကြည့်လိုက်၏။

'ဒါ မြေကြောထောက် အသံဖမ်းနည်းခေါ်တယ်၊ မင်းတို့ မှတ်ထား'

လောင်တက နှုတ်ခမ်းမဲ့ကာ....

'ဒီတော့ ဘာသံကြားရလဲ၊ ငရဲပြည်ကအသံ ကြားရသလား'

'ဟွန်း....မှတ်ထား၊ အခု ငါ မြင်းခွာသံ ကြားရတယ်၊ အနောက်တောင်ဘက်ကလာတဲ့ အသံပဲ'

လောင်အော၏ စကားဆုံးသည်နှင့် လောင်စန်းက ရုတ်တရက် မော့လိုက်ပြီး

'ဟွန်း....မြင်းခွာသံတော့ ငါတို့လဲကြားသားပဲ၊ မြေပေါ်မှာ နားမထောင်ပဲနဲ့ ကြားနေရတယ်'

လောင်စန်း၏စကား မှန်သည်။

မြင်းခွာသံကို လောင်တလည်း ကြားရ၏။

လောင်အော့က ကြမ်းပြင်ပေါ်မှ ခုန်၍ ထလိုက်ပြီး မိမိ၏ အပြုအမူကို နားမလည်နိုင်ဟန်ဖြင့် ငေး၍ ကြည့်နေသော ဖန်ပိကုန်း၏ ဝမ်းဗိုက်သို့ လက်သီးဖြင့်တစ်ချက် ထိုးချလိုက်လေ၏။

ဖန်ပိကုန်းသည် 'အွန့်'ဟု တစ်ချက် အော်မြည်ကာမိမိ၏ ဝမ်းဗိုက်ကို လက်ဖြင့်အုပ်ရင်း ခါးကိုင်းကာ ကြမ်းပေါ်သို့ ဒူးထောက် လဲကျသွားလေတော့၏။



ပြီးမှ ဖန်ပိကုန်းသည် ရှုံ့မဲ့သော မျက်နှာဖြင့် လောင်အော့ကို မော့ကြည့်ရင်း....

'ဆရာကြီး၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ ထိုးရတာလဲ'

လောင်အော့က နှုတ်ခမ်းမဲ့၍ ပြုံးလိုက်ပြီး....

'ဟွန်း၊ ငါ့ညီက ငါ့ကို ဒေါသထွက်အောင် လုပ်တယ်၊ အဲဒီဒေါသတွေကို ငါက မင်းရဲ့ဗိုက်ပေါ်မှာ ထားလိုက်တာ၊ မရဘူးလား၊ ဟင်း.... ဗိုက်ပေါ်မှာ ထားလို့မရရင် မင်းရဲ့ မျက်ခွက်ပေါ်မှာ ထားရလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ဖန်ပိကုန်းသည် ဘာမျှ ပြန်မပြောဘဲ တစ်ကိုယ်တည်း ညည်းတွားကာ မီးဖိုချောင်သို့ ဝင်ရောက် သွားလေတော့၏။

ထိုအချိန်မှာပင် မြင်းခွာသံများသည် တစ်စထက်တစ်စ နီးလာလေသည်။

*  *  *

လောင်တသည် ထိုင်ရာမှ ထလိုက်ပြီး ဆိုင်ရှေ့သို့ ထွက်သွားလေတော့သည်။

ဆိုင်တံခါးဝသို့ လောင်တရောက်သောအခါ အဝေးမှမြင်းနှစ်စီးသည် တဖြည်းဖြည်း နီးကပ်လာလေသည်။

ထိုမြင်းနှစ်စီးပေါ်မှ လူများကိုလည်း တဖြည်းဖြည်း ထင်ရှားစွာ မြင်လာလေသည်။

လောင်တသည် ထိုမြင်းနှစ်စီးကို မျက်မှောင်ကုတ်၍ ကြည့်နေရာမှ တဖြည်းဖြည်း လောင်တ၏ မျက်နှာပေါ်တွင် အပြုံးရိပ် ပေါ်လာပြီး သူ၏လက်နှစ်ဘက်ကို ဝှေ့ယမ်းကာ အော်ဟစ်လိုက်လေတော့၏။

‘ဟေ့ ချင်ဝှမ်ဝူ’

*

## အခန်း ၁၄

ချင်ဝှမ်ဝူသည် ကျင်းလိန်ရှိ မိမိ၏ နေအိမ်သို့ပြန်ရန် စိတ်လောကြီးနေသဖြင့် မြင်းကို မနားတမ်း ဒုန်းစိုင်း၍ နှင်နေတော့၏။

တုံးမုရှာသည် ချင်ဝှမ်ဝူ၏နောက်မှ အမီလိုက်၍ မြင်းကို ဒုန်းစိုင်းနေ၏။

သူတို့သည် ကျင်းလိန်သို့ အမြန်ဆုံး ရောက်ရှိရန် စိတ်ထက်သန်နေသဖြင့် ဖန်ပိကုန်း၏ အရက်ဆိုင်ကို တွေ့သော်လည်း ရပ်နားရန် စိတ်ကူး မရှိခဲ့ကြချေ။

သို့သော်....

ဆိုင်ဝမှ မိမိ၏ အမည်ကို အော်ဟစ်၍ လက်ငေ့ယမ်း နေသော လောင်တကို မြင်တွေ့လိုက်ရသဖြင့် အံ့ဩဟန်ဖြင့် မျက်ခုံး မြင့်တက်သွားလေတော့၏။

တုံးမုရှာက မျက်ခုံး ပင့်တင်လိုက်ရင်း....

'မှော်ဆရာကြီး သုံးယောက် ဒီရောက်နေပါလား၊ ဘာ ဖြစ်နေလဲ မသိဘူး'

ဟု ပြောလိုက်၏။

ချင်ဝှမ်ဝူက ဦးခေါင်း ညိတ်လိုက်ရင်း....

'ခေါ်နေမှတော့ ခဏလောက် တွေ့လိုက်ဦးမှ ကောင်း မယ်'ဟု ပြောလိုက်ရင်း မြင်းကို အရှိန်သတ်ကာ ဖန်ပိကုန်း အရက်ဆိုင်ရှေ့၌ ရပ်တန့်လိုက်၏။

လောင်တက ချင်ဝှမ်ဝူကို ပြုံးပြလိုက်ပြီး....

'သူဌေးလေးချင်၊ မြင်းပေါ်က ဆင်းပါဦး၊ အရက် နှစ် ခွက်လောက် သောက်ပြီးမှ စကား ပြောကြတာပေါ့'

ဟု လှမ်း၍ ပြောလိုက်လေသည်။

ချင်ဝှမ်ဝူ မြင်းပေါ်မှ မဆင်းဘဲ လောင်တကို လက်နှ ဘက်ဆုပ်၍ အရိုအသေပြုရင်း....



'ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စနဲ့ ခရီးနှင်ဖို့ ရှိသေးလို့ မဆင်းတော့ပါဘူး၊ မှော်ဆရာကြီး ကျိရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်၊ ပြောစရာရှိတာသာ ပြောပါ'

လောင်တ၏ မျက်နှာပေါ်၌ အပြုံးရိပ် ပျောက်ကွယ်သွားပြီး ချင်ဝှမ်ဝူကို စူးစိုက်ကြည့်ကာ ...

'ငါ ပြောပြီးပြီ၊ မြင်းပေါ်ကဆင်းခဲ့၊ အရက် နှစ်ခွက် သောက် ပြီးမှ စကားပြောမယ်'

လောင်တ၏ လေသံက ပျော့၏။

သို့သော်...

အားမာန်တစ်မျိုး သက်ရောက်ကာ အမိန့်သဘော ဆန်နေကြောင်း ချင်ဝှမ်ဝူ သတိပြုမိလိုက်သည်။

ထို့ကြောင့်....

ချင်ဝှမ်ဝူသည် ရုတ်တရက် မျက်စိမျက်နှာ ပျက်ကာ....

'ဆရာကြီးတို့ ဘာဖြစ်နေတာလဲ၊ ကျွန်တော် အရေးကြီးတဲ့ ကိစ္စနဲ့ ကျင်းလိန်ကို အမြန်ဆုံးရောက်အောင် ပြန်ရမှာ၊ ကျွန် တော့်မှာ အရက်သောက်နိုင်ဖို့ အချိန်မရှိဘူး၊ ပြီးတော့ ဆရာ ကြီးတို့ကိုလဲ မနှောင့်ယှက်ချင်ဘူး'

ထိုစဉ် ... လောင်တ၏နောက်မှ လောင်စန်း ပေါ်လာကာ ရုတ်တရက် ရယ်မောလိုက်ပြီး

'မင်းဘာသာ မင်း မြင်းပေါ်က ဆင်းလာမလား၊ မင်းရဲ့ မြင်းကို ခရီးနှင်လို့မရအောင် ငါက ခြေထောက်ကို ချိုးပစ်လိုက်ရမလား' ဟု ပြောလိုက် လေသည်။

လောင်စန်း၏ စကားကြောင့် ချင်ဝှမ်ဒူ မျက်မှောင်ကြုတ်လိုက်မိ၏။

ချင်ဝှမ်ဒူ၏ စိတ်ထဲ၌ ဒေါသထွက်မိ သော်လည်း ထူခြေဆည်ကာ....

လောင်စန်းကို ကြည့်ရင်း

'ဒီလို လုပ်ရဲလို့လား' ဟု မေးလိုက်၏။

လောင်စန်းက နှုတ်ခမ်းမဲ့ကာ

'မင်းအပေါ်မှာ မူတည်တယ်' ဟု အေးစက်စွာ ပြန်လည်ပြောလိုက်၏။

လောင်စန်း၏ အမူအရာသည် ပြောသည့်အတိုင်း လုပ်မည့်ဟန် ပေါ်လွင်နေ၏။

ချင်ဝှမ်ဒူက လောင်တနှင့် လောင်စန်းတို့ကို နားမလည်ဟန်ဖြင့် တစ်ချက် ကြည့်လိုက်၏။

သူတို့သည် အဘယ်ကြောင့် မိမိကို ရန်လိုနေကြောင်း ချင်ဝှမ်ဒူ နားမလည်နိုင်အောင် ဖြစ်နေသည် မဟုတ်ပါလား။

ထိုစဉ်....

တုံးမုရှာက ရယ်မောကာ....



'အင်း....မှော်ဆရာကြီး သုံးယောက်က ကျွန်မတို့နဲ့ အရေးတကြီး တိုင်ပင်စရာရှိလို့ ထင်တယ်၊ ခဏတဖြုတ် နားရင်းစကားပြောကြတာပေါ့' ဟု တုံးမုရှာက ဝင်ရောက်ပြောဆိုကာ တင်းမာလာမည့် အခြေအနေကို ထိန်းသိမ်းလိုက်လေသည်။

ထို့နောက်....

သူမသည် မြင်းပေါ်မှ ဆင်းသက်လိုက်ပြီး မြင်းကို အရက်ဆိုင်ရှေ့မှ မြင်းချည်တန်းတွင် ချည်နှောင်လိုက်လေသည်။

ချင်ဝှမ် သည် ဘာမျှ မပြောပဲ မြင်းပေါ်မှ ဆင်းသက်ကာ မြင်းကို တုံးမုရှာ၏ မြင်းနှင့် ယှဉ်၍ ချည်နှောင်လိုက်လေတော့၏။

*　　*　　*

ချင်ဝှမ်ဒူသည် အရက်ဆိုင်ထဲသို့ တစ်ချက် ဝေ့ကြည့်လိုက်ပြီး တုံးမုရှာ၏ ဘေး၌ ဝင်ရောက် ထိုင်ချလိုက်၏။

သူ၏ မျက်နှာသည် တင်းမာ ခက်ထန်နေ၏။

လောင်တက ထိုင်ခုံတွင် မထိုင်သေးဘဲ စားပွဲကို လက်နှစ်ဘက်ဖြင့် ထောက်ရင်း ချင်ဝှမ်ဒူကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်လေသည်။

ပြီးမှ ခပ်တင်းတင်း တစ်ချက် ရယ်မောလိုက်ပြီး

'ဘယ်လိုလဲ သူဌေးလေး ချင်၊ မင်း အရက်ကို ဂုဏ်ပြုတဲ့ အနေနဲ့ သောက်မလား၊ ဒဏ်ပေးတဲ့အနေနဲ့ သောက်မလား'

ဟု မေးလိုက်လေသည်။

ချင်ဝှမ်ဝူက စားပွဲပေါ်သို့ တင်ထားသော သူ၏ လက် နှစ်ဘက်ကို တင်းကျပ်စွာ ဆုပ်ရင်း လောင်တကို စူးစိုက်၍ ပြန်လည် ကြည့်ကာ

'ဆရာကြီး ကျွ....ခင်ဗျား ဘာတွေ လာပြောနေတာလဲ၊ ကေန္တ ဆေးမှားသောက်ထားပြီ ထင်တယ်'

ဟု လေသံ ခပ်မှာမှာဖြင့် ပြောလိုက်၏။

လောင်တက နှုတ်ခမ်း တစ်ချက် မဲ့ကာ

'ကျုပ်ကို မင်း ဘာမှ ပြောစရာ မလိုဘူး'

ချင်ဝှမ်ဝူက မျက်မှောင်ကုတ်ရင်း

'ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားက ဘာပြောမှာလဲ'

လောင်တက ချင်ဝှမ်ဝူကို အေးစက်စွာ စိုက်ကြည့်ရင်း

'ပထမဆုံး သူဌေးလေးချင် နားလည်ထားဖို့က ကျုပ် မေး တာကို ရိုးသားစွာနဲ့ မှန်တာကို ဖြေပါ'

ချင်ဝှမ်ဝူက ရုတ်တရက် ထိုင်ရာမှ ထလိုက်၏။

သို့သော်....



ချင်ဝှမ်ဝူ ခန္ဓာကိုယ် တစ်ခုလုံး မတ်မတ် မရပ်နိုင်ခင်မှာပင် လောင်စန်း၏ လက်တစ်ဖက်က ချင်ဝှမ်ဝူ၏ ပခုံးကို ဖိကာ ပြန်လည်၍ ထိုင်စေ၏။

ချင်ဝှမ်ဝူက လေပူ တစ်ချက် မှုတ်ထုတ်ရင်း

'ကျုပ်ကို အရက်သောက်ဖို့ ဖိတ်ခေါ်တာလား၊ စော်ကားဖို့ ဖိတ်ခေါ်တာလား'

ဟု ခပ်မှာမှာ မေးလိုက်၏။

လောင်တက ချင်ဝှမ်ဝူ၏စကားကို ဂရုမစိုက်ဘဲ....

'မင်း ဝူဟိုက်ကျန့်ကို သိလား'

ဟု မေးလိုက်၏။

ချင်ဝှမ်ဝူက မျက်မှောင်ကြုတ်ရင်း....

'ဘယ်က ဝူဟိုက်ကျန့်လဲ'

လောင်တက အနည်းငယ်ပြုံးကာ....

'လောင်းကစားဝါသနာပါတဲ့ ဝူဟိုက်ကျန့်'

ချင်ဝှမ်ဝူက နှုတ်ခမ်းတစ်ချက်မဲ့ရင်း....

'ကျုပ်က လောင်းကစားဝါသနာပါရင်တော့ အဲဒီလူကို သိမှာပဲ'

လောင်တက တစ်ချက်ရယ်မောကာ....

'ဟုတ်တာပေါ့၊ ဒါပေမယ့် မင်းက သူ့ကိုပေးလိုက်တဲ့ငွေ ကတော့ အလဟဿ ဖြစ်သွားပြီ'

ချင်ဝှမ်ဝူက မျက်မှောင်ကုတ်ကာ
ကျုပ်က သူ့ကို ဘာလို့ပိုက်ဆံပေးရမှာလဲ’
လောင်တက မပြုံးချင်ပြုံးချင်ဖြင့်....

‘အို့ဟို....နို့နံ့မစင်သေးတဲ့ ကလေးတစ်ယောက်ကို သတ်ဖို့လေ’

လောင်ဘ၏စကားက ချင်ဝှမ်ဝူကို အံ့အားသင့်စေ၏။

တုံးမုရှာ၏မျက်နှာပေါ်၌လည်း မယုံကြည်နိုင်သောအသွင် ပေါ်ထွက်လာပြီး ရုတ်တရက် ချင်ဝှမ်ဝူကို ကြည့်လိုက်မိ၏။

ချင်ဝှမ်ဝူက ဦးခေါင်းခါယမ်းလိုက်ပြီး....

‘ဒီမှာ မှော်ဆရာကြီးကျို၊ ခင်ဗျား ဘာတွေလာပြီးပြောနေတာလဲ’

ဟု ဒေါသသံဖြင့် မေးလိုက်၏။

တုံးမုရှာက ချင်ဝှမ်ဝူ၏လက်ကို လှမ်း၍ဆုပ်ကိုင်လိုက်ပြီး လောင်တကို မော့ကြည့်ကာ....

‘ဆရာကြီးကျို၊ ကျွန်မတို့ နားလည်သဘောပေါက်လာအောင် နည်းနည်းလောက် ရှင်းမပြနိုင်ဘူးလား’

ဟု မေးလိုက်လေ၏။

လောင်တက တစ်ချက်ရယ်မောလိုက်ပြီး....

‘ဝူဟိုက်ကျန်ဆိုတဲ့ တိရစ္ဆာန်က နို့နံ့မစင်သေးတဲ့ ဝူရှောင်ပေါင်ဆိုတဲ့ ချာတိတ်ကို ဓားနဲ့လိုက်ခုတ်ခဲ့တယ်၊ ငါတို့နဲ့တွေ့လို့



ချာတိတ် အသက်ချမ်းသာရာရခဲ့တယ်၊ ဝူဟိုက်ကျန်ကို ငါတို့စစ်ဆေးတော့ ချင်ဝှမ်ဝူက ငွေသုံးထောင်ပေးပြီး သတ်ခိုင်းလို့သတ်ရတာပါလို့ပြောတယ်’

လောင်ဘ၏ စကားအဆုံး၌ တုံးမုရှာသည် ချင်ဝှမ်ဝူ၏ မျက်နှာကို လှမ်းကြည့်လိုက်၏။

ချင်ဝှမ်ဝူက မျက်လုံးပြူး၍ လောင်တကိုစူးစိုက်ကြည့်ကာ–
‘မဟုတ်ဘူး၊ ဒါ သက်သက်လိမ်တာ’
ဟု အော်ဟစ်လိုက်၏။
သူ၏ခန္ဓာကိုယ်သည် ဒေါသဖြစ်လွန်း၍ တုန်လှုပ်နေ၏။
လောင်တက အေးစက်စွာဖြင့်....

‘ဝူဟိုက်ကျန်ဆိုတဲ့ တိရစ္ဆာန်က နားရွက်တစ်ဘက် အဖြတ်ခံရပြီးတဲ့နောက် လိမ်ပြောရဲမှာတော့မဟုတ်ဘူး’

ချင်ဝှမ်ဝူက ဦးခေါင်းကို ခါယမ်းလိုက်ပြီး တုံးမုရှာကို လှမ်းကြည့်ကာ....

‘ညီမ ဒီမှော်ဆရာကြီးရဲ့စကားကို မယုံနဲ့၊ ငါနဲ့ ဘာမှမပတ်သက်တဲ့ကလေးကို ငါက ဘာဖြစ်လို့ သတ်ခိုင်းရမှာလဲ၊ အဲဒီဝူရှောင်ပေါင်က ဘယ်သူလဲ’

တုံးမုရှာက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

‘အင်း....တစ်ခုခုတော့မှားနေပြီ၊ ဝူဟိုက်ကျန်က ကျွန်မတို့အချင်းချင်းကို ရန်တိုက်ပေးတာ မဖြစ်နိုင်ဘူးလား’

ဟု မေးလိုက်၏။

လောင်စန်းက ဦးခေါင်းကိုညိတ်ကာ....
'အင်း....တုံးမုရှာပြောတာ ဖြစ်နိုင်ပါတယ်'
ဟု ဝင်ရောက်ပြောလိုက်၏။
ချင်ဝှမ်ဂူက သက်ပြင်းတစ်ချက်ချရင်း....
'အဲဒီကလေးရော ဘယ်မှာလဲ'
ဟု လောင်တကို မေးလိုက်၏။
ချင်ဝှမ်ဂူ၏စကားသံ ဆုံးသည်နှင့်တစ်ပြိုင်တည်း....
'ဖေဖေ သားဒီမှာ'
ဟူသော ကလေးအသံ တစ်သံသည် ချင်ဝှမ်ဂူ၏ နောက်ကျောဘက်မှ ပေါ်ထွက်လာလေတော့၏။

*

အခန်း ● ၅

မိမိ၏ဦးခေါင်းကို မိုးကြိုးပစ်ခံရလျှင်ပင် ချင်ဝှမ်ဂူသည် ဤမျှလောက် ထိတ်လန့်တုန်လှုပ်လိမ့်မည် မဟုတ်ပါ။

ယခုသော်....

ချင်ဝှမ်ဂူသည် ထခုန်မတတ် ထိတ်လန့် တုန်လှုပ်သွားခဲ့လေတော့၏။

တုံးမုရှာ၏မျက်နှာသည် အံ့ဩသော အမူအရာသို့ ပြောင်းလဲသွား၏။

ချင်ဝှမ်ဝူသည် မည်သည့်စကားကိုမျှ မပြောနိုင်အောင်ပင် ငေးငိုင်ကာ ကြက်သေသေသွား၏။

လောင်အော့က မိမိပွေ့ချီထားသော ဝူရှောင်ပေါင်ကို မေးရင်း....

'ရှောင်ပေါင် မင်း ဘယ်သူ့ကိုခေါ်တာလဲ'

ဟု မေးလိုက်၏။

'ကျွန်တော့်ဖေဖေကို ခေါ်တာပေါ့'

လောင်အော့က....

'မင်းဖေဖေက ဘယ်သူလဲ

ဝူရှောင်ပေါင်က ချင်ဝှမ်ဝူကို လက်ညှိုးဖြင့်ထိုးပြရင်း....

'ဖေဖေက အဲဒီမှာလေ'

ဟု ပြောလိုက်၏။

လောင်အော့က တဟားဟားရယ်မောရင်း....

'မင်းက ဗိုက်ဆာလွန်းလို့ ပေါက်ကရတွေပြောတာပဲ'

ဟု ပြောလိုက်လေသည်။

လောင်တက လောင်အော့ကိုလှမ်းကြည့်ရင်း....

'မင်းက ရှောင်ပေါင် ပေါက်ကရတွေ ပြောတယ်လို့ ဘယ်လိုလုပ် သိလဲ'

လောင်အော့က လောင်တကို ပြန်၍ကြည့်ရင်း....

'မင်းကရော ချင်မျိုးက ဝူမျိုးမွေးတယ်ဆိုတာ ကြားဖူးလား'



လောင်တာ မျက်မှောင်ကုတ်လိုက်၏။

ပြီးမှ ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ်၊ သူကချင်မျိုး၊ ချင်ဝှမ်ဝူ –သူကဝူမျိုး ဝူရှောင်ပေါင်ပဲ'

လောင်အော့က မိမိလက်ပေါ်မှ ဝူရှောင်ပေါင်ကို ငုံ့ကြည့်ရင်း....

'မင်းဖေဖေနာမည် ဘယ်လိုခေါ်သလဲ'

ဝူရှောင်ပေါင်က....

'ဝူကန်လိန်လို့ခေါ်တယ်'

လောင်အော့က တဟားဟားရယ်မောကာ ချင်ဝှမ်ဝူကို ညွှန်ပြကာ....

'သူက ချင်ဝှမ်လို့ ခေါ်တယ်'

ဝူရှောင်ပေါင်က....

'သူက ကျွန်တော့်အဖေပဲ'

လောင်အော့က....

'မဟုတ်ဘူး၊ မင်းအဖေက ဝူကန်လိန်၊ သူက ချင်ဝှမ်ဝူပဲ'

ဝူရှောင်ပေါင်က ဦးခေါင်းခါယမ်းလျက်....

'ချင်ဝှမ်ဝူ မဟုတ်ဘူးလေ၊ သူက ကျွန်တော့်ဖေဖေပဲ'

ဆိုစဉ်....

လောင်စန်းက ချင်ဝှမ်ဝူကို စူးစိုက်ကြည့်ကာ....

'မင်းက ချင်ဝှမ်ဘူလား၊ ဝူကန်လိန်လား'

ဟု ရှတ်တရက် ဝင်ရောက် မေးမြန်း လိုက်လေသည်။

ချင်ဝှမ်ဘူက လောင်စန်းကို မော့ကြည့်လိုက်ပြီး....

'ဘာ ဝူကန်လိန်လဲ၊ ကျုပ် မွေးကတည်းက ချင်ဝှမ်ဝူပဲ၊ ဘယ်တုန်းကမှ နာမည် မပြောင်းခဲ့ဘူး'

ထိုစဉ်....

ရှတ်တရက်....

'ဒါပေမယ့် ရှင် ကျွန်မကိုယူတဲ့ အချိန် တုန်းကတော့ ဝူကန်လိန်ပဲ'ဟု ဝင်ရောက် ပြောလိုက်သော မိန်းကလေး တစ်ယောက်၏ အသံကြောင့်....

ချင်ဝှမ်ဝူသည် ရှတ်တရက် တုန်လှုပ်ကာ နောက်သို့ လှည့်ကြည့်မိလိုက်လေသည်။

တုံးမုရှာသည်လည်း ရင်ထဲ၌ တစ်ချက်ထိတ်ကာ အသံပေါ် ထွက်လာရာသို့ လှည့်ကြည့်လိုက်လေသည်။

လှပသော မိန်းမပျို တစ်ယောက်သည် လောင်အော့၏ နောက်ကျောဘက်မှ ထွက်ပေါ်လာလေသည်။

လောင်စန်းက မိန်းကလေးကို ညွှန်ပြရင်း ..

'သိပ်သနားစရာ ကောင်းတဲ့ မိန်းကလေးပဲ၊ သူ့နာမည်က ချူလီလျံတဲ့'



တုံးမုရှာသည် ချူလီလျံကို ကြည့်လိုက်ပြီး....

တဖန် ချင်ဝှမ်ဝူကိုပြန်၍ လှည့်ကြည့် လိုက်လေသည်။

တုံးမုရှာ၏ မျက်နှာပေါ်တွင်နားမလည်ဟန် အမူအရာပေါ် လွင်လာလေသည်။

တုံးမုရှာ၏ မျက်လုံးများက မိမိကို သင်္ကာမကင်း ဖြစ်နေကြောင်း ချင်ဝှမ်ဝူ နားလည် လိုက်လေသည်။

သို့ဖြစ်၍ ချင်ဝှမ်ဝူ၏ မျက်နှာသည် အရုပ်ဆိုး လောက်အောင်ပင် မျက်စိမျက်နှာပျက်ကာ မှော်ဆရာကြီး သုံးယောက်ကို တလှည့်စီ လှမ်းကြည့်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် ဖန်ပိကုန်း၏ အရက်ဆိုင်သည် မိမိအတွက် အနေထိုင်ခက်စေသော နေရာတစ်ခုဟု စိတ်ထဲ၌ ထင်မှတ်လိုက်မိလေသည်။

လောင်တာ၊ လောင်အော့နှင့် လောင်စန်းတို့၏ မျက်လုံးများက မိမိကို လူဆိုးသူခိုး တစ်ယောက်ကဲ့သို့ ကြည့်ရှုနေသည်ဟု ချင်ဝှမ်ဝူ၏ စိတ်တွင် ထင်မှတ်လာပြီး စိတ်ကျဉ်းကျပ်ကာ အနေခက်စေ၏။

ချင်ဝှမ်ဝူသည် နောက်ဆုံး၌ သည်းမခံနိုင်တော့ဘဲ စားပွဲကို လက်ဝါးဖြင့် တစ်ချက်ပုတ်ကာ တုန်ယင်သော အသံဖြင့်....

'မင်းတို့ ဘာလို့ ငါ့ကိုပဲ ကြည့်နေကြတာလဲ၊ ငါဟာ ချင်ဝှမ်ဝူ၊ မင်းတို့ပြောတဲ့ ဝူကန်လိန် မဟုတ်ဘူး'

ဟု အောင်ပြောလိုက်လေသည်။

သို့သော် လောင်တ၊ လောင်အော့နှင့် လောင်စန်းတို့၏ မျက်လုံးများသည် ပြောင်းလဲမှုမရှိဘဲ ချင်ဝှမ်ဝူကို ကြည့်မြဲကြည့်နေကြလေသည်။

ထိုအချိန်တွင် ချူလီလျံသည် ရုတ်တရက် ငိုချလိုက်လေသည်။

ချူလီလျံသည် ထိုသို့ငိုရင်း ချင်ဝှမ်ဝူ၏အနီးသို့ လျှောက်လာကာ ...

ချင်ဝှမ်ဝူ၏ ဘေး၌ ဒူးထောက်၍ ချလိုက်လေသည်။

ချင်ဝှမ်ဝူသည် မျက်စိမျက်နှာ ပျက်စွာဖြင့်....

'ဟေ့...ဟေ့ မင်းက ဘာလို့ ငိုရတာလဲ၊ ငါက မင်းယောကျ်ား မဟုတ်ဘူး'

ဟု ကပျာကသီ ပြောလိုက်လေသည်။

ချူလီလျံက မျက်ရည်ရွှဲသော မျက်လုံးများဖြင့် ချင်ဝှမ်ဝူကိုမော့ကြည့်ရင်း....

'ရှင် သိပ်ရက်စက်တဲ့လူပဲ၊ ရှင် ကျွန်မကိုလူတစ်ယောက်လို ဘယ်တုန်းကမှ အသိအမှတ် မပြုခဲ့ပါလား'

ဝမ်းနည်း ကြေကွဲစွာ ပြောလိုက်လေသည်။

ချူလီလျံ၏ စကားက တုံးမှုရှာ၏ရင်ကို ဓားပါးကလေးဖြင့် ခွဲသကဲ့သို့ ခံစားလိုက်ရလေသည်။



သူမသည် ဉာဏ် ကောင်းသည့်အပြင် မိန်းမသား တစ်ယောက်လည်း ဖြစ်သဖြင့် ချူလီလျံ၏ စိတ်ကို နားလည်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူမသည် မိန်းမချင်း ကိုယ်ချင်းစာသောစိတ်ဖြင့် ချူလီလျံအပေါ် ကရုဏာ သက်ဝင်မိလေသည်နှင့်အမျှ ချင်ဝှမ်ဝူအပေါ် ရွံမုန်းလာလေသည်။

သို့ဖြစ်၍ သူမသည် ချင်ဝှမ်ဝူကို စူးစိုက် ကြည့်လိုက်ပြီး....

'ရှင် လူလိမ်ပဲ၊ ရှင့်ကို ခင်မင်မိတာ ကျွန်မတို့ သားအဖ ကံဆိုးတယ်လို့ ပြောရမှာပဲ'

ဝမ်းနည်း နာကျည်းသော လေသံဖြင့် ပြောလိုက်လေသည်။

၎င်းနောက် သူမသည် မရယ်ချင့်ရယ်ချင် တစ်ချက် ရယ်မောလိုက်ပြီး....

'ရှင်က ပညာရှိပဲ၊ ကျွန်မတို့ သားအဖကိုတောင်မှ ယုံကြည်အောင် နေထိုင်ခဲ့တာ ချူလီလျံကိုဆို လိမ်ဖို့ ပိုလွယ်တာပေါ့'

ထိုစဉ် လောင်အော့က မိမိနဖူးကိုမိမိ ခပ်ဖွဖွလေး ရိုက်လိုက်ပြီး....

'ငါသိပြီ၊ ဒီကောင်က ချင်မျိုးလို့မပြောဘဲ သူ့ကိုယ်သူ ဝူမျိုးလို့ ပြောတာဖြစ်ရမယ်၊ စဉ်းစားကြည့်လေ၊ ချင်ဝှမ်ဝူရဲ့

နောက်ဆုံးက ဝူကို အမျိုးလုပ်ပြီး ဝူကန်လိန်လို့ ပြောလိုက်တော့ ရှောင်ပေါင်လဲ အလိုလို ဝူမျိုး ဖြစ်သွားတာပေါ့'

လောင်အော့၏ စကားဆုံးသည်နှင့် လောင်စန်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး....

'ဟူး- ဖြစ်ရမယ်၊ ဖြစ်ရမယ်၊ ဒါပေမယ့်သူက ဘာဖြစ်လို့ ဝူကန်လိန်လို့ပြောပြီး ဝူဝမ်ချင်လို့ မပြောတာလဲ'

လောင်တက လက်ကာပြလိုက်သည်။

'လောင်စန်း၊ မင်းတော်တော် အပါလား၊ ရှင်းနေတဲ့ ကိစ္စတစ်ခုကို မင်းက ဘာဖြစ်လို့ နားမလည်အောင် ဖြစ်နေရတာလဲ၊ ချင်ဝှမ်စူရဲ့ ဇာတိက ချင်းလိန်၊ ဒီတော့ ကျင်းလိန်နဲ့ ဆင်ဆင် စူကန်လိန်လို့ မှည့်တာ ဖြစ်မှာပေါ့'

လောင်စန်းက အတန်ငယ် စဉ်းစားလိုက်ပြီး

'ဝူကျင်းလိန်၊ စူကျင်းလိန်၊ ဟား၊ ဟား တကယ် စိတ်ကူးကောင်းတာပဲ၊ ငူကန်လိန်လို့ မပြောဘဲ ဝူကျင်းလိန်လို့ ပြောရင် ပိုပြီး ကောင်းမှာပဲ'

လောင်အော့က ပြုံးကာ

'အင်း– ကျုပ် တကယ်ပဲ လေးစားပါတယ်၊ မိန်းကလေးတစ်ယောက်ကို ကလေးတစ်ယောက် ရတဲ့အထိ ညာပြီးယူနိုင်တာ ကျုပ် လေးစားပါတယ်ဗျာ'



လောင်တက ချင်ဝှမ်ဝူကို မချိမချဉ် မျက်နှာထားဖြင့် ကြည့်ရင်း

'ဝူကန်လိန်နာမည်နဲ့ မိန်းမ တစ်ယောက်ရပြီး ကလေးလဲရပြီ၊ ချင်ဝှမ်ဝူ နာမည်နဲ့လဲ မိန်းမ တစ်ယောက် ရတော့မယ်၊ နောက်ပြီး ကျုပ်တို့မသိတဲ့ နာမည်တွေနဲ့လဲ မိန်းမရချင်ရမယ်၊ မရချင် မှရဘူး၊ အင်း– ဘာပဲဖြစ်ဖြစ်ပေါ့၊ ဒီလို လိမ်ညာနိုင်တာကိုပဲ ကျုပ်တို့က လေးစားရပါပြီ'

လောင်တ၏ စကားဆုံးသည်နှင့်ချင်ဝှမ်ဝူသည် သည်းညည်းမခံနိုင်တော့ပဲ စားပွဲကို လက်သီးဖြင့် ထုကာ

'ခင်းဗျားတို့ ဒီမိန်းမအကြောင်းလဲ မသိဘူး၊ သက်သေလဲ မရှိဘူး၊ ဒါပေမယ့် ခင်ဗျားတို့က ဒီမိန်းမရဲ့စကားကို ဘာကြောင့် ယုံရတာလဲ'

ချူလီလျှံက ကြမ်းပေါ်တွင် ဒူးထောက်နေရာမှ မတ်တတ်ရပ်လိုက်ပြီး ဒေါသဖြစ်လွန်း၍ နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်နေလေသည်။

ပြီးမှ မျက်နှာကို ခပ်တင်းတင်း တစ်ချက်ပြုံးလိုက်ပြီး....

'ဒီမယ် ဝူကန်လိန်၊ ရှင် ကျွန်မကိုစွန့်ပစ်တာကတော့ အရေးမကြီးပါဘူး၊ ဒါပေမယ့် နတ်မင်းလေးပါးအဖွဲ့ချုပ် ဆူးစိကျဲကိုလွှတ်ပြီး ကျွန်မကိုစော်ကားခိုင်းဖို့ မသင့်ပါဘူး၊ ပြီးတော့ ရှောင်ပေါင်က ရှင့်ရဲ့သားပါ၊ သူ့ကို ရှင် ဒုက္ခမပေးသင့်ပါဘူး'

ချူလီလျှံ၏စကားများက တုံးမုရှာ၏ရင်ကို တုန်ခါစေ၏။

ချူလီလျှံသည် လောင်အော့၏လက်ထဲမှ ဝူရှောင်ပေါင်ကို လှမ်း၍ပွေ့ချီလိုက်ပြီး ဝူရှောင်ပေါင်၏လည်ပင်းမှ လည်ဆွဲပြားတစ်ခုကို ဖြုတ်ယူ၍ ချင်ဝှမ်ဝူ၏ရှေ့၌ ပစ်ချလိုက်လေသည်။

ချူလီလျှံသည် ချင်ဝှမ်ဝူကို စေ့စေ့ကြည့်ကာ...

'ဒါ ကျွန်မတို့သားအမိအတွက် ရှင့်ရဲ့ပစ္စည်းတစ်ခုပဲ၊ ရော့-ရှင်ပြန်ယူသွားတော့၊ ကျွန်မတို့သားအမိဘဝနဲ့ ကျွန်မတို့သားအမိ ရှိပါစေတော့လေ'

ချင်ဝှမ်ဝူက ချူလီလျှံ၏စကားကို ဘာမျှ တုံ့ပြန် ပြောဆိုခြင်း မရှိပါ။

သူသည် မိမိရှေ့သို့ရောက်လာသော လည်ဆွဲပြားကို ကြည့်ရင်း မျက်စိမျက်နှာ ပျက်၍နေလေသည်။

သူသည် လည်ဆွဲပြားကို လှမ်းယူလိုက်လေသည်။

သို့သော် တုံးမုရှာ၏လှုပ်ရှားမှုက ပိုမြန်သဖြင့် လည်ဆွဲပြားသည် တုံးမုရှာ၏လက်ထဲသို့ ရောက်ရှိသွားလေသည်။

တုံးမုရှာသည် လည်ဆွဲပြားကို သေချာစွာ ကြည့်လိုက်လေသည်။

လည်ဆွဲပြားဟု ဆိုသော်လည်း....

အမှန်မှာ တံဆိပ်တစ်ခုသာ ဖြစ်၏။



တိတိကျကျဆိုရလျှင် တံဆိပ်တစ်ဝက်သာ ဖြစ်သည်။

ယင်းတစ်ပိုင်းသာရှိသော တံဆိပ်ပြားကိုကြည့်ရင်း ချူလီလျှံပြောသော စကားများသည် အမှန်ဖြစ်လိမ့်မည်ဟု တုံးမုရှာ ယုံကြည်မိလေတော့သည်။

အကြောင်းမှာ....

သူမသည် ယင်းတံဆိပ်၏ ကျန်တစ်ဝက်ကို သူမ တွေ့ဖူးသောကြောင့် ဖြစ်ပါသည်။

ထိုတံဆိပ်၏ အခြားတစ်ဝက်မှာ ချင်ဝှမ်ဂူ၏ခါးတွင် အမြဲတန်း ချိတ်ဆွဲထားခဲ့သည် မဟုတ်ပါလော။

သို့ဖြစ်၍ ချင်ဝှမ်ဝူသည် တုံးမုရှာ၏လက်ထဲမှ လည်ဆွဲပြားကို မျက်စိမျက်နှာ ပျက်စွာဖြင့် ကြည့်နေရာမှ....

ယောင်ယမ်း၍ မိမိ၏ခါးပေါ်မှ တံဆိပ်ကို စမ်းကြည့်လိုက်မိလေတော့သည် မဟုတ်ပါလား။

* * *

တုံးမုရှာက လက်ထဲမှတံဆိပ်ပြားကို ချင်ဝှမ်ဝူထံလှမ်းပေးရင်း....

'ဒီတံဆိပ်ပြားတစ်ပိုင်းက ရှင့်ရဲ့အိမ်မှာရှိတယ်ဆို'

ဟု မေးလိုက်၏။

သူမ၏လေသံထဲ၌ သက်ဘရန့်မကင်းကြောင်း ချင်ဝှမ်စုနားလည်လိုက်၏။

ချင်ဝှမ်ဝူ၏နဖူးတွင် ချွေးစေးများ စီးကျလာကာ တုံးမုရှာကမ်းပေးသောတံဆိပ်ပြား တစ်ပိုင်းကို လှမ်းယူလိုက်ရင်း....

'ဟုတ်တယ်၊ တစ်ပိုင်းက ကျုပ်ဆီမှာရှိတယ်၊ ကျန်တစ်ပိုင်းက အိမ်မှာရှိတယ်'

တုံးမုရှာက နှုတ်ခမ်းတစ်ချက်မဲ့ကာ....

'ဒါဖြင့် ဒီတစ်ပိုင်းက ဘာဖြစ်လို့ ရှင့်သားရဲ့လည်ပင်းပေါ် ရောက်နေရတာလဲ'

ဟု မေးလိုက်၏။

တုံးမုရှာ၏မေးခွန်းက နည်းလမ်းကျသဖြင့် ချင်ဝှမ်မူ မည်သို့ ပြန်လည်ဖြေကြားရမှန်းမသိအောင်ပင် ဦးနှောက်ခြောက်သွား၏။

အတန်ကြာမှ ချင်ဝှမ်ဝူသည် စားပွဲကို လက်ဖြင့် တစ်ချက်ပုတ်ကာ....

'ဘယ်သူ့သားလဲ၊ ငါ့သားမဟုတ်ဘူး၊ ဒီမှာညီမ မင်းသူများရဲ့ ထောင်ချောက်ထဲကို မဝင်မိပါစေနဲ့'



တုံးမုရှာက ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ် ရှင်ပြောတာမှန်တယ်၊ ဒီအချိန်ဟာ ကျွန်မသတိထားရမယ့်အချိန်ပဲ၊ ဟင်း-ဟင်း၊ ရှင့်ရဲ့ထောင်ချောက်က သိပ်တော်တယ်၊ ရှင့်ရဲ့ထောင်ချောက်ထဲ မဝင်မိအောင်သတိပေးတဲ့ ရှင့်ကို ကျေးဇူးတင်ပါတယ်၊ တကယ်လို့ ရှင်ဟာတကမ္ဘာလုံးပေါ်မှာရှိတဲ့ မိန်းမတွေကို ရှင့်ရဲ့ထောင်ချောက်ထဲဝင်ဖို့ စဉ်းစားတယ် ဆိုရင်တော့ ရှင်ဟာ အလွန် ယုတ်မာကောက်ကျစ်တဲ့လူစားပဲ'

ဟု ပစ်ပစ်ခါခါပြောလိုက်၏။

ထို့နောက် သူမသည် ထိုင်ရာမှထလိုက်လေသည်။

ချင်ဝှမ်ဝူသည် ထိုင်ရာမှထကာ တုံးမုရှာ၏ ပခုံးနှစ်ဘက်ကိုဆုပ်ကိုင်ရင်း....

'ညီမ'

သို့သော် ချင်ဝှမ်ဝှ၏ စကား မဆုံးပါ၊ ညီမ ဟူသောစကား တစ်ခွန်းသာ ပြောရသေးသည်။

တုံးမုရှာက ရုတ်တရက် ချင်ဝှမ်ဝူ၏လက်ကိုဖယ်ရှားလိုက်ပြီးတစ်ဆက်တည်းမှာပင် သူမ၏ လက်ဝါးက ချင်ဝှမ်ဝူ၏ ပါးပြင်ပေါ်သို့ ကျရောက်သွားလေတော့၏။

'ဖြန်း'

ဟူသော အသံမဆုံးမီမှာပင် တုံးမုရှာသည် ထိုနေရာမှ လှမ်း၍ ထွက်ခွာသွားလေတော့၏။

သူမ၏ လမ်းကို လူတစ်ယောက်က ရုတ်တရက် ပိတ်ဆို့ထားလိုက်လေတော့သည်။

*

## အခန်း ၀ ၆

တုံးမုရှာ၏ ရှေ့၌ လမ်းပိတ်ဆို့၍ ရပ်နေသူသည် အလွန်သော လူကြီး တစ်ဦး ဖြစ်၏။

ခန္ဓာကိုယ်က အလွန်ဝသော်လည်း ထိုလူ၏ မျက်နှာက ငယ်တစ်ယောက် ဖြစ်ကြောင်း သိနိုင်၏။

ထိုလူဝကြီး၏ လက်ထဲမှ အရက်အိုးကလည်း လူဝကြီးသို့ပင် သာမန် အရက်အိုးထက် ကြီးမား၏။

တုံးမုရှာသည် ထိုလူဝကြီးကို မျက်မှောင် တစ်ချက် ကုတ်ကြည့်ရင်း မိမိ၏ ခန္ဓာကိုယ်ကို တစ်ဘက်သို့ စောင်း၍ ရှောင်မှကာ ဆက်လက် ထွက်ခွာသွား၏။

သို့သော်....

လူဝကြီး၏ လက်တစ်ဘက်က ဆန့်ထွက်လာပြီး တုံးမုရှာ၏ လက်မောင်းကို လှမ်းကိုင်ကာ

'မမလေး တုံးမုရှာ....နေပါဦး'

ဟု ပြောလိုက်၏။

တုံးမုရှာက မိမိ၏ လက်မောင်းကို လှမ်း၍ ဆွဲလိုက်သော လူဝကြီးကို မျက်မှောင်ကုတ်၍ ကြည့်လိုက်ပြီး

'ရှင်က ဘယ်သူလဲ၊ ကျွန်မကို တုံးမုရှာမှန်း ဘယ်လို သိသလဲ'

ဟု မေးလိုက်၏။

လူဝကြီးက ရယ်မောလိုက်ပြီး

'ချင်ရင်းဌာနသခင်ကြီးရဲ့ သမီးကို မသိဘူးဆိုရင် ရှိုင်းရာ ကျတော့မှာပေါ့'

လူဝကြီး၏ စကားကြောင့် တုံးမုရှာသည် လူဝကြီးကို ပိုမို စိတ်ဝင်စားကာ

'ရှင်က ကျွန်မ အဖေကို သိလို့လား'

လူဝကြီးက ဦးခေါင်းကို ညိတ်ကာ

'ဟုတ်ကဲ့....ဒါနဲ့ ဆရာကြီး တုံး နေကောင်းရဲ့လား'

ဟု မေးလိုက်လေသည်။



လူဝကြီး၏ စကားကြောင့် တုံးမုရှာသည် ရုတ်တရက် ဝမ်းနည်းကာ တစ်ချက် ငိုရှိုက်လိုက်ပြီး

'ဖေဖေ...ဖေဖေ... ဆုံးပြီ'

ဟု ပြောလိုက်၏။

လူဝကြီးက အံ့ဩသော မျက်နှာဖြင့်

'ဟုတ်လား....ဘာရောဂါနဲ့လဲ၊ ဆရာကြီး ဖျားတတ် နာ တတ်တယ် ဆိုတာ မကြားမိသလောက်ဘဲ'

တုံးမုရှာက ဝမ်းနည်းစွာ တစ်ချက် ရှိုက်လိုက်ရင်း

'ဖေဖေ ဆုံးတာ ရောဂါကြောင့် မဟုတ်ဘူး'

လူဝကြီး၏ မျက်နှာပေါ်၌ ပို၍ အံ့အားသင့်ဟန် ပေါ် လာပြီး

'ရောဂါကြောင့် မဟုတ်ဘူး ဟုတ်လား၊ ဒါဖြင့်....'

ဟု ပြောကာ သူ၏ စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်တန့် သွားလိုက်၏။

သူသည် တုံးမုရှာကို မေးရန် အားနာသဖြင့် စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

တုံးမုရှာက သက်ပြင်း တစ်ချက် မှုတ်ထုတ်ရင်း သူမ၏ လက်ဖမိုးဖြင့် မျက်ရည်စများကို တစ်ချက် သုတ်လိုက်၏။

ပြီးမှ

'အသတ်ခံရတာ'

ဟု ဖြည်းညင်းစွာ ပြောလိုက်လေသည်။

လူဝကြီးက မျက်မှောင်ကုတ်လိုက်ပြီး

'ဘယ်သူ့ လက်ချက်လဲ ဆိုတာ တုံးမုရှာ သိသလား'

ဟု မေးလိုက်သည်။

တုံးမုရှာက ဦးခေါင်းညိတ်ပြရင်း

'သိတယ်'

လူဝကြီးက

'ဘယ်သူလဲ'

တုံးမုရှာက

'ကျင်းကျီကျွန်း'

တုံးမုရှာ၏စကားကြောင့် လူဝကြီးသည် မျက်ခုံးတစ်ချက် ပင့်တင်လိုက်ပြီး....

'ကျင်းကျီကျွန်း ဟုတ်လား၊ ရွှေတူလက်နက်သုံးတဲ့ ကျင်းကျီကျွန်းမဟုတ်လား'

တုံးမုရှာက ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ် သူ့ရဲ့ရွှေတူလက်နက်နဲ့ ဖေဖေဆုံးရတာ'

လူဝကြီး၏မျက်နှာသည် တစ်ချက် တင်းမာသွားပြီး....

'ဪ....ဒီသူခိုးက ကွမ်းစိရောက်လာပြီး ဆရာကြီးတုံးကို တောင် သတ်လိုက်ပြီပဲ'

ဟု နှုတ်ခမ်းကိုမဲ့၍ ပြောလိုက်လေသည်။



ထိုစဉ်....

လောင်စန်းက သူတို့အနီးသို့ ရောက်ရှိလာပြီး လူဝကြီး၏ ပခုံးကို လှမ်းပုတ်ကာ တဟားဟား ရယ်မောရင်း....

'သခင်လေး ထန်ကြိုချမ်းပါလား၊ ဘာကိစ္စ အရေးတကြီး နဲ့ ရောက်လာရတာတုန်း'

ဟု မေးလိုက်လေသည်။

လောင်စန်း၏စကားကြောင့် တုံးမုရှာသည် လူဝကြီးကို အံ့ဩဟန်ဖြင့် ကြည့်လိုက်မိလေသည်။

လောင်စန်းက ဆက်လက်၍....

'လူမှာအမည်၊ သစ်ပင်မှာအရိပ်တဲ့၊ ပြီးတော့ လောက ပေါ်မှာ ပထမတန်း အရက်သမား ထန်ကြိုချမ်းရဲ့ ဟောဒီဗိုက်၊ ဒါတွေဟာ မင်းကို မမြင်ဖူး မတွေ့ဖူးပေမယ့် သခင်လေး ထန်ကြိုချမ်းမှန်း သိနိုင်တဲ့လက္ခဏာတွေပဲ ဟဲ....ဟဲ၊ ပြီးတော့ ထန်ကြိုချမ်းရဲ့ဗိုက်နဲ့ အရက်အိုးဟာ အတူတူပဲဆိုတာ လူတိုင်း သိနိုင်တာပဲ'

ဟု ပြောလိုက်လေသည်။

တုံးမုရှာသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး လူဝကြီးကို ကြည့်ကာ....

'လက်စသတ်တော့ ရှင်က ကျွန်မအဖေ မကြာမကြာပြော ဖူးတဲ့ ဟန်ကြူးမြို့က ထန်အတိုးအိုရဲ့သား ထန်ကြိုချမ်းကိုး'

ထန်ကြို့ချမ်းက ဦးခေါင်းကိုညွှတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

တုံးမုရှာက ပြုံးကာ....

'ဖေဖေက ထန်မျိုးတွေဟာ သိုင်းလောကမှာ သတ္တိရှိတဲ့အကြောင်း မကြာမကြာပဲ ပြောပြပါတယ်'

ထန်ကြို့ချမ်းက တစ်ချက်ရယ်မောလိုက်ရင်း....

'မမလေးတုံးမုရှာ မြှောက်တာနဲ့ ကျွန်တော် မိုးပေါ်ရောက်သွားပါဦးမယ်'

တုံးမုရှာက ရယ်မောလိုက်ပြီး....

'ဒါနဲ့ သခင်လေးထန် ဒီကိုလာတာ'

တုံးမုရှာသည် သူတပါး၏ကိစ္စကို မစပ်စုသင့်ကြောင်း သတိရကာ ပြောလက်စစကားကို ရုတ်တရက် ရပ်တန့်လိုက်၏။

ထန်ကြို့ချမ်းက ပြုံး၍....

'ဒီတစ်ခေါက် ကွမ်းစီကိုလာတာ ကျင်းကျိကျွန်းနဲ့ စာရင်းရှင်းဖို့ပဲ၊ ပြီးတော့ မမလေးတုံးမုရှာရဲ့ဖေဖေကို ဝင်ပြီးဂါရဝပြုမလို့'

ထန်ကြို့ချမ်း၏ စကားဆုံးသည်နှင့် လောင်တက သူတို့အနီးသို့ ရောက်လာပြီး....

'သခင်လေးထန် စကားပြောလို့ ပြီးပြီလား'

ဟု မေးလိုက်သည်။



ထန်ကြို့ချမ်းက ရုတ်တရက် မျက်မှောင်ကုတ်၍ လောင်တကို ကြည့်လိုက်ပြီး....

'ကိစ္စရှိလို့လား'

ဟု မေးလိုက်၏။

လောင်တက စိတ်မရှည်သောလေသံဖြင့်....

'ရှိတယ်၊ ခင်ဗျား ဘေးဖယ်ပေးပါ'

ထန်ကြို့ချမ်းက....

'ကျုပ် ဘေးမဖယ်ပေးရင် ခင်ဗျားတို့ကိစ္စ လုပ်လို့မရဘူးလား၊ ခင်ဗျားတို့က ဘာလုပ်မှာလဲ'

လောင်တက ရင်ကိုကော့၍ ဝင့်ကြွားသော လေသံဖြင့်....

'ကျုပ်တို့ မှော်ဆရာကြီးသုံးယောက်က သားအရင်းကို သတ်ဖို့ကြံတဲ့ သစ္စာမဲ့တဲ့လူတစ်ယောက်ကို ဆုံးမမလို့၊ တခြားကိစ္စမရှိဘူးဆိုရင်တော့ ကျုပ်တို့ ဘယ်လို ဆုံးမမလဲဆိုတာ ကြည့်ပါဦးလား'

လောင်တ၏စကားအဆုံး၌ လောင်အော့က ဝင်ရောက်၍....

'ပြောတာကြာပါတယ်၊ အခုပဲ ဒီချင်ဝှမ်ဘူဆိုတဲ့ လူယုတ်မာကို ရှင်းပစ်စို့'

ဟု ပြောလိုက်လေသည်။

ချင်ဝှမ်ဘူသည် မျက်စိမျက်နှာပျက်နေရာမှ ရုတ်တရက် အရှူးတစ်ယောက်ကဲ့သို့ ရယ်မောလိုက်ပြီး....

'အင်း....ချင်ဝှမ်ဝူ–ချင်ဝှမ်ဝူ မင်းတစ်သက်လုံး ရိုးဖြောင့်လာတာ ဒီလူထူးလူဆန်းတွေနဲ့တွေ့မှပဲ လူယုတ်မာ ဖြစ်ရတော့တယ်၊ ဟင်း....တကယ်ပဲ ကံကြမ္မာက မျက်နှာလွှဲနေပြီထင်တယ်'

ဟု မိမိကိုယ်မိမိ ပြောလိုက်လေသည်။

လောင်တက သဘောကျစွာ တစ်ချက် ရယ်မောလိုက်ပြီး

'ဟား........ဟား.... ကံကြမ္မာက မျက်နှာလွှဲတာ မဟုတ်ဘူး၊ အမှန်တော့ လောကကြီးဟာ ကြေးမုံပြင် တစ်ချပ်ပဲ၊ မင်းကရယ်မောရင်း ကြေးမုံထဲက မင်းရဲ့ပုံရိပ်ကလဲ ရယ်မယ်၊ မင်းကငိုယင် မင်းရဲ့ ပုံရိပ်ကလဲ ငိုမှာပဲ၊ မင်းလို လူယုတ်မာကို လောကမှာ အသက်ရှင်နေဖို့ မသင့်တော်တဲ့အတွက် ကံကြမ္မာက ဖန်တီးပေးတာပဲ'

လောင်အော့က ဦးခေါင်းကို ညိတ်ကာ....

'ဟုတ်တယ်၊ မင်းလိုလူစား ဒီကမ္ဘာမှာ ရှိနေရင် မိန်းကလေးတွေအတွက် ရင်လေးစရာပဲ'

လောင်အော့က ဦးခေါင်းကို ညိတ်ကာ....

'ဟုတ်တယ်'ဟု ဝင်ရောက်၍ ပြောလိုက်လေသည်။

ချင်ဝှမ်ဝူသည် နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်ပြီး သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိလေသည်။



အကြောင်းမှာ မှော်ဆရာကြီး သုံးယောက်၏ လုပ်ရပ်များသည် အမြဲတမ်း ထူးဆန်းကာ တစ်ခါတစ်ရံ၌ ပေါကြောင်ကြောင်နှင့် အရူးကဲ့သို့ ဖြစ်သော်လည်း တစ်ခါတရံ၌ တည်ငြိမ်ကာ တိကျမှန်ကန်သော လူစားများ ဖြစ်၏။

မည်သို့ပင် ဆိုပါစေ ထိုမှော်ဆရာကြီး သုံးယောက်သည် စိတ်ရင်းကောင်းသော သိုင်းသမားကြီး များသာ ဖြစ်၏။

ယခု ထိုမှော်ဆရာကြီး သုံးယောက်သည် တည်ငြိမ်ကာ ပြောသည့်အတိုင်း လုပ်မည့်ဟန် ပေါ်လွင်၍ နေလေသည်။

သို့ဖြစ်၍....

ချင်ဝှမ်ဝူသည် မိမိ၏ ဆိုးရွားသော အနာဂတ်ကို တွေးမိကာ မည်သည့်စကားမျှ မပြောနိုင်အောင်ပင် ဖြစ်၍ နေလေသည်။

ထိုအချိန်တွင် ထန်ကြိုချမ်းက အေးစက်စွာ တစ်ချက်ရယ်မောလိုက်ပြီး....

'တကယ်၊ သူ့အမေမှပဲ၊ ကမ္ဘာပေါ်က ပထမတန်းတုံးတွေပဲ'

ဟု ပြောလိုက်လေသည်။

လောင်တက ထန်ကြိုချမ်းနှင့်အတူ လိုက်၍ ရယ်မောလိုက်ပြီး ချင်ဝှမ်ဝူကို ကြည့်ကာ....

'တွေ့လား ချင်ဝူမ်ဝူ၊ သခင်လေး ထန်ကတောင် မင်းဟာ ကမ္ဘာပေါ်က ပထမတန်း တေးဆိုတာ သိသွားပြီ'

ဟု ပြောလိုက်လေသည်။

လောင်တ၏ စကားကြောင့် ထန်ကြိုချမ်း၏မျက်နှာ ရှုံ့မဲ့သွားပြီး....

'ချင်ဝှမ်စူက ဘာဖြစ်လို့ ကမ္ဘာ့ပထမတန်းတေး ဖြစ်ရမှာလဲ၊ သူ့မှာ အဲဒီလောက် အရည်အချင်း မရှိဘူး'

ထန်ကြိုချမ်း၏ စကားကြောင့် လောင်အော့သည် မျက်ခုံးတစ်ဘက်ကို ပင့်တင်လိုက်ရင်း....

'သူ့မှာ အရည်အချင်း မရှိဘူး၊ ဟုတ်လား'
ထန်ကြိုချမ်းက ဦးခေါင်းညိတ်ကာ....
'ဟုတ်တယ်'

လောင်အော့က မျက်မှောင်ကုတ်ရင်း....

'ဒါဖြင့် မင်းက ဘယ်သူ့ကို ကမ္ဘာပေါ်က ပထမတန်းတေးလို့ ပြောတာလဲ'

ထန်ကြိုချမ်းက မှော်ဆရာကြီး သုံးယောက်ကို လက်ညှိုးယမ်း ပြလိုက်ပြီး

'မင်းတို့သုံးယောက်က လွဲပြီး ဘယ်သူက ပထမတန်းတေးတွေ ဖြစ်မှာလဲ'

လောင်အော့က သဘောကျဟန်ဖြင့် ရယ်မော လိုက်ပြီး



'ဟဲ- ဟဲ သခင်လေးထန်ရဲ့ ချီးကျူးမှုကို မခံယူရဲပါဘူး'

ဟု ပြောလိုက်လေသည်။

ထိုစဉ်

လောင်တက လောင်အော့ကို ဒေါသဖြစ်သော မျက်လုံးများဖြင့် တစ်ချက် ကြည့်လိုက်ရင်း

'သူ့အမေမှပဲ၊ သူက မင်းကို ချီးကျူးတာ မဟုတ်ဘူး၊ မင်းကိုဆဲနေတာ'ဟု အော်ငေါက်လိုက်၏။

ထန်ကြိုချမ်းက ရယ်မောကာ

'ဟုတ်တယ်၊ ကျုပ်က မင်းတို့ သုံးယောက်ကို ဆဲတာ၊ ဟင်း ဟင်း၊ မင် တို့ရဲ့ ဆရာရှိနေရင်လဲ မင်းတို့ကို မြေကြီးပေါ်မှာ ဇောက်ထိုးထားပြီးဆဲမှာပဲ၊ ဘယ့်နှယ် ကိုယ့်ဘာသာကိုယ် သူများရဲ့အလိမ် ခံလို့ ခံရမှန်း မသိပဲနဲ့'

ထန်ကြိုချမ်း၏ စကားကြောင့် လောင်တသည် မျက်နှာရှုံ့မဲ့ကာ

'ဟွန်း၊ ငါတို့လို မှော်ဆရာကြီး သုံးယောက်ကို ဘယ်သူက လိမ်ရဲမှာလဲ၊ ဟင်း၊ ဟင်း'

'လိမ်ရဲရင် လိမ်ကြည့်ပါလား၊ နားရွက်တစ်ဘက်ဆွဲဖြုတ်လိုက်မှာပေါ့'

လောင်စန်းကလည်း အားကျမခံ ဝင်ရောက်၍ ပြောလိုက်၏။

'ဟုတ်တယ်၊ တစ်ခါတည်း နန်းတွင်းက အပျိုရုံဖြစ်အောင် သင်း သတ်ပစ်လိုက်မယ်'

လောင်စန်း၏စကား အဆုံး၌ ထန်ကြိုချမ်းသည် သဘောကျစွာ ရယ်မောလိုက်ပြီး

'ဒါကြောင့် ပထမတန်း တွေ့တွေ့ ဖြစ်နေတာပဲ၊ ဟွန်း ငါတို့ကသာ အခေါင်းနဲ့ ခွေးသားကင်တဲ့အနံ့ကို မရပဲ မင်းတို့နောက် မလိုက်လာမိမှင် ချင်ဝှမ်ဝူတော့ ဒုက္ခပဲ'

ဟု ပြောလိုက်၏။

ထန်ကြိုချမ်း၏ စကားကြောင့် လောင်အော့သည် မျက်မှောင်ကြုတ်လိုက်ပြီး

'မင်းတို့ ဟုတ်လား၊ မင်းတို့ဆိုတာ ဘယ်သူလဲ၊ ဒီမှာ မင်းတို့ဖြစ်ဖြစ် ငါပြောမယ်၊ ချင်ဝှမ်ဝူက ဝူကန်လိမ်လို နာမည်ပြောင်းပြီး ချူလီလျံကိုယူတယ်၊ ပြီးတော့ ချူလီလျံနဲ့ရတဲ့ သူ့ရဲ့သား ဝူရှောင်ပေါင်ကိုသတ်ဖို့ ဝူဟိုက်ကျန်ကို ငွေပေးပြီး ခိုင်းတယ်၊ ဟဲ ဟဲ မင်း ငြင်းမယ်မှကြံနဲ့၊ ဝူရှောင်ပေါင်ရဲ့ လည်ပင်းကသူ့ရဲ့တံဆိပ်ပြား တစ်ပိုင်းကို ရခဲ့တယ်၊ ဒါကြောင့် ချင်ဝှမ်ဝူကို ငါတို့သတ်ရင် အပြစ်မဖြစ်နိုင်ဘူး'

ထန်ကြိုချမ်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး



'ဒီမှာ ငါတို့ ဘယ်သူတွေလဲဆိုတာ ပြောပြမယ်၊ ငါရယ်၊ ကုလားအုတ် ဘုန်းကြီးရယ် ပြီးတော့ နှင်းဓားသိုင်းသမား လုံဆင်ပိ'ဟု ပြောလိုက်လေသည်။

မှော်ဆရာကြီး သုံးယောက်သည် ကုလားအုတ် ဘုန်းကြီး ဟူသော အမည်ကို ကြားလိုက်သည့်အခါ၌ သူတို့သုံးယောက်သည် တစ်ပြိုင်တည်း အံ့အား သင့်ဟန်ဖြင့် နေရာမှ ထခုန်ကာ

'သိုင်းသမားကြီး လုံဆင်ပိ ဘယ်မှာလဲ'

ဟု မတိုင်ပင်ပဲ ပြိုင်တူ မေးလိုက်မိလေတော့သည်။

ထန်ကြိုချမ်းက လက်ဝှေ့ယမ်း ပြလိုက်ရင်း

'မလောနဲ့၊ မကြာခင် သူတို့ ရောက်လာလိမ့်မယ်'ဟုပြောလိုက်လေသည်။

ပြီးမှ သူသည် မှော်ဆရာကြီး သုံးယောက်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး

'အခုတော့ ချင်ဝှမ်ဝူအပေါ် မတရား စွပ်စွဲတဲ့ ကိစ္စကို ပြန်ပြီး ဆွေးနွေးရအောင်'

လောင်တာက....

'ပြန်ပြီး ဆွေးနွေးဖို့ လိုသေးလို့လား'

ထန်ကြိုချမ်းက ဦးခေါင်းညိတ်ကာ....

'လိုတယ်'

လောင်တာက ဦးခေါင်း ခါယမ်းလိုက်ပြီး....

'မလိုဘူးလို့ ထင်တယ်၊ သူက လူယုတ်မာပဲ၊ သူ့ကို ချက်ချင်း ဆွဲထုတ်ပြီး ဓားနဲ့ ပိုင်းပစ်ရမယ်'

လောင်တ၏ စကားကို လောင်အော့က သဘောမကျဟန်ဖြင့် ဦးခေါင်းကို ခါယမ်းကာ....

'ဆွဲထုတ်ပြီး ဘာလို့ ခုတ်ရမှာလဲ၊ ဆွဲဝင်ပြီး ခုတ်လို့ မရဘူးလား'

လောင်စန်းက အနည်းငယ် ပြုံးကာ....

'အို....အပေါ် ဆွဲတက်ပြီး ခုတ်လဲ မထူးပါဘူး'

လောင်တက တစ်ချက် စဉ်းစားကာ....

'အောက်ဆွဲချပြီး ခုတ်လဲ ဖြစ်တာပဲ'

လောင်အော့က မျက်မှောင်ကုတ်လိုက်ရင်း....

'ဒီလိုလုပ်မယ်၊ ဆွဲထုတ်ပြီး တစ်ဝက်ခုတ်မယ်၊ ပြီးတော့ ဆွဲဝင်ပြီး တစ်ဝက်ခုတ်မယ်'

လောင်စန်းက လက်ကာပြရင်း....

'ငါ့အထင်ပြောရရင် အပေါ်ဆွဲတင်ပြီး တစ်ဝက်ခုတ်လိုက်၊ နောက်မှ အောက်ပြန်ဆွဲချပြီး တစ်ဝက်ခုတ်လိုက်'

လောင်တက မျက်နှာ ခပ်တင်းတင်းဖြင့်....

'ဟေ့....လျှာမရှည်ကြနဲ့၊ ချင်ဝှမ်ဝူကို လေးပိုင်း ပိုင်းမယ်၊ ဆွဲထုတ်ပြီး တစ်ပိုင်း ပိုင်းမယ်၊ ဆွဲတင်ပြီး တစ်ပိုင်း ပိုင်းမယ်၊ နောက် အပေါ်ဆွဲတင်ပြီး တစ်ပိုင်း ပိုင်းမယ်၊ ပြီးမှ အောက်ဆွဲချပြီး တစ်ပိုင်း ပိုင်းမယ်'



လောင်စန်းက အနည်းငယ် စဉ်းစားကာ....

'နေဦး၊ အပေါ်ဆွဲတင်ဖို့ ဒီဆိုင်မှာ အထပ်မရှိဘူး'

လောင်အော့ကလည်း စဉ်းစားမိဟန်ဖြင့်....

'ဟုတ်တယ်၊ အောက်ဆွဲချဖို့ကလဲ ဒီဆိုင်မှာ မြေအောက်ခန်း မရှိဘူး'

ထိုစဉ်....

ထန်ကြိုချွမ်းက စားပွဲကို လက်ဝါးဖြင့် 'ဖြန်း'ခနဲ တစ်ချက် ရိုက်လိုက်ပြီး....

'တိတ်'

ဟု အော်ဟစ်လိုက်၏။

ထန်ကြိုချွမ်း၏ အော်ဟစ်သံကြောင့် မှော်ဆရာကြီးသုံးယောက်သည် ရုတ်တရက် ပါးစပ်ပိတ်သွား၏။

ထန်ကြိုချွမ်းက နှုတ်ခမ်း တစ်ချက် မဲ့လိုက်ပြီး....

'မင်းတို့က စကားကြီး စကားကျယ် ပြောပြီး လူတစ်ယောက်ကို အပြစ်တင်ဖို့ပဲ သိတယ်၊ မင်းတို့ကို ငါမေးမယ်၊ ဆူးစိကျဲက ဘယ်ကလူဆိုတာ သိလား'

လောင်တ၊ လောင်အော့နှင့် လောင်စန်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်၏။

လောင်တက လောင်အော့ကို ကြည့်သည်။

လောင်အော့က လောင်စန်းကို ကြည့်သည်။

လောင်စန်းက လောင်တကို ကြည့်သည်။

ထို့နောက်....

သူတို့ သုံးယောက်သည် ထန်ကြို့ချမ်းကို ပြိုင်တူ ကြည့်၏။ ပြီးမှ....

လောင်အော့က....

'ဆူးစိကျဲ ဆိုတာ ဆူးစိကျဲပေါ့'

ထန်ကြို့ချမ်း စိတ်ပျက်သွား၏။

လောင်တက လောင်အော့၏ စကားကို ဖြည့်စွက်ပေးလိုက်သည်။

'ဆူးစိကျဲ ဆိုတာ နတ်မင်းလေးပါး အဖွဲ့က အဖွဲ့ချုပ်ပဲ၊ သိုင်းပညာ မဆိုးဘူး၊ မြားပစ်တော်တယ်'

ထန်ကြို့ချမ်းက ဦးခေါင်း ညိတ်လိုက်ပြီး....

'ဟုတ်ပြီ၊ ဒါနဲ့ ချူလီလျံက ရော'

လောင်အော့က တုံ့ဆိုင်းမနေဘဲ....

'ချူလီလျံက ချောတယ်'

ဟု ပြောလိုက်၏။

လောင်အော့၏ စကားကြောင့် ထန်ကြို့ချမ်းသည် စိတ်ပျက်ဟန်ဖြင့် သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်မိလေတော့သည်။

ပြီးမှ....



'ချောတာ လှတာကို မေးတာ မဟုတ်ဘူး၊ သိုင်းပညာ တတ်မတတ် မေးတာ'

ဟု ထန်ကြို့ချမ်းက စိတ်မရှည်စွာဖြင့် ပြောလိုက်၏။

လောင်အော့က ရယ်ကျဲကျဲ မျက်နှာထားဖြင့်....

'ချူလီလျံက အားနွဲ့တဲ့ မိန်းမသားပဲ၊ ကြက်ငှက်တောင် မိအောင် ဖမ်းနိုင်မှာ မဟုတ်ဘူး'

ထန်ကြို့ချမ်းက ခပ်တင်းတင်း တစ်ချက် ပြုံးလိုက်ပြီး....

'ကောင်းပြီ၊ တစ်ယောက်က သိုင်းပညာ တော်တယ်၊ တစ်ယောက်က အားနွဲ့တဲ့ မိန်းကလေး၊ ဒါဆို ဘာဖြစ်လို့ သေတဲ့လူက ချူလီလျံ မဖြစ်ဘဲ ဆူးစိကျဲ ဖြစ်နေရတာလဲ'

ထန်ကြို့ချမ်း၏ စကားကြောင့် မှော်ဆရာကြီး သုံးယောက် ပြိုင်တူ ငေးငိုင်သွား၏။

သူတို့ သုံးယောက်သည် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်နေကြ၏။

သူတို့သည် ထန်ကြို့ချမ်း၏ အမေးကို မည်သို့ ဖြေရမှန်း မသိအောင်ပင် စဉ်းစားရ ခက်ဟန်ဖြင့် ငေးကြောင်နေမိလေသည်။

အတန်ကြာမှ....

လောင်အော့က အသက် တစ်ချက် ပြင်းပြင်း ရှူလိုက်ပြီး မိမိ၏ ရင်ကို ကော့၍....

'ဆူးစိကျဲက သိုင်းပညာ တော်တယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ သူ့ရဲ့ စိတ်ဟာ ရမ္မက်တွေ ဖုံးလွှမ်းနေလို့ ဘာမှ သတိထားမိမှာ မဟုတ်ဘူး၊ ပြီးတော့လဲ ချူလီလျံက သူ့ကို ဒီလို လုပ်လိမ့်မယ်လို့ မထင်ခဲ့ဘူး'

လောင်တက လောင်အော့၏ စကားကို သဘောတူဟန်ဖြင့် ဦးခေါင်းညိတ်ကာ....

'ဟုတ် တယ်၊ ဒါ ဖြစ် နိုင် တယ်၊ နည်း လမ်း ကျ တယ်၊ ဟင်း....ဟင်း၊ လောင်အော့က ကျုပ်လောက်နီးနီး တွေးခေါ် တတ်လာပြီ'

ဟု ပြောလိုက်၏။

လောင်တ၏ စကားက လောင်အော့၏ မျက်နှာကို အရုပ်ဆိုးစွာ ရှုံ့မဲ့စေ၏။

ထန်ကြိုချွမ်းက မဲ့ပြုံး ပြုံးရင်း

'လွယ်လိုက်တာ၊ အားနဲ့တဲ့ မိန်းကလေး တစ်ယောက်က ဆူးစိကျဲလို အဆင့်မြင့် သိုင်းသမားကို သတ်နိုင်တာ မင်းတို့မို့ စဉ်းစားမိတယ်'

လောင်အော့က စိတ်တိုဟန်ဖြင့် နှုတ်ခမ်း တစ်ချက် မဲ့ကာ

'နေပါဦး၊ ငါတို့ မှားတယ်ဆိုရအောင် မင်းက ဘယ်လိုလုပ် သိသလဲ'



ထန်ကြိုချွမ်းက လက်ကာပြရင်း....

'ထားပါတော့....မှန်တယ်လို့ပဲ ထားပါတော့'

ဟု ပြောလိုက်လေသည်။

လောင်အော့က ထန်ကြိုချွမ်း၏ စကားကို မကျေနပ်ဟန်ဖြင့်....

'မှန်ရင် မှန်တယ်၊ မှားရင် မှားတယ်ပေါ့၊ မှန်တယ်လို့ ထားပါတော့ ဆိုတာ မဖြစ်နိုင်ဘူး'

ထန်ကြိုချွမ်းက တစ်ချက် ပြုံးလိုက်ပြီး လောင်အော့နှင့် ဆက်၍ မငြင်းတော့ချေ။

သူသည် မှော်ဆရာကြီးသုံးယောက်ကို တစ်ချက် အကဲခတ် ကြည့်လိုက်ပြီး....

'ဒါနဲ့ မင်းတို့ လျှိုဖန်ခြံက လူသတ်သမား တစ်ယောက်ကို ဖမ်းမိခဲ့တယ်မဟုတ်လား'

ဟု မေးလိုက်၏။

မှော်ဆရာကြီးသုံးယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်၏။

ပြီးမှ....

လောင်တက....

'ဟုတ်တယ်၊ ငါတို့ လျှိုဖန်ခြံက လူတစ်ယောက်ကို ဖမ်းမိတယ်၊ ဒါပေမယ့် သူက လူမသတ်ရသေးတော့ လူသတ်သမားလို့ မပြောနိုင်ဘူး'

ထန်ကြိုချွမ်းက လူ့ဂွစာကြီးသုံးယောက်ကို မဲ့ပြုံး ပြုံး၍ ကြည့်လိုက်ပြီး....

'ထားပါတော့၊ သူက လူသတ်သမားဖြစ်ချင်ရင် မင်းတို့နဲ့ မတွေ့ခင်ကတည်းက ဟိုချာတိတ်ကို သတ်ပြီးရောပေါ့၊ မင်းတို့ကို တမင်ပြချင်လို့ တစ်ယောက်ကပြေး တစ်ယောက်က လိုက်နဲ့ ဟန်ဆောင်တာ မဖြစ်နိုင်ဘူးလား'

ထန်ကြိုချမ်း၏စကားကို လောင်အော့က ပြင်းပြင်းထန်ထန် ငြင်းလိုက်၏။

'မဖြစ်နိုင်ဘူး'

ထန်ကြိုချမ်းက....

'ဘာဖြစ်လို့ မဖြစ်နိုင်ဘူးလို့ မင်းကပြောနိုင်တာလဲ'

လောင်အော့က....

ဝူဟိုက်ကျန်က ဓားဆွဲပြီး ဝူရှောင်ပေါင်ကို လိုက်ခုတ်နေတာ ငါတို့မျက်မြင်ပဲ၊ ဒီလိုကိစ္စမျိုးကို ဟန်ဆောင်တယ်လို့ ပြောနိုင်မလား'

ထန်ကြိုချမ်းက တစ်ချက်ပြုံးလိုက်ရင်း....

'နေပါဦး မင်းတို့က အဲဒီလူကို တကယ်ပဲ ဝူဟိုက်ကျန်လို့ ထင်နေသလား'

လောင်အော့က တစ်ချက်ရယ်မောလိုက်ပြီး....

'ဟား–ဟား၊ပထမတော့ သူက သူ့ကိုယ်သူ တိန်းဖျောင်းလို့ လိမ်ပြောတယ်၊ ဘယ်ရမလဲ ဟဲ ဟဲ၊ ကျုပ်တို့က သူ့ရဲ့ နားရွက်တစ်ဘက်ကိုဆွဲဖြုတ်လိုက်တော့မှ သူ့ရဲ့နာမည်အမှန်ကို ပြောခဲ့တာ'

လောင်အော့၏စကားကြောင့် ထန်ကြိုချမ်းသည် မရယ်ဘဲ ခနနိုင်တော့ချေ။



ထို့ကြောင့် တဟားဟား ရယ်မောလိုက်ပြီး....

'အမှန်က သူ့နာမည် တိန်းဖျောင်းလို့ခေါ်တယ်၊ အဲ.... မင်းတို့က နားရွက်တစ်ဘက်ကို ဖြုတ်လိုက်တော့မှ သူက သူ့နာမည် ဝူဟိုက်ကျန်လို့ လိမ်ပြောလိုက်တာ'

လောင်အော့က မျက်ခုံးတစ်ချက်ပင့်ကာ အံ့ဩဟန်ဖြင့်

'ဟုတ်ပါ့မလား၊ လောကမှာ ဒီလို နားရွက်တစ်ဘက် အဖြုတ်ခံပြီး လိမ်ပြောရဲတဲ့လူ ရှိပါ့မလား'

ထန်ကြိုချမ်းက....

'မင်းတို့လို လူထူးလူဆန်းသုံးယောက် ရှိမှတော့ လောကမှာ ထူးဆန်းတာတွေ ရှိမှာပေါ့'

ထိုစဉ်....

လောင်တာက နှာခေါင်းတစ်ချက်ပွတ်လိုက်ပြီး....

'နာမည်က အစစ်ဖြစ်ဖြစ် အတုဖြစ်ဖြစ် အရေးမကြီးဘူး၊ ဒီကောင်က ချင်ဟွမ်ဝူခိုင်းလို့ ဝူရှောင်ကို လိုက်သတ်တာ ထင်ရှားတယ်'

လောင်အော့က....

'ဟုတ်တယ် သူပြောတဲ့အတိုင်းပဲ'

ဟု ပြောကာ လောင်တာကို လက်ညှိုးဖြင့်ထိုးပြလိုက်၏။

လောင်စန်းက တိတ်ဆိတ်စွာ နားထောင်နေရာမှ—

'ဒီကောင့်နာမည် တိန်းဖျောင်းပဲဖြစ်ဖြစ် ဝူဟိုက်ကျန်ပဲဖြစ်ဖြစ် ငါတို့ ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် ကလေးကိုတောင် မသတ်နိုင်ပဲနဲ့ ကြေးစားလူသတ်သမား လုပ်နေတာကို အံ့ဩမိတာ အမှန်ပဲ'

လောင်အော့က....

'သူ့ကို ညံ့တယ်လို့တော့ အပြစ်မတင်နဲ့၊ အမှန်တော့ ငါတို့လို မော်ဆရာကြီးနဲ့တွေ့လို့ သူကညံ့သွားရတာ'

ထန်ကြိုချမ်းက မျက်နှာ တစ်ချက်ရှုံ့မဲ့လိုက်ပြီး....

'ကောင်းတယ်၊ ကိုယ့်ဘာသာကိုယ် လိုရာတွေးပြီးဟုတ်နေ၊ ဒီမှာ တိန်းဖျောင်းက ချင်ဝှမ်ဝူကို အပြစ်ရအောင် လုပ်ကြံပြောတာမဟုတ်ဘူးလို့ ဘယ်သူအာမခံရဲမလဲ'

ဟု မေးလိုက်၏။

လောင်တကက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး....

'သူနဲ့ချင်ဝှမ်ဝူနဲ့ ရန်ငြိုးမရှိပဲနဲ့ သူက ချင်ဝှမ်ဝူကို ဒုက္ခရောက်အောင် လုပ်ပါ့မလား'

ထန်ကြိုချမ်းက မျက်မှောင်ကုတ်လျက်....

'နေပါဦး သူနဲ့ချင်ဝှမ်ဝူ ရန်ငြိုးမရှိဘူးဆိုတာ မင်းက ဘယ်လိုလုပ် သိတာလဲ'

လောင်အော့က....

'သခင်လေး ထန်....မင်းက တမင်သက်သက် စကား ကပ်ပြောနေတာလား'



ထန်ကြိုချမ်းက တစ်ချက် ရယ်မောလိုက်ပြီး....

'မော်ဆရာကြီး သုံးယောက်ကို ကျုပ်က ဘယ်လို လုပ်ပြီး စကား ကပ်ပြောရမှာလဲ၊ အမှန်တော့ ဒီလို စကား ကပ်ပြောတဲ့ အလုပ်က မော်ဆရာကြီး သုံးယောက်ရဲ့ အစွမ်းပဲ'

လောင်စန်းက သဘောကျစွာ ပြုံးရင်း....

'သခင်လေး ထန်က စကား အပြောကောင်းတဲ့ လူပဲ၊ ကျုပ်တို့ရဲ့ အရည်အချင်းကို မြင်တတ်တယ်'

ဟု ဂုဏ်ယူ ဝင့်ကြွားစွာ ပြောလိုက်၏။

လောင်တကက....

'ဒီမှာ သခင်လေး ထန်....မင်းက ချင်ဝှမ်ဝူအတွက် ဘာမှ ဖြေရှင်းမနေနဲ့၊ ဒီကောင်က လူယုတ်မာ၊ အသစ် တွေ့ရင် အဟောင်းမေ့တဲ့ လူစား၊ မိန်းမနဲ့ ကလေးကို စွန့်ပစ်ထားတဲ့ ကိစ္စနဲ့တင် အပြစ်ကြီးလှပြီ'

ထန်ကြိုချမ်းက စားပွဲကို လက်ဝါးနှင့် တစ်ချက် ပုတ်လိုက်ပြီး စိတ်မရှည်သော လေသံဖြင့်....

'မင်းတို့က ဘာဖြစ်လို့ ချင်ဝှမ်ဝူကို အပြစ်ပေးဖို့ပဲ စဉ်းစားနေရတာလဲ၊ ဘာဖြစ်လို့ ချူလီလျို ဘယ်သူဆိုတာ မစုံစမ်းရတာလဲ'

လောင်အော့က ဦးခေါင်းကို ခါယမ်းကာ....

'မလိုဘူး၊ ချူလီလျှံဟာ အင်မတန် သနားစရာကောင်းတဲ့ မိန်းကလေး ဆိုတာ ငါတို့လို ပညာရှိတွေက ကြည့်ရုံနဲ့ သိတယ်'

ထန်ကြိုချမ်းက ရယ်မောရင်း....

'အမှန်တော့ အင်မတန် သနားစရာ ကောင်းတာက ချူလီလျှံ မဟုတ်ဘူး'

လောင်အောက....

'ဘယ်သူလဲ'

ထန်ကြိုချမ်းက....

'မင်းတို့ မှော်ဆရာကြီး သုံးယောက်ပဲ'

လောင်တာက လောင်အောကို ကြည့်၏။

လောင်အောက လောင်စန်းကို ကြည့်၏။

လောင်စန်းက လောင်တာကို ကြည့်၏။

ထို့နောက်....

သူတို့ သုံးယောက်သည် ထန်ကြိုချမ်းကို ကြည့်ရင်း....

'ဘာဖြစ်လို့ ငါတို့က သနားစရာ ကောင်းရမှာလဲ'ဟု ပြိုင်တူ မေးလိုက်၏။

ထန်ကြိုချမ်းက ပြုံးကာ....

'သနားစရာကောင်းတာ မဟုတ်ဘူး၊အင်မတန် သနားစရာ ကောင်းတာ'



လောင်တာက မျက်နှာ ရှုံ့မဲ့လိုက်ပြီး....

'ထားပါတော့၊ မင်းပြောတဲ့အတိုင်း သနားစရာ ကောင်းရအောင် ငါတို့ ဘာဖြစ်နေလို့လဲ'

လောင်အောက....

'ဟုတ်ဘယ်၊ ငါတို့ ခြေတွေ လက်တွေ မကျိုးဘူး'

လောင်စန်းက....

'နားမပင်းဘူး၊ မျက်စိမကန်းဘူး၊ ဆွံ့အ,မနေဘူး'

ထန်ကြိုချမ်းက ရယ်မောကာ....

'ဟုတ်ပါတယ်၊ ဘာမှ မဖြစ်ဘဲ မိန်းမတစ်ယောက်ရဲ့ အလိမ်အညာ ခံနေရတာကိုက အင်မတန် သနားစရာ ကောင်းနေပြီ၊ အင်း....လုံဆင်ပိကသာ ကျုပ်ရဲ့ ကုလားအုတ် ဘုန်းကြီးကို ခင်ဗျားတို့နောက် မလိုက်ခိုင်းရင် ချင်ဝှမ်ဝူ ဒုက္ခပဲ'

လောင်တာ မျက်မှောင်ကုတ်သွား၏။

လောင်အောလည်း မျက်မှောင်ကုတ်သွား၏။

လောင်စန်းကလည်း အားကျမခံ လောင်တနှင့် လောင်အောတို့ကဲ့သို့ မျက်မှောင်ကုတ်လိုက်၏။

လောင်တာသည် မျက်မှောင်ကုတ်လိုက်ရင်း....

'လုံဆင်ပိက ဘာလို့ မလာရတာလဲ'

လောင်အောက မဲ့ပြုံး ပြုံးကာ....

'သခင်လေး ထန်က သက်သက်ကြွားတာ ဖြစ်မှာပေါ့'

လောင်စန်းက ဦးခေါင်းညိတ်ကာ....

'ဖြစ်နိုင်တယ်၊ အမှန်တော့ ဒီအချိန်မှာ လုံဆင်ပိဟာ ဟန်ကြူးမြို့မှာ သခင်မလေး ထန်ကြိုကျင်းနဲ့ လရောင်အောက်မှာ နှလုံးသားရေးရာ ကိစ္စတွေ ပြောနေလိမ့်မယ်'

လောင်တာက လောင်စန်းကို ကြည့်လိုက်ပြီး....

'မင်းက ပြောလိုက်ရင် တလွဲပဲ၊ ဒီအချိန်မှာ ဘယ်က လရောင် ရှိမှာလဲ၊ နေရောင်အောက်မှာဆိုရင် ဖြစ်နိုင်သေးတယ်၊ မှတ်ထား....မဖြစ်နိုင်တာ ဘယ်တော့မှ မပြောရဘူး'

ထိုစဉ်....

ရုတ်တရက်....

ဖန်ပိကုန်း အရက်ဆိုင်ထဲသို့ လူနှစ်ယောက် ဝင်လာလေတော့သည်။

ထိုလူနှစ်ယောက်မှာ လုံဆင်ပိနှင့် ကုလားအုတ်ဘုန်းကြီးပင် ဖြစ်ပါသည်။

* * *

ဖန်ပိကုန်း အရက်ဆိုင်ထဲသို့ လုံဆင်ပိနှင့် ကုလားအုတ်ဘုန်းကြီး ဝင်ရောက်လာ၏။



လောင်တာ၊ လောင်အော့နှင့် လောင်စန်းတို့သည် လုံဆင်ပိကို မြင်တွေ့လိုက်သည်နှင့် ဝမ်းသာအားရဟန်ဖြင့် ပြိုင်တူ နှုတ်ဆက်လိုက်၏။

လုံဆင်ပိက မှော်ဆရာကြီး သုံးယောက်ကို ပြန်လည်နှုတ်ဆက်ခြင်း မပြုဘဲ ချူလီလျုံကို ဦးညွတ်လိုက်ပြီး....

'သခင်မ ဝမ်မြောင် နေကောင်းရဲ့နော်'ဟု နှုတ်ဆက်လိုက်လေသည်။

လုံဆင်ပိ၏ စကားကြောင့် မှော်ဆရာကြီး သုံးယောက်၏ မျက်ခုံးမွေးများသည် နဖူးထက်သို့ ပြိုင်တူ မြင့်တက်သွားပြီး အံ့ဩသော မျက်လုံး သုံးစုံဖြင့် လုံဆင်ပိကို တစ်လှည့်၊ ချူလီလျုံကို တစ်လှည့် ကြည့်လိုက်ကြလေသည်။

ပြီးမှ လောင်တာက လုံဆင်ပိကို အံ့ဩစွာ ကြည့်ရင်း....

'သခင်မ ဝမ်မြောင် ဆိုတာ ဘယ်သူလဲ'

ဟု မေးလိုက်သည်။

လုံဆင်ပိက ချူလီလျုံကို ညွှန်ပြရင်း အေးစက်သောလေသံဖြင့်....

'ဘီလူးကြိုးလက်အဖွဲ့ရဲ့ သခင်မ ဝမ်မြောင်ပေါ့'

လောင်အော့က ဦးခေါင်း ခါယမ်းကာ....

'သူက ချူလီလျုံပဲ'

လုံဆင်ပိက....

'ချူလီလျှံ' ဆိုတဲ့ နာမည်က မှော်ဆရာကြီး သုံးယောက်ကို လိမ်ဖို့ လုပ်ကြံထားတဲ့နာမည်ပါ၊ အမှန်က သခင်မဝမ်မြောင်ပဲ၊ ပြီးတော့ သူက အဖွဲ့ချုပ် ဘီလူးဖြိုလက်ရဲ့ ဇနီးပဲ'

လုံဆင်ပိ၏ စကားက မှော်ဆရာကြီး သုံးယောက်ကို အံ့အားသင့်စေ၏။

ထိုနည်းတူပင်....

တုံးမုရှာ၏ စိတ်ထဲ၌လည်း ထိတ်လန့်မှုနှင့် ဝမ်းသာမှု နှစ်မျိုးကို ဖြစ်ပေါ်စေ၏။

ထိတ်လန့်မှု ဖြစ်ရခြင်းမှာ ဘီလူးဖြိုလက်၏ သခင်မသည် ကွမ်စိနယ်ထဲသို့ တိုးဖောက် ဝင်ရောက် လာခြင်းကြောင့် ဖြစ်ပြီး ဝမ်းသာမှု ဖြစ်ရခြင်းမှာ ချင်ဝှမ်ဂူအပေါ် တင်ထားသော စွပ်စွဲချက်များ မမှန်ကန်ခြင်းကြောင့် ဖြစ်၏။

ချင်ဝှမ်ဂူ အနေဖြင့်လည်း လုံဆင်ပိကို ကျေးဇူး ထောင်သောင်း သိန်းသန်းမက တင်မိ၏။

အကြောင်းမှာ သူသည် တစ်ချိန်လုံး မဟုတ်။ မတရား စွပ်စွဲခံနေရပြီး ယခု ထန်ကြိုချမ်းနှင့် လုံဆင်ပိတို့၏ စကားကြောင့် တစ်ဘက်လူ၏ ထောင်ချောက်ကို သိမြင်ကာ အသက်ရှူချောင်ရသောကြောင့်ပင် ဖြစ်၏။

သို့သော်....



ချင်ဝှမ်ဂူ၏ စိတ်ထဲ၌ မသင်္ကာ ဖြစ်နေသော အချက်တစ်ချက်ရှိ၏။

ထိုအချက်မှာ ဝူရှောင်ပေါင်၏ လည်ပင်းမှ ရခဲ့သော မိမိ၏ တံဆိပ်ပြား တစ်ပိုင်းပင် ဖြစ်၏။

ဤသို့ဆိုလျှင်ထိုတံဆိပ်ပြား တစ်ပိုင်းသည် အဘယ့်ကြောင့် ဝူရှောင်ပေါင်၏ လည်ပင်းပေါ်သို့ ရောက်ရှိနေရသနည်း။

* * *

လုံဆင်ပိက မိမိကို သခင်မဝမ်မြောင်ဟု နှုတ်ဆက် လိုက်သော်လည်း ချူလီလျှံ အနေဖြင့် တုန်လှုပ် အံ့သြမှု မဖြစ်ချေ။

ချူလီလျှံသည် မျက်နှာထား ခပ်တင်းတင်းဖြင့် ပြုံးကာ

'နှင်းခါးသိုင်းသမားကြီးက ဟန်ကြူးမှာ ထန်ကြိုကျင်းနဲ့ ပျော်စရာကောင်းတဲ့ အချိန်တွေကို စွန့်ပြီး ကွမ်စီကို လာလိမ့်မယ်လို့ မထင်မိဘူး'

လုံဆင်ပိက ရယ်မောလိုက်ပြီး....

'သခင်မ ဝမ်မြောင် လာနိုင်တဲ့ နေရာကို ကျွန်တော်က ဘာဖြစ်လို့ မလာနိုင်ရမှာလဲ'

ချူလီလျှံ တဖြစ်လဲ သခင်မ ဝမ်မြောင်က ရယ်မောလိုက်ရင်း....

'ဟင်း.... ဟင်း ဒီလပိုင်းအတွင်း ရှင်နဲ့ ချန်လော့ အဖွဲ့ချုပ်ဟာ သိပ်ခင်တယ်လို့ ကြားရတယ်'

လုံဆင်ပိက....

'ဒါမှန်တဲ့စကားပဲ၊ အဖွဲ့ချုပ်က အင်မတန်မှ ခင်မင်စရာကောင်းတဲ့ ပုဂ္ဂိုလ်ပဲ၊ ငါတို့ တစ်ယောက်နဲ့ တစ်ယောက် တွေ့မိတာ နောက်ကျလေခြင်းလို့တောင် သက်ပြင်းချရတယ်'

သခင်မ ဝမ်မြောင်က မျက်ခုံးကလေး ပင့်တင်ရင်း မချိမချဉ် မျက်နှာထားဖြင့်

'ဩော်.... ဟုတ်လား၊ ဒါပေမယ့် ရှင်တစ်ခု သိထားဖို့က ချန်လော့အဖွဲ့ဟာ သိုင်းလောကမှာတစ်ချိန်လုံး နာမည်ကောင်း မရှိခဲ့ဘူး'

လုံဆင်ပိက ...

'သိပ်မှန်တဲ့စကားပေါ့၊ အဖွဲ့ချုပ်ကိုယ်တိုင် ငါ့ကို ဒီလိုစကားမျိုး ပြောခဲ့တယ်'

သခင်မ ဝမ်မြောင်က မဲ့ပြုံးပြုံးရင်း....

'ဒါကိုသိလျက်နဲ့ ရှင်က ချန်လော့အဖွဲ့နဲ့ မိတ်ဆွေပြုတာ အံ့ဩစရာပဲ'



လုံဆင်ပိက....

'နာမည်မကောင်းတဲ့အဖွဲ့က သိုင်းလောကကို ဒုက္ခပေးမယ့်အဖွဲ့ ဟုတ်ချင်မှဟုတ်မယ်၊ သိုင်းလောကထဲမှာ နာမည်ကောင်းလက်မှတ်တွေ တပုံကြီး ရထားတဲ့အဖွဲ့ကလဲ လူမြင် မခံဝံ့တဲ့ လူသိမခံနိုင်တဲ့ အဖြစ်တွေ ရှိချင်ရှိမယ်၊ အများရဲ့ အမြင်မှာ လူကောင်းဖြစ်နေတဲ့ လူယုတ်မာတွေ ဒီလောကမှာ တပုံကြီးပဲ၊ ဒါကို ခင်ဗျား ငြင်းမလား၊ ငြင်းမယ်ဆိုရင်တော့ ကျုပ် နာမည်တွေနဲ့ ဖြစ်မှုတွေ တန်းစီပြမယ်'

သခင်မ ဝမ်မြောင်က ရယ်မောရင်း...

'အင်း.... ရှင်လဲ ချန်လော့ အဖွဲ့နဲ့ပေါင်းပြီး ဘက်လိုက်စကားမျိုး ပြောတတ်နေပြီပဲ'

လုံဆင်ပိက ရယ်မောကာ....

'အမှန်ကိုအမှန်အတိုင်း အရှိကိုအရှိအတိုင်း ပြောတာ ကျွန်တော့်ရဲ့ အကျင့်ပဲ၊ ဒါကို ခင်ဗျားက သံသယ ရှိနေသလား'

ထိုစဉ် ...

ရုတ်တရက်....

ချင်ဝှမ်ဝူက....

'ကျုပ် သံသယ ရှိနေတာက ဒီတံဆိပ်တစ်ပိုင်းကို ခင်ဗျား ဘယ်ကရသလဲ ဆိုတာပါပဲ'

ဟု ဝင်ရောက်၍ သခင်မ ဝမ်မြောင်ကို မေးလိုက်၏။

ချင်ဝှမ်ဝူ၏ စကားကြောင့် သခင်မ ဝမ်မြောင်သည် သူမ၏ ခန္ဓာကိုယ်ကို တသိမ့်သိမ့်လှုပ်ရမ်း၍ ရယ်မောလိုက်ရင်း....

'လောကပေါ်မှာ ပထမဆုံး တွေ့ပဲ၊ ဘယ်က ရသလဲဆိုတာ ရှင် နားလည်သင့်တယ်၊ ရှင် ဒီတံဆိပ်ကို ဘယ်မှာထားခဲ့သလဲ'

သခင်မဝမ်မြောင်၏ စကားကြောင့် မိမိ၏ ဦးခေါင်းသည် နှစ်ဆမျှ ကြီး သွားသကဲ့သို့ ချင်ဝှမ်ဝူ ခံစားလိုက်ရ၏။

ချင်ဝှမ်ဝူ၏ ရင်ထဲ၌ သံတုံးသံစများ ချိတ်ဆွဲ ထားသကဲ့သို့ လေးလံကာ....

'မင်း... မင်းတို့ တကယ်ပဲ ကျင်းလိန်မှာ လှုပ်ရှားနေပြီပေါ့'ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်လေတော့သည်။

သခင်မ ဝမ်မြောင်က မျက်ခုံးပင့်၍ ရယ်မောလိုက်ရင်း....

'ပြောဖို့ လိုသေးလား၊ ကျင်းလိန်က ချင်မျိုးရဲ့အိမ်ဟာ တကယ့်သူဌေး သူကြွယ်အိမ်ပဲ၊ ဟင်း ဟင်း၊ ငါတို့ ဘီလူးဖြူလက်က ငြိမ်နေ့ယင် ချန်လော့အဖွဲ့က မျက်စိကျပြီး သူဌေးနဲ့အမြန်လှုပ်ရှားမှာပဲ၊ ဒါကြောင့် ငါတို့က ချင်မျိုးရဲ့အိမ်ကို ချန်လော့အဖွဲ့ လက်ဦးအောင် ဝင်စီးခဲ့တာ အပြစ်လား'

သခင်မဝမ်မြောင်၏ စကားကြောင့် ချင်ဝှမ်ဝူ တစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ချင်ဝှမ်ဝူသည် မျက်စိမျက်နှာ ပျက်စွာဖြင့်



'ငါ ငါ မိဘတွေ'

သခင်မဝမ်မြောင်က လက်ကာပြရင်း

'ဒီအကြောင်း ရှင် မမေးရင် ကောင်းလိမ့်မယ်'

ဤစကားကို ချင်ဝှမ်ဝူ ကြားသောအခါ မိမိ၏ ဦးခေါင်းကို မိုးကြိုးပစ်ခံရသကဲ့သို့ ခေါင်းနပန်းကြီးကာ ထိတ်လန့်တုန်လှုပ်သွား၏။

ထိုစဉ်

ကုလားအုတ်ဘုန်းကြီးက မျက်နှာတစ်ချက် ရှုံ့မဲ့ကာ

'သူ့အမေမှုပဲ၊ တကယ့်ကို တိရစ္ဆာန်အတိုင်းပဲ၊ ယုတ်မာလိုက်တာ'

ဟု ပြောလိုက်ပြီး ရုတ်တရက် ရှေ့သို့ ခုန်ထွက်ကာ ညာလက်ဝါးဖြင့် သခင်မ ဝမ်မြောင်၏ ဘယ်ဘက်ပခုံးကို ကုတ်ဆွဲလိုက်လေတော့၏။

ကုလားအုတ်ဘုန်းကြီး၏ လှုပ်ရှားမှုက မြန်၏။

သို့သော်

သခင်မ ဝမ်မြောင်က ရုတ်တရက် သူမ၏ ခန္ဓာကိုယ်ကို နောက်သို့လှန်၍ ရှောင်တိမ်းလိုက်၏။

ထို့ကြောင့်

ကုလားအုတ်ဘုန်းကြီး၏ လက်ဝါးသည် လေထဲ၌ ရပ်တန့်သွား၏။

သခင်မဝမ်မြောင်က နေရာမရွှေ့ဘဲ နောက်သို့လှန်ချရာမှ ပြန်လည်၍ တည့်မတ်လိုက်ပြီး တစ်ပြိုင်တည်း မိမိကို ကျော်လွှန်သွားသော ကုလားအုတ်ဘုန်းကြီး၏ လက်ကို မိမိ၏ ညာဘက်လက်ဖြင့် လှမ်းကုတ်လိုက်ပြီး မိမိ၏ ဘယ်ဘက် ဓားဖြင့် ကုလားအုတ်ဘုန်းကြီး၏ နောက်ကျောကို ရိုက်ချလိုက်၏။ ကုလားအုတ်ဘုန်းကြီးက မိမိ၏တိုက်ကွက် လွဲချော် သွားသည်နှင့် ချက်ချင်းပင် မိမိ၏ ခန္ဓာကိုယ်ကို ရှေ့သို့ ခါးကုန်း၍ ကိုင်းလိုက်ပြီး ခြေထောက်ကို အနည်းငယ် ကွေးလိုက်၏။

ထို့ကြောင့်....

သခင်မ ဝမ်မြောင်၏ ဘယ်လက်ဓားသည် ကုလားအုတ်ဘုန်းကြီး၏ ဦးခေါင်းပေါ်မှကျော်၍ လေထဲသို့ ရောက်ရှိသွားလေတော့၏။

ထိုအချိန်တွင် ကုလားအုတ် ဘုန်းကြီးသည် ခန္ဓာကိုယ်ကို တည့်မတ်စွာ ရပ်လိုက်ပြီး သူ၏ခန္ဓာကိုယ်ကို လက်ဝဲရစ်လှည့်ပတ်လိုက်၏။

တစ်ချိန်တည်းမှာပင် ဘယ်ခြေကို မြှောက်၍ ခန္ဓာကိုယ်ကို အလိုက်သင့် တိမ်းစောင်းကာ သခင်မဝမ်မြောင်၏ နောက်စေ့သို့ ဖနောင့်ဖြင့် ရိုက်ချလိုက်၏။

သခင်မဝမ်မြောင်က ခါးကိုင်း၍ ရှောင်တိမ်းလိုက်သဖြင့် ကုလားအုတ်ဘုန်းကြီး၏ ခြေထောက်သည်သခင်မ ဝမ်မြောင်၏ ဦးခေါင်းပေါ်မှ ကျော်ကာ တစ်ဘက်ရှိ စားပွဲပေါ်သို့ ကျရောက်သွား၏။



'ဝုန်း....'

ဟူသော အသံနှင့်အတူ စားပွဲခုံသည် ကျိုးပဲ့ သွားလေတော့၏။

တစ်ချိန်တည်းမှာပင် သခင်မ ဝမ်မြောင်က လက်ဝါးရိုက်ချက် နှစ်ချက်ဖြင့် ကုလားအုတ် ဘုန်းကြီးအား တိုက်ခိုက်လိုက်၏။

'ဝှစ်... ဝှစ်'

ဟူသော လေတိုးသံနှင့်အတူ သခင်မ ဝမ်မြောင်၏ လက်ဝါးများက ကုလားအုတ်ဘုန်းကြီး၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာ၏။

ထို့ကြောင့် ...

ကုလားအုတ်ဘုန်းကြီးသည် ကြမ်းပြင်ပေါ်သို့ ခြေထောက်ပြန်လည် ကျရောက်သည်နှင့် တုံ့ဆိုင်း မနေဘဲ ခန္ဓာကိုယ်ကို ဆန့်ထုတ်ကာ လေထဲသို့ ခုန်လိုက်ပြီး သူ၏ခန္ဓာကိုယ်ကို လေထဲ၌ ဝက်အူရစ် လှည့်သကဲ့သို့ တွန့်လိမ်လှည့်ပတ်ကာ တစ်ချိန်တည်းမှာပင် လက်ကိုဆန့်ထုတ်၍ သခင်မ ဝမ်မြောင်ကို ရိုက်ချလိုက်၏။

ကုလားအုတ် ဘုန်းကြီး၏ လက်ဝါးရိုက်ချက် ပြင်းထန်ကြောင်း ဆိုင်ထဲရှိလူတိုင်း နားလည်လိုက်၏။

တစ်ဆက်တည်းမှာပင်ဤတစ်ကြိမ်၌ သခင်မဝမ်မြောင်သည် မည်သို့ကာကွယ် ရှောင်တိမ်းမည်ကို တွေးနေကြ၏။

အမှန်မှာ....

ကုလားအုတ်ဘုန်းကြီး၏ လက်ဝါးရိုက်ချက်သည် အားပြင်းထန်လွန်းသည့်အပြင် လျင်မြန်လှသောကြောင့် ရှောင်တိမ်းရန် မလွယ်ကူကြောင်း လူတိုင်းသဘောပေါက်၏။

သခင်မ ဝမ်မြောင်သည် မဲ့ပြုံး ပြုံးလိုက်၏။

သူမသည် ကုလားအုတ်ဘုန်းကြီး၏ လက်ဝါးရိုက်ချက်ကို ရှောင်တိမ် ခြင်းမပြုပါ။

သို့သော် မည်သူမျှ တွေးထင်မထားသော လုပ်ရပ်တစ်ခုဖြင့် ကုလားအုတ်ဘုန်းကြီး၏ လက်ဝါးရိုက်ချက်ကို ကာကွယ်လိုက်၏။

သခင်မ ဝမ်မြောင်သည် ရှုတ်တရက် လောင်အောင့်ထံမှ စူးရှောင်ပေါင်ကို ဆွဲယူလိုက်ပြီး ကုလားအုတ်ဘုန်းကြီး၏ လက်ဝါးရိုက်ချလာမည့် နေရာ၌ ဆီး၍ ခံထားပေးလိုက်ခြင်းဖြစ်၏။

သခင်မဝမ်မြောင်သည် ယခုကဲ့သို့ ပြုလုပ်လိမ့်မည်ဟု မည်သူမျှ မထင်ပါ။

ကုလားအုတ်ဘုန်းကြီးကိုယ်တိုင်ပင် မထင်ပါ။

ထို့ကြောင့်—

ကုလားအုတ်ဘုန်းကြီးသည် မျက်လုံးမျက်ဆန် ပြူးကျယ်သွား၏။



ရှုတ်တရက် မည်သို့ဆုံးဖြတ်ရမှန်းမသိအောင် ဖြစ်သွား၏။

သူ၏လက်ဝါးရိုက်ချက်ကို လျင်မြန်စွာ ရပ်တန့်မှသာလျှင် စူးရှောင်ပေါင်၏ အသက် ချမ်းသာရာ ရရှိမည်ဖြစ်သည်။

ဤသို့ ပြုလုပ်လျှင် သူ့အနေဖြင့် တန်ပြန်ဒဏ်ဖြစ်ကာ သုံးလ ဆေးကုသမှု ပြုလုပ်ရပေလိမ့်မည်။

ကုလားအုတ်ဘုန်းကြီး တွေဝေနေဆဲမှာပင်....

'ငှန်း....'

ဟူသော အသံနှင့်အတူ သူ၏ခန္ဓာကိုယ်သည် အပေါ်သို့ မြောက်တက် သွားလေတော့၏။

*   *   *

မထင်မှတ်သော ဖြစ်ရပ်များသည် မထင်မှတ်သောအချိန်၌ ဖြစ်လာ၏။

ကုလားအုတ်ဘုန်းကြီး၏ လက်ဝါးရိုက်ချက်ကို သခင်မ ဝမ်မြောင်က ယခုကဲ့သို့ စူးရှောင်ပေါင်နှင့် ကာကွယ်မည်ဟု မည်သူကမျှ ထင်မှတ်မထားချေ။

ယခုလည်း

ကုလားအုတ်ဘုန်းကြီးသည် မည်သို့ပြုလုပ်ရမည်ကို တွေဝေနေဆဲတွင် သူ၏ဝဲဘက်မှ လျင်မြန်သော လက်ဝါးတစ်ချက်ကျရောက်လာပြီး 'ဝုန်း' ဟူသော အသံနှင့်အတူ ကုလားအုတ်ဘုန်းကြီး၏ ခန္ဓာကိုယ်သည် လေထဲသို့ မြောက်တက်ကာ အရက်ဆိုင်၏ အိမ်ခေါင်မိုးကို ဖောက်ထွက်သွားတော့၏။

ဤနည်းဖြင့် ဝူရှောင်ပေါင်၏အသက်ကို ကယ်တင်လိုက်သူမှာ နှင်းဒေးသိုင်းသမား လုံဆင်ပိပင် ဖြစ်ပါသည်။

လုံဆင်ပိသည် ကုလားအုတ်ဘုန်းကြီးအား ရိုက်ဖယ်လိုက်ပြီး သခင်မဝမ်းမြောင်ကို စူးစိုက် ကြည့်လိုက်လေသည်။

သခင်မဝမ်မြောင်က လက်ထဲမှ ဝူရှောင်ပေါင်ကို လုံဆင်ပိထံ လွှမ်းပစ်လိုက်ပြီး နေရာမှ ချာခနဲလှည့်ကာ နောက်သို့ ကျွမ်းပစ်လိုက်၏။

ထန်ကြိုချမ်းသည်....

'မိန္ဒာမ ဘယ်ပြေးမလဲ'

စကားသံဆုံးသည်နှင့် ထန်ကြိုချမ်း၏ခန္ဓာကိုယ်သည် အရက်စည်ပိုင်းကြီးတစ်လုံး လေထဲ၌ မြောက်လာသကဲ့သို့ သခင်မဝမ်မြောင်၏ နောက်သို့ လိုက်ပါသွား၏။

သို့သော်....

သခင်မဝမ်မြောင်သည် ထန်ကြိုချမ်း [illegible] မ်ရောက်မီမှာပင် အရက်ဆိုင်၏ ပြတင်းပေါက်ကို ထိုးဖောက်၍ ထွက်သွားတော့၏။

ပြတင်းပေါက် ကျိုးပဲ့သံနှင့်အတူ တဟားဟား ရယ်မောသွားသော သခင်မဝမ်မြောင်၏ ရယ်မောသံသာ လေထဲ၌ ဝဲပျံ၍ ကျန်ရစ်ခဲ့လေတော့၏။

*

ထံ
ပစ်ဂ

## အခန်း ၀ ၇

ဂ ကုလားအုတ်ဘုန်းကြီးသည် ခေါင်မိုးပေါ်မှ အောက်သို့
'မြို့လိမ့်ကျလာ၏။

ို့အချိန်တွင် လောင်တသည် ဆိုင်အပြင်သို့ ထွက်လာပြီး
စကနှစ်ဘက် ဆန့်တန်းကာ....

စည်ပိုင်
ချုပ် ဖမ်းထားမယ်'

ဝမ်မြော
ကုလားအုတ်ဘုန်းကြီးကို မော့ကြည့်၍ ပြောလိုက်၏။

သို့သော်မှာပင် ကုလားအုတ်ဘုန်းကြီးသည် ခေါင်မိုးပေါ်မှ
လိမ့်၍ မြေကြီးပေါ်သို့ ကျလာ၏။



လောင်တသည် မိမိ ဆန့်တန်းထားသောလက်ကို ကုလားအုတ် ဘုန်းကြီး၏ ခန္ဓာကိုယ်နှင့်မထိမီ ရုတ်တရက် ရုပ်သိမ်းလိုက်သဖြင့် ကုလားအုတ်ဘုန်းကြီးသည် မြေပေါ်သို့ ကျသွားလေတော့၏။

'ဖုန်း....'

ဟူသော အသံနှင့်အတူ ဖုန်များထသွားလေတော့သည်။

ကုလားအုတ်ဘုန်းကြီးသည် မျက်နှာတစ်ချက် ရှုံ့မဲ့ကာ မြေကြီးပေါ်မှ ထလိုက်၏။

ပြီးမှ....

သူသည် ဒေါသဖြင့် လောင်တကို ကြည့်လိုက်၏။

လောင်တက ပခုံးနှစ်ဘက်ကို တွန့်ပြရင်း

'နောက်မှ ငါစဉ်းစားမိတယ်၊ မင်းရဲ့ ခန္ဓာကိုယ်ကြီးကို ငါ ဘယ်လိုလုပ် ဖမ်းထားနိုင်မလဲလို့'

ကုလားအုတ်ဘုန်းကြီးက ဒေါသ ဖြစ်လွန်း၍ တစ်ချက် ဆဲလိုက်ပြီး လောင်တကို လက်ဝါးဖြင့် နှစ်ချက်ဆင့်၍ ရိုက်ချလိုက်လေသည်။

လောင်တက မျက်လုံး တစ်ချက် ပြူး၍ ကုလားအုတ် ဘုန်းကြီးအား ကြည့်လိုက်ပြီး

ကုလားအုတ်ဘုန်းကြီး၏ လက်ဝါးရိုက်ချက်များကို ရှောင်တိမ်းကာ အရက်ဆိုင်ထဲသို့ ဝင်ပြေးသွားလေတော့၏။

*     *     *

လောင်တသည် အရက်ဆိုင်ထဲသို့ ပြေးဝင်လာရင်း နောက်ဘက်သို့ လှည့်ကာ

'ဟေ့....ဟေ့...မင်းကို ခေါင်မိုးပေါ် ရောက်အောင် ရိုက်တင်လိုက်တာ လုံဆင်ပိကွ၊ မင်းက စာရင်းရှင်းချင်ယင် လုံဆင်ပိကို ရှာမှ မှန်လိမ့်မယ်'

ဟု အော်ပြောလိုက်လေသည်။

ကုလားအုတ်ဘုန်းကြီးသည် လောင်တ၏ နောက်မှ လိုက်၍ အရက်ဆိုင်ထဲသို့ ဝင်ရောက်လာရင်း

'လုံဆင်ပိက ချာတိတ်ရဲ့ အသက်ကို ကယ်ဖို့ ငါ့ကို ရိုက်လိုက်တာ၊ မင်းကတော့ ငါ့ကို တမင် မြေပေါ်ကျအောင် လုပ်တာပဲ၊ မင်းကို ငါမကျေဘူး'

ဟု အော်ပြောလိုက်၏။



လောင်တက ရယ်မောရင်း

'ဒီချာတိတ်က ငယ်ပေမယ့် လိမ်ညာတတ်တယ်၊ ငါတို့လို မှော်ဆရာကြီးတွေကိုတောင် လိမ်နိုင်တာ၊ ဒီကလေး ကြီးလာရင် မလွယ်ဘူး၊ လူတွေကို တော်တော်များများ ဒုက္ခပေးနိုင်လိမ့်မယ်၊ ဒါကြောင့် မင်းလက်ချက်နဲ့ ဒီချာတိတ် သေလဲ မင်း အပြစ်မဖြစ်ဘူး၊ အခုတော့ မင်းက ကလေးကို မသတ်နိုင်ဘဲ ငါ့ကို ဒေါသ လာဖြစ်နေရသလား'

ကုလားအုတ်ဘုန်းကြီးက တံတွေး တစ်ချက် ထွေးကာ

'ဟွန်း....မင်းတို့က မျက်ကန်းတွေပဲ၊ မင်းတို့ အလိမ်ခံရတာ နည်းသေးတယ်၊ ဟင်း–လုံဆင်ပိသာ မင်းတို့ကို သတိမပေးရင် ချင်ဝှမ်ဝူနဲ့ တုံးမုရှာကို့တော့ ဒုက္ခပဲ'

ထိုစဉ်....

လောင်စန်းက ကုလားအုတ်ဘုန်းကြီးကို လက်နှစ်ဘက်ဖြင့် ဆုပ်၍ ဦးညွှတ်လိုက်ရင်း

'ကျုပ်တို့ တစ်ယောက်ကို တစ်ယောက် အပြစ်ပြောမနေဘဲ ဆိုင်အပြင်ကို ထွက်ရင် ကောင်းမယ်'

ဟု ပြောလိုက်၏။

ကုလားအုတ်ဘုန်းကြီးက မျက်မှောင်ကုတ်ရင်း

'ဘာလဲ....ဒီဆိုင်က နေရာကျဉ်းလို့လား၊ ဟင်း....ဟင်း၊ လာစမ်းပါ၊ ငါက မင်းတို့ သုံးယောက်လုံးကို တစ်ပြိုင်တည်း ဝင်ခွင့်ပေးတယ်'

ဟု ပြောလိုက်၏။

ထိုစဉ် ထန်ကြို့ချမ်းက ပြုံးကာ

'ဒီဆိုင်က နေရာကျဉ်းလို့ မဟုတ်ဘူး၊ မီးလောင်နေလို့'

ထန်ကြို့ချမ်း၏ စကားကြောင့် ကုလားအုတ် ဘုန်းကြီးသည် မျက်လုံးပြူးကာ

'ဆိုင်မီးလောင်နေတယ် ဟုတ်လား၊ ဆိုင်က ဘာဖြစ်လို့ မီးလောင်'

ကုလားအုတ်ဘုန်းကြီး၏ စကား မဆုံးမီမှာပင် မီးမြား တစ်စင်းက ကုလားအုတ်ဘုန်းကြီး၏ မျက်နှာရှေ့မှ ဖြတ်၍ ကြမ်းပေါ်သို့ စိုက်ဝင်သွားလေတော့သည်။

လောင်တာက တဟားဟား ရယ်မောလိုက်ပြီး

'ကုလားအုတ်ဘုန်းကြီး ရှိနေတာတောင် ဘယ်သူက မီးမြားနဲ့ ပစ်ရဲသလဲ မသိဘူး'

ဟု ပြောလိုက်၏။

လောင်တ၏ စကားကြောင့် ကုလားအုတ် ဘုန်းကြီးသည် မျက်နှာ နီရဲကာ

'သူ့မေ့မေမှပဲ၊ မင်းက ငါ့ကို စော်ကားတာ'

ကုလားအုတ်ဘုန်းကြီး၏ စကား မဆုံးမီမှာပင် နီရဲသော မီးမြား တစ်စင်းက သူတို့၏ ရှေ့သို့ ထပ်မံ ကျရောက်လာပြန်၏။

လောင်တက



'သူ့မေမေမှပဲ၊ ဟေ့....ကုလားအုတ် ဘုန်းကြီး၊ ငါတို့ နောက်မှ ငြင်းကြမယ်၊ အခုတော့ သွားပြီဟေ့'

ဟု ပြောကာ ဆိုင်ထဲမှ ထွက်သွားလေတော့၏။

မီးမြားများ တစ်စင်းပြီး တစ်စင်း အရက်ဆိုင်၏ နေရာ အနှံ့အပြားသို့ ကျရောက်လာ၏။

သို့ဖြစ်၍ အရက်ဆိုင်သည်လည်း မီးစွဲလောင်ကာ တဒင်္ဂ အတွင်းမှာပင် မီးက အရက်ဆိုင် တစ်ဆိုင်လုံးကို ဝါးမျိုလေ တော့၏။

လုံဆင်ပိ၊ ထန်ကြို့ချမ်း၊ ဏုံးမုရှာတို့သည်လည်း တုံ့ဆိုင်း မနေတော့ဘဲ မီးစွဲလောင်နေသော အရက်ဆိုင်ထဲမှ ထွက်ပြေး လေတော့သည်။

ထို မီးစွဲလောင်နေသော အရက်ဆိုင်ထဲ၌ လူနှစ်ဦးသာ ကျန်ရစ်ခဲ့၏။

ထိုနှစ်ယောက်မှာ ချင်ဝှမ်ဂူနှင့် ဖန်ပိကုန်းပင် ဖြစ်၏။

အရက်ဆိုင်ကလေးသည် တခဏအတွင်းမှာပင် မီးစွဲလောင် ကာ တဝုန်းဝုန်း ပြိုကျလာ၏။

ဖန်ပိကုန်းသည် မိမိကို မီးဝိုင်းရံနေသည်ကို ဂရုမစိုက်ပဲ တဝုန်းဝုန်းနှင့် ပြိုကျနေသော မိမိ၏ဆိုင်ကိုကြည့်ကာ ဝမ်းနည်း လွန်း၍ ငိုကြွေးနေ၏။

ချင်ဝှမ်ဂူသည် ဖန်ပိကုန်းထံသို့ ခုန်ဝင်လိုက်ပြီး....

'ဟေ့လူ ပြေးတော့ ဆိုင်ပြိုတော့မယ်'

ဟု ပြောလိုက်၏။

ဖန်ပိကုန်းက....

'မင်းသာ ဒီကထွက်သွားပါ၊ ဒီဆိုင်က ငါ့ရဲ့အသက်ပဲ၊ ဒီဆိုင်မီးလောင်သွားရင် ငါလဲ ဒီမှာပဲသေတော့မယ်'

ချင်ဂုမ်ဝူက....

'အရှုံးပဲ'

ဟု တစ်ခွန်းပြောကာ ရုတ်တရက် သူ၏လက်ကို လှုပ်ရှားလိုက်ပြီး ဖန်ပိကုန်း၏ခန္ဓာကိုယ်မှ နေရာသုံးနေရာကို ထောက်၍ အကြောပိတ်လိုက်လေသည်။

ပြီးမှ....

သူသည် ဖန်ပိကုန်းကိုထမ်း၍ မီးစွဲလောင်ကာ တဝုန်းဝုန်းဖြင့် ပြိုကျနေသော အရက်ဆိုင်ထဲမှ ထွက်လာခဲ့လေတော့၏။

*

## အခန်း ၀ ၈

ထန်ကြို့ချမ်းက ဘယ်လက်ဖြင့် အရက်အိုးပိုက်ကာ ညာလက်တစ်ဘက်တည်းဖြင့် အပေါ်အောက်လှုပ်ရှားပြီး မျက်နှာနီစပ်စပ်ရှိသော ဘုန်းကြီးတစ်ပါးနှင့် သည်းသည်းမည်းမည်း တိုက်ခိုက်နေ၏။

ကုလားအုတ်ဘုန်းကြီးသည် အရက်ဆိုင်ထဲမှထွက်ထွက်ခြင်း ခရီးဦးကြိုပြုလာသော မုတ်ဆိတ်မွေးရှိသည့် လူရွယ်နှစ်ယောက်နှင့် တိုက်ခိုက်နေရ၏။

ထိုလူနှစ်ယောက်မှာ ရုပ်ချင်းဆင်သဖြင့် အမွှာညီအစ်ကို ဖြစ်ဟန်တူသည်။

ရုပ်ရည်ချင်းသာမက မုတ်ဆိတ်မွေးထားသည့် ပုံသဏ္ဌာန်ပါ တူ၏။

သို့သော်....

ထိုလူနှစ်ယောက်၏ မတူညီသည့် ခြားနားချက်မှာ တစ်ယောက်က လုပသည့်ဝတ်စုံကို ဝတ်ဆင်ပြီး ကျန်တစ်ယောက်က စုတ်ပြတ် ဟောင်းနွမ်းသော အဝတ်အစားနှင့် ဖိနပ်အစုတ်စီးထား၏။

တုံးမှုရှာလည်း မအားပါ။

သူမသည် သခင်မဝမ်မြောင်နှင့် ရင်ဆိုင်နေရ၏။

သခင်မဝမ်မြောင်သည် မိမိထက် သိုင်းပညာ အဆင့်မြင့်ကြောင်း ကုလားအုတ်ဘုန်းကြီးနှင့် တိုက်ခိုက်စဉ်ကတည်းက တုံးမှုရှာ သတိပြုမိ၏။

သို့သော်....

သခင်မဝမ်မြောင်က ချင်ဝှမ့်ဝူအပေါ် မတရား စွပ်စွဲခဲ့သဖြင့် နာကျည်းကာ သူမကိုယ်တိုင်က သခင်မဝမ်မြောင်ကို ရွေး၍ ရင်ဆိုင်လိုက်ခြင်း ဖြစ်၏။

လုံဆင်ပိကိုမူ လက်နက်အမျိုးမျိုး ကိုင်ဆောင်ထားသော အစိမ်းရောင်ဝတ် သိုင်းသမား ဆယ့်ရှစ်ယောက်က ဝိုင်းရံထား၏။

ထိုသိုင်းသမား ဆယ့်ရှစ်ယောက်သည် လုံဆင်ပိကို တိုက်ခိုက်ရာ၌ အတက်အဆုတ် အဝင်အထွက် စနစ်တကျရှိသဖြင့်



ပြင်းထန်စွာ လေ့ကျင့်ပေးထားသော သိုင်းသမားများ ဖြစ်ကြောင်း လုံဆင်ပိ နားလည်လိုက်၏။

ထို့ပြင်....

တစ်ဘက်ရန်သူသည် မိမိကို အဓိကထား၍ တိုက်ခိုက်ကြောင်းကိုလည်း လုံဆင်ပိ နားလည်လိုက်၏။

ဤသို့ လူအများနှင့် ဝိုင်းရံတိုက်ခိုက်ခြင်းကို လုံဆင်ပိအနေဖြင့် အကြိမ်ပေါင်းများစွာ ကြုံတွေ့ခဲ့ဖူး၏။

သို့သော် ယခုကဲ့သို့ စနစ်တကျ အတက်အဆုတ်ပြုလုပ်၍ ဝိုင်းရံတိုက်ခိုက်ခြင်းမျိုးကို မတွေ့ခဲ့ဖူးချေ။

အစိမ်းရောင်ဝတ် သိုင်းသမား ဆယ့်ရှစ်ယောက်၏ ဘေး၌ အနက်ရောင်ဝတ်ထားသော အဘိုးအိုတစ်ယောက်သည် ဘယ်လက်မှ သံဝါးလုံးတစ်ချောင်းကိုင်ပြီး ညာလက်မှ ယပ်တောင်တစ်ချောင်းကိုင်ကာ ယပ်ခတ်ရင်း သိုင်းသမား ဆယ့်ရှစ်ယောက်ကို ညွှန်ကြားနေ၏။

ကျန်ဝမ်း မှော်ဆရာကြီးသုံးယောက်သည် တိုက်ပွဲကိုကြည့်နေရာမှ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

ပြီးမှ....

လောင်တက မျက်မှောင်ကုတ်ကာ....

'ဒီမှာ ဘာဖြစ်နေတာလဲ၊ ကွမ်းယင်းဘုရားပွဲ ကျင်းပနေတာလား၊ လူစည်ကားလိုက်တာ'

လောင်အောင်က....

'ခေါ်သံ တုတ်သံ ဒီလောက်စည်နေမှတော့ ဘုရားပွဲဖြစ်နိုင်ပါ့မလား'

လောင်တက ....

'မဟုတ်မှလွဲရော၊ သိုင်းလေ့ကျင့်နေတာဖြစ်ရမယ်'

ဟု ကောက်ချက်ချလိုက်၏။

ထိုစဉ်....

လောင်စန်းက လောင်တကို ကြည့်ရင်း....

'မဟုတ်မှ လွဲရောဆိုတော့ မင်းတွေးတာ လွဲသွားပြီ'

ဟုပြောလိုက်ပြီး အစိမ်းရောင်ဝတ် သိုင်းသမား တစ်ယောက်ကို ဖမ်းချုပ်ကာ....

'ဟော့.... ခုန ဆိုင်ကို မီးရှို့တာ မင်းလား'

ဟု မေးလိုက်၏။

အစိမ်းရောင်ဝတ်လူက လောင်စန်းကို တူးဆန်းစွာ ကြည့်နေ၏။

လောင်စန်းက အစိမ်းရောင်ဝတ်လူ၏ အဖြေကို မစောင့်ဘဲ မိမိဘာသာ မိမိ....

'ဟုတ်ကဲ့'ဟု ဖြေလိုက်ပြီး တစ်ဆက်တည်း အစိမ်းဝတ်လူ၏မျက်နှာတွင် သွေး နီရဲကာ မြေပေါ်သို့ လဲကျသွား၏။

လောင်တနှင့် ရှောင်အောင်က လက်နုပ်လက်ဝါး တီး၍ ဂုဏ်ပြုလိုက်၏။

ပြီးမှ....

လောင်တက....



'လောင်စန်းရဲ့ လက်သီးက တကယ်ပြင်းတယ်၊ ပထမ တန်းစား သိုင်း လက်ရွေးစင်တောင် မင်းရဲ့ လက်သီးဒဏ်ကို ခံနိုင်မှာ မဟုတ်ဘူး၊ ဟင်း....ဟင်း၊ ငါ့လောက် နီးနီးတောင် လာပြီပဲ'

လောင်တကလည်း အားကျမခံ ဝင်၍ ပြောလိုက်၏။

'ဟဲ– ဟဲ၊ လောင်တပြောတဲ့ အတိုင်းပဲ'

ထိုစဉ် ရုတ်တရက်

နောက်ကျောဘက်မှ အေးစိမ့်သော အငွေ့ အသက်ကို သူတို့သုံးယောက် ခံစားလိုက်ရ၏ ။

ထို့ကြောင့်

သူတို့သုံးယောက်သည် နောက်သို့ လှည့်ကြည့်ရာ လက်နက် မျိုးစုံ စွဲကိုင်သော အစိမ်းဝတ် သိုင်းသမား ရှစ်ယောက် ကိုးယောက်ခန့် ပြေးလာသည်ကို တွေ့မြင်လိုက်ရလေတော့၏။

* *

ထန်ကြို့ချမ်းနှင့် မျက်နှာနီရဲသော ဘုန်းကြီးတို့၏ တိုက် ခိုက်မှုသည် တစ်စထက်တစ်စ ပြင်းထန်လာ၏။

ထိုဘုန်းကြီး၏ သိုင်းကွက်သည် လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော်က ထင်ရှားခဲ့သော ဖိုမလက်ဝါး သိုင်း ဖြစ်၏။

တော်ရုံတန်ရုံ အဆင့်မြင့်သိုင်းသမား တစ်ယောက်အတွက် ရင်ဆိုင်ရန် ခက်ခဲသော သိုင်းကွက် ဖြစ်၏။

သို့သော်

ထန်ကြိုချမ်းက တိုက်ခိုက်ရင်း

'ဘုန်းကြီးက ဖိုမလက်ဝါး အဖွင့်ရဲ့ အကြွင်းအကျန်လား'-

ဟု မေးလိုက်၏။

မျက်နှာနီစပ်စပ်ရှိသော ဘုန်းကြီးက နှုတ်ခမ်းမဲ့၍ ရယ်မောရင်း

'မင်းက အသတ်ငယ်ပေမယ့်ဗဟုသုတစုံသားပဲ၊ ဟင်း ဟင်း နှစ်ပေါင်း လေးဆယ်က ကိစ္စကို သိတယ်'

ထန်ကြိုချမ်းက

'မင်းရဲ့ ချီးကျူးတာကို မခံယူရဲပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါ့ရဲ့ဗဟုသုတက မပြည့်စုံလို့ပဲ'

မျက်နှာ နီစပ်စပ်ရှိသော ဘုန်းကြီးက မျက်ခုံး ပင့်တင်ရင်း

'နှစ်ပေါင်း လေးဆယ်က ကိစ္စကို သိနိုင်တာ ဗဟုသုတ မပြည့်စုံဘူးလို့ ပြောနိုင်သလား'

ထန်ကြိုချမ်းက



'ကျုပ်သိသလောက်တော့ ဖိုမလက်ဝါး အဖွဲ့မှာ အကြွင်းအကျန်မရှိတော့ဘူး'

မျက်နှာနီစပ်စပ်ရှိသော ဘုန်းကြီးက ရယ်မောလိုက်ရင်း

'မမှားဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်က ဖိုမလက်ဝါးအဖွဲ့ဟာ ဖူချူတောင် တဝိုက်မှာ အမှတ် (၁၇) ယန်အဖွဲ့ရဲ့ လက်ချက်နဲ့ တစ်ဖွဲ့လုံး ပြုတ်သွားတယ်၊ အကြွင်းအကျန် ဆိုတာ မရှိတော့ဘူး'

ထန်ကြိုချမ်းက မျက်မှောင်ကုတ်ရင်း

'ဒါဖြင့် မင်းက ဒီဖိုမလက်ဝါးသိုင်းကို ဘယ်လို ရလာတာလဲ'

မျက်နှာနီစပ်စပ်ရှိသော ဘုန်းကြီးက သဘောကျစွာ ရယ်မောရင်း

'အချိန်စောသေးတယ်၊မင်း ငရဲပြည်ရောက်မှ စုံစမ်းကြည့်'

ဟု ပြောလိုက်၏။

ထန်ကြိုချမ်းက နှုတ်ခမ်း တစ်ချက်မဲ့ကာ ဘာမျှပြန်၍ မပြောတော့ပဲ လက် ငါးချောင်း သိုင်းကွက်ကို ထပ်မံထုတ်လိုက်၏။

ထို့ကြောင့် ထန်ကြိုချမ်း၏ တိုက်ကွက်သည် ပို၍ပြင်းထန်လာကာ ပို၍ ရက်စက်လာလေတော့၏။

သို့ဖြစ်၍ မျက်နှာ နီစပ်စပ်ရှိသော ဘုန်းကြီးသည် မျက်စိမျက်နှာပျက်ကာ နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်ခွာလိုက်ရလေတော့၏။

ထိုစဉ်....

လုံဆင်ပိက အစိမ်းရောင်ဝတ် သိုင်းသမားများနှင့် တိုက်ခိုက်နေရာမှ လှမ်း၍ အော်ပြောလိုက်၏။

'ထန်ကြိုချွမ်း....ဒီ ဘုန်းကြီး ဟာ ဖို့မ လက်ဝါးအဖွဲ့ရဲ့ အကြွင်းအကျန် မဟုတ်ဘူး၊ ဖုနူတောင်မှာရှိတဲ့ ယောက်ဝမ်ဘု ကျောင်းက ကျောင်းထိုင် အိယောက် ဆိုတာပဲ'

ထန်ကြိုချွမ်းက မျက်ခုံး ပင့်တင်ရင်း

'အိယောက်ဘုန်းကြီး ဟုတ်လား'

ဟု ပြန်၍ မေးလိုက်ပြီး တစ်ဘက်ကလည်း မျက်နှာနီစပ်စပ် ရှိသော အိယောက် ဘုန်းကြီးကို ဖိ၍ တိုက်နေလေသည်။

လုံဆင်ပိက

'သူက ဆေးဝါး ကျွမ်းကျင်လို့ ဖို့မ လက်ဝါးသိုင်းကို ရခဲ့တာ'

ထန်ကြိုချွမ်းက

'ဆေးဝါး ကျွမ်းကျင်တာနဲ့ ဖို့မ လက်ဝါးသိုင်းကျင့်စဉ်နဲ့ ဆိုင်လို့လား'

လုံဆင်ပိက

'မဟုတ်ဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်က ဖုနူတောင် တိုက်ပွဲမှာ ဖို့မ လက်ဝါးအဖွဲ့ခေါင်းဆောင် ကျဆုံးခဲ့တယ်၊ အဲဒီတုန်းက လူတိုင်းက သူ့ကို မီးနတ်နန်းတော် ချောက်ကျိထန်ရဲ့ မိုးကြိုးမီးနတ်သိုင်းကွက်နဲ့ သေပြီ မှတ်နေတာ၊ အမှန်တော့ ဖို့မ လက်ဝါးအဖွဲ့ခေါင်းဆောင်က မသေဘဲ ဒဏ်ရာ



ပြင်းထန်စွာရပြီး ထွက်ပြေးလာခဲ့တယ်၊ အဲဒီမှာတင် အိယောက်ဘုန်းကြီးနဲ့ တွေ့ခဲ့တာပဲ'

ထန်ကြိုချွမ်းက

'ဒါဖြင့် အိယောက် ဘုန်းကြီးက ဖို့မ လက်ဝါး အဖွဲ့ခေါင်းဆောင်ကို လက်ခံတာပေါ့'

လုံဆင်ပိက

'မမှားဘူး၊ အိယောက်ဘုန်းကြီးက ဖို့မ လက်ဝါး အဖွဲ့ခေါင်းဆောင်ကို သုံးရက်နဲ့ သုံးညတိတိ နေ့ည မအိပ်ဘဲ ကုသခဲ့တယ်၊ ဒါပေမယ့် ငါးရက်မြောက်နေ့မှာ အဖွဲ့ခေါင်းဆောင်ဟာ ဒဏ်ရာ ပြင်းထန်လွန်းလို့ သေဆုံးသွားတယ်'

ထန်ကြိုချွမ်းက နှာခေါင်းရှုံ့ကာ

'ဒါဖြင့် အိယောက်ရဲ့ ဆေးဝါးက ဘာစွမ်းလို့လဲ'

လုံဆင်ပိက

'စွမ်းမစွမ်းတော့ မသိဘူး၊ အိယောက် ဘုန်းကြီး အတွက်တော့ အကျိုးရှိခဲ့တယ်'

ထန်ကြိုချွမ်းက

'ဘယ်လိုအကျိုးရှိတာလဲ'

လုံဆင်ပိက

'ဖို့မ လက်ဝါးသိုင်းကျမ်း ရခဲ့တယ်လေ'

ထန်ကြိုချွမ်းက နှုတ်ခမ်းမဲ့၍ ပြုံးလိုက်ပြီး

'ဒါပေမယ့် သူက နှစ်ပေါင်း လေးဆယ် ကျင့်ခဲ့တာတောင် ကျုပ်ရဲ့ လက်ငါးချောင်း သိုင်းကွက်ကို နိုင်အောင် မတိုက်နိုင်သေးပါလား'

လုံဆင်ပီက

'ဒါ မထူးဆန်းဘူး၊ ဖို့မ လက်ဝါးသိုင်းကျမ်းက အပေါ် အောက် ဆိုပြီး နှစ်ပိုင်းခွဲထားတယ်၊ အိယောက်က တစ်ပိုင်းပဲ ရတယ်၊ ရတဲ့အပိုင်းက အပေါ်ပိုင်းပဲ'

ထန်ကြိုချမ်းက ရယ်မောရင်း....

'ဟား....ဟား၊ ဖို့မ လက်ဝါး အဖွဲ့ ခေါင်းဆောင်က ဘာဖြစ်လို့ ဒီလောက်တောင် ကပ်စေးနဲ့ရတာလဲ'

လုံဆင်ပီက

'ကပ်စေး့တာ မဟုတ်ဘူး၊ သိုင်းကျမ်းရဲ့ အောက်ပိုင်းကို သူ့ရဲ့ မိန်းမ ချောင်ကျောင်းကျောင်းကို ပေးထားတယ်'

ထန်ကြိုချမ်းက

'ဟုတ်ပြီ၊ ဒါကြောင့် ဒီအိယောက်ဘုန်းကြီးရဲ့ တိုက်ကွက်မှာ တစ်ခုခု လိုနေတယ်လို့ ငါထင်နေတာ'

ဟု ပြောလိုက်၏။

ထန်ကြိုချမ်းသည် လုံဆင်ပီနှင့် စကား အပြန်အလှန် ပြောရင်း တစ်ဖက်မှလည်း အိယောက်ဘုန်းကြီးအား တိုက်ခိုက်နေလေသည်။

အိယောက်ဘုန်းကြီးသည် တဖြည်းဖြည်း တစ်စထက် တစ်စ ထန်ကြိုချမ်းကို အရေးနိမ့်လာ၏။

ထို့ကြောင့်....

အိယောက်ဘုန်းကြီး၏ မျက်နှာပေါ်၌ ချွေးသီး ချွေးပေါက်များ စီးကျလာလေတော့၏။



ထိုအချိန်အတွင်းမှာပင် ရုတ်တရက် မိုးပေါ်မှ ရွှေရောင်တန်း တစ်ခု ကျဆင်းလာလေတော့၏။

*   *   *

မိုးပေါ်မှ ရွှေရောင်တန်းတစ်ခုက ထန်ကြိုချမ်းနှင့် အိယောက် ဘုန်းကြီးတို့အကြား ကျရောက်လာ၏။

ထို့ကြောင့်....

ထန်ကြိုချမ်းသည် နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်ခွာလိုက်ရ၏။

တစ်ချိန်တည်းမှာပင် ချင်ဝှမ်ဝူ၏ အော်ဟစ်သံကို ကြားလိုက်ရ၏။

'ကျင်းကျိကျွန်း'

ကျင်းကျိကျွန်းသည် လေထဲမှကျွမ်းထိုးကာ ထန်ကြိုချမ်းနှင့် အိယောက် ဘုန်းကြီးတို့ အကြားသို့ ခုန်ဆင်းလိုက်၏။

တစ်ဆက်တည်းမှာပင် လက်ထဲမှ ရွှေတူဖြင့် ထန်ကြိုချမ်းကို တိုက်ခိုက်၏။

ကျင်းကျိကျွန်း၏လှုပ်ရှားမှု မြန်ဆန်လွန်းသဖြင့် မိုးပေါ်မှ ရွှေရောင်တန်းတစ်ခု ကျလာသကဲ့သို့ ထင်မှတ်ရခြင်းပင်ဖြစ်၏။

ထန်ကြိုချမ်းသည် ချင်ဝှမ်ဝူက 'ကျင်းကျိကျွန်း'ဟု အော်ဟစ်ခြင်း မပြုခဲ့လျှင်လည်း ယခုလာသူသည် ကျင်းကျိကျွန်းမှန်း သိ၏။

သူနှင့် လုံဆင်ပိတ္တို ယခုတစ်ခေါက် ကွမ်းစိသို့ လာရောက်ခြင်းမှာ ကျင်းကျိကျွန်းနှင့် စာရင်းရှင်းရန်ဖြစ်သည် မဟုတ်ပါလား။

ချင်ဝှမ်ဝူသည် ကျင်းကျိကျွန်းကိုမြင်သည်နှင့် သူ၏စိတ်ထဲ၌ ဆရာတုံးချုံအန်းကို သတိရလာ၏။

ချင်ဝှမ်ဝူ၏ မျက်စိထဲ၌လည်း ကျင်းကျိကျွန်း၏ ဓားတူကြောင့် မိမိဆရာ သေဆုံးရပုံကို ပြန်လည် မြင်ယောင်လာပြီး ရုတ်တရက် ဒေါသထွက်ကာ ဓားကိုထုတ်၍ ကျင်းကျိကျွန်းအား ဝင်ရောက် ခုတ်ပိုင်းလေတော့၏။

ကျင်းကျိကျွန်းက ချင်ဝှမ်ဝူ၏ဓားချက်များကို ရှောင်တိမ်းရင်း ပါးစပ်မှလည်း တဟဲဟဲ ရယ်မောကာ....

'သူငှေးလေးက ဒေါသတယ်ကြီးတာပဲ ဟဲ-ဟဲ၊ မင်းဆရာအတွက် နောက်ဘဝကျမှပဲ မင်းက အကြေးဆပ်ပေတော့'

ဟု ပြောလိုက်၏။

ချင်ဝှမ်ဝူသည် ကျင်းကျိကျွန်း၏စကားကို ဂရုမစိုက်ချေ။

ကျင်းကျိကျွန်း၏ သိုင်းပညာသည် မိမိထက်မြင့်ကြောင်း ချင်ဝှမ်ဝူသိ၏။

သို့သော် မိမိဆရာအတွက် နောက်ဆုံး ထွက်သက်အထိ စွန့်စားရန် ဆုံးဖြတ်ပြီးဖြစ်၏။

ထို့ကြောင့်....

ချင်ဝှမ်ဝူ၏ဓားကွက်များသည် ကြမ်းတမ်းကာ အားမာန်အပြည့်ပါ၏။



သို့သော် ကျင်းကျိကျွန်း၏အင်္ကျီစကိုပင် ထိုးဖောက်မိခြင်း မရှိချေ။

ကျင်းကျိကျွန်းက အသာအယာ ရှောင်တိမ်းနေရာမှ ဓားတူကို တစ်ချက် လှုပ်ရှားလိုက်သည်နှင့် ချင်ဝှမ်ဝူ၏ ညာဘက်ပခုံးတွင် အပေါက်ကလေးတစ်ပေါက် ဖြစ်ပေါ်ကာ သွေးများစီးကျလာ၏။

ယင်းအဖြစ်အပျက်ကို တုံးမှုရှာမြင်သော် မျက်စိမျက်နှာပျက်ကာ စူးစူးရားရား အော်ဟစ်လိုက်မိလေတော့၏။

ယင်းအချိန်ကလေး အတွင်းမှာပင် တုံးမှုရှာသည် မိမိခါးပေါ်သို့ သခင်မဝမ်မြောင်၏ လက်ဝါးတစ်ချက် ရိုက်ချခြင်းကို ခံလိုက်ရပြီး ဘေးသို့ လွင့်စဉ်သွားလေတော့၏။

သခင်မဝမ်မြောင်က တုံးမှုရှာလဲကျရာသို့ အလိုက်သင့်ခုန်၍ လိုက်ပါသွားပြီး တုံးမှုရှာအား လက်ဝါးတစ်ချက်ဖြင့် ပွဲသိမ်းပေးရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရုတ်တရက် လောင်တထံမှ အော်သံတစ်သံ ပေါ်ထွက်လာ၏။

'မိစ္ဆာမ ရော့....မစင်ပုံ'

လောင်တ၏ စကားမဆုံးခင်မှာပင် လောင်တထံမှ မည်းမည်း အရာဝတ္ထုတစ်ခုသည် သခင်မဝမ်မြောင်ထံသို့ ရောက်ရှိလာ၏။

သခင်မဝမ်မြောင်သည် လောင်တ၏အသံကြောင့် လောင်တကို လှမ်းကြည့်စဉ် မိမိထံသို့ မည်းမည်းအရာဝတ္ထုတစ်ခု ပစ်လွင့်လာသည်ကို မြင်တွေ့ရ၏။

ထို့ပြင် လောင်တ၏စကားထဲ၌ 'မစင်ပုံ'ဟု ပါရှိသဖြင့် ကမန်းကတန်း နောက်သို့ဆုတ်ခွာ၍ ရှောင်ပြေးလေတော့၏။

သခင်မဝမ်မြောင်သည် အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်၏။

ရက်စက်ကြမ်းကြုတ်ပြီး ယုတ်မာသော စိတ်ထားရှိ၏။

သို့သော်....

မိန်းမသည် မိန်းမပဲဖြစ်၏။

မည်သို့သော မိန်းမမျိုးပင်ဖြစ်ပါစေ သန့်ရှင်းမှုကို နှစ်သက်၏။ ညစ်ပတ်မှုကို ရွံရှာ၏။

ထို့ကြောင့်....

သခင်မဝမ်မြောင်သည် မိမိထံသို့ မည်းမည်းအရာဝတ္ထု လွင့်စဉ်လာသည်နှင့် ရုပ်ပျက်ဆင်းပျက် ရှောင်တိမ်းလိုက်လေတော့၏။

'ဖတ်....'

ဟူသော မည်းမည်းအရာဝတ္ထုသည် မြေပေါ်သို့ကျလာ၏။ မစင်ပုံမဟုတ်ပါ ရွှံ့တစ်ပုံသာ ဖြစ်၏။

လောင်တက ရုပ်ပျက်ဆင်းပျက် ရှောင်တိမ်းသော သခင်မဝမ်မြောင်ကို ကြည့်ရင်း သဘောကျစွာ လက်ခုပ်လက်ဝါးတီးလျက်...

'ဟိုး...ဟို အဲဒါမစင်အတုကွ၊ နောက်တင်ခါ ဆိုရင်တော့ ကျုပ်ရဲ့ မစင်အစစ် စားရလိမ့်မယ်'

ဟု ပြောလိုက်၏။



လောင်တသည် ထိုသို့ပြောလိုက်ပြီးသည်နှင့် တစ်ပြိုင်တည်း သခင်မဝမ်မြောင်၏ရှေ့သို့ ရောက်လာ၏။

ထိုအချိန်တွင် တုံးမုရှာသည် လဲကျရာမှ ပြန်လည်ထလိုက်ပြီးဖြစ်သည်။

သူမသည် လောင်တကို တစ်ချက်ကြည့်လိုက်၏။

ပြီးမှ ချင်ဝှမ်ဝူဘက်သို့ ကြည့်လိုက်၏။

လောင်တက သခင်မဝမ်မြောင်ကို စတင် တိုက်ခိုက်နေပြီဖြစ်၏။

ထို့ကြောင့် တုံးမုရှာသည် လောင်တကို ကူညီ၍ တိုက်ခိုက်ပေးရမည်လော။

သို့တည်းမဟုတ် ချင်ဝှမ်ဝူကို ကူညီ၍ တိုက်ခိုက်ပေးရမည်လော မဝေခွဲတတ်အောင် ဖြစ်နေ၏။

လောင်တက တုံးမုရှာ၏စိတ်ထဲမှ အခြေအနေကို ရိပ်စားမိသည့်အလား သခင်မဝမ်မြောင်နှင့် တိုက်ခိုက်နေရာမှ လှမ်း၍

'တုံးမုရှာ မင်း ဘယ်သူ့ဘက်မှမကူပဲ ဘေးမှာ ရပ်ကြည့်နေတာ အကောင်းဆုံးပဲ'

ဟု အော်ပြောလိုက်၏။

တုံးမုရှာက ဦးခေါင်းခါယမ်းလိုက်ပြီး....

'တစ်ကိုယ်ကောင်းဆန်လိမ့်မယ်၊ ရှင်က ဒီမိန်းကိုရိုက်နိုင်ရင် ကျွန်မ အစ်ကိုချင်ကို သွားကူမယ်'

ဟု ပြန်လည်၍ ပြောလိုက်၏။

လောင်တက ပျာပျာသလဲဖြင့်....

'မဖြစ်ဘူး၊ မင်းသွားလို့ မဖြစ်ဘူး၊ ချင်ဝှမ်ဂူကိုကူညီဖို့ ထန်ကြိုချမ်းရှိတယ်၊ မင်းမတိုက်ပဲ မနေနိုင်ရင်တော့ ကျုပ်ကို လာကူ၊ မိစ္ဆာမကိုရှင်းပြီးမှ စကားဆက်ပြောမယ်'

ဟု ပြန်လည်၍ အော်ပြောလိုက်၏။

တုံးမုရှာသည် သိုင်းလောကအတွေ့အကြုံ နည်းသော်လည်း စဉ်းစားဉာဏ်ရှိ၏။

လောင်တာက မိမိကို မစွန့်စားရန်အတွက် သူ၏အနီးသို့ ခေါ်ထားရန် ပြောလိုက်ခြင်းဖြစ်ကြောင်း နားလည်၏။

ထိုအချိန်တွင် သခင်မဝမ်မြောင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး—

'တုံးမုရှာရေ မင်းကို မှော်ဆရာကြီးကျိက သဘောကျနေတယ်ဟေ့၊ တကယ်လို့ မင်းရဲ့အစ်ကို ချင်က မကောင်းခဲ့ရင် မှော်ဆရာကြီးကျိနဲ့ မင်းဟာ လိုက်ဘက်တဲ့စုံတွဲ ဖြစ်လိမ့်မယ်'

သခင်မဝမ်မြောင်၏ စကားကြောင့် တုံးမုရှာ၏ မျက်နှာ နီရဲသွား၏။

သခင်မဝမ်မြောင်၏ မဖွယ်မရာ စကားကို လောင်တ ကြားသောအခါ ချက်ချင်းပင် ပြန်၍ ဆဲလိုက်၏။

ဤကဲ့သို့ ဆဲရေးတိုင်းထွာသော ကိစ္စ၌ လောကပေါ်တွင် ဤ မှော်ဆရာကြီး သုံးယောက်ကို မည်သူမျှ မီအံ့မထင်။

ယခုလည်း လောင်တသည် သခင်မ ဝမ်မြောင်အား တိုက်ခိုက်ရင်း ပါးစပ်မှလည်း ဆဲနည်းစုံစွာဖြင့် တစ်ခွန်းပြီးတစ်ခွန်း ဆဲနေ၏။



ဆယ့်လေးငါးခွန်းခန့် ဆဲပြီးသော်လည်း အကြောင်းအရာ မထပ်ချေ။

တဖြည်းဖြည်းနှင့် သခင်မ ဝမ်မြောင်သည် မျက်စိမျက်နှာ ပျက်လာ၏။ ဒေါသလည်း ဖြစ်လာ၏။

တုံးမုရှာသည် မျက်နှာ နီရဲလာကာ ထိုနေရာမှ လှည့်ထွက်သွားတော့၏။

အမှန်တော့ သူမသည် လောင်တ၏ မကြားဝံ့ မနာသာ စကားများကြောင့် မဟုတ်ပါ။

သူမ အနေဖြင့် ဤနေရာ၌ နေသော်လည်း လောင်တကို ဝင်ရောက်ကူညီရန် မလိုသည့်အပြင် လောင်တက မိမိကို အကာအကွယ် ပေးနေရသဖြင့် အသုပ်ပိုရှုတ်မည် စိုးသောကြောင့် ဖြစ်၏။

ထို့ကြောင့်....

တုံးမုရှာသည် လောင်တတို့ အနီးမှ ထွက်ခွာလာခဲ့လေတော့၏။

* * *

ကျင်းကျိုကျွန်းက ရွှေတူဖြင့် ချင်ဝှမ်ဂူ၏ ညာဘက် ပခုံးပေါ်သို့ အပေါက်ဘစ်ပေါက်ဖောက်ပေးပြီးနောက် ဘယ်ဘက် ပခုံးပေါ်သို့ အပေါက်တစ်ပေါက် ထပ်မံဖောက်ရန် ကြံစဉ်

ထန်ကြိုချမ်း၏ လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းက ကျင်းကျိကျွန်း၏ ရှေ့တူကို ဟန့်တားလိုက်၏။

ထို့နောက်....

ချင်ဝှမ်ဝူနှင့် ကျင်းကျိကျွန်းတို့ တိုက်ပွဲမှ ထန်ကြိုချမ်းနှင့် ကျင်းကျိကျွန်းတို့၏ တိုက်ပွဲသို့ အသွင်ပြောင်းသွား၏။

ကျင်းကျိကျွန်း၌ ရှေ့တူ တစ်ချောင်းသာ ရှိသော်လည်း သိုင်းကွက်များက တစ်မျိုးတစ်ဖုံ ထူးခြားကာ မည်သူမျှ မထင်မှတ်သော တိုက်စစ်များ ဖြစ်၏။

ထန်ကြိုချမ်း၏ လက်ငါးချောင်း သိုင်း ကွက် က လည်း အသွင်သဏ္ဍာန် အမျိုးမျိုး ပြောင်းလဲကာ ကျင်းကျိကျွန်း၏ ရှေ့တူကို ဟန့်တားနေ၏။

အတန်ကြာ တိုက်ခိုက်နေပြီးနောက်....

ကျင်းကျိကျွန်းက ရုတ်တရက် ရယ်မောလိုက်ပြီး....

'ဟန်ကြူးမြို့မှာ စိန္နရေကန် ရှိတယ်၊ ရှခင်းက ဆယ်နေရာမက ရှိတယ်၊ သာယာတဲ့ ရာသီဥတု ရှိတယ်၊ အဲဒီလို သာယာပြီး နေချင်စဖွယ်ကောင်းတဲ့ ဇာရပ်မှာ မင်းက အေးအေးဆေးဆေး မနေဘဲ ဒီကိုလာပြီး ကိုယ့်ကိုယ်ကို ညှဉ်းဆဲရသလား'

ထန်ကြိုချမ်းက လေသံမာမာဖြင့်....

'ကျုပ်က ဝလွန်းတော့ တကယ်လို့များ စည်းစိမ် ထပ်ခံစားရင် နောင်အခါ လမ်းလျှောက်ရတာတောင် ပြဿနာ ရှိလာနိုင်တယ်၊ ဒါကြောင့် ကိုယ်လက် လှုပ်ရှားရအောင် ဒီကို လာခဲ့တာ'



ကျင်းကျိကျွန်းက ဦးခေါင်း ခါယမ်းလိုက်ပြီး....

'ဒါများ ဟန်ကြူးမြို့မှာတင် လုပ်လဲ ဖြစ်ပါတယ်၊ စိန္နရေကန်ကနေ ချဲတန်မြစ်အထိ ပြေးပြီးတော့ လိန်ယင်း ဘုရားကျောင်းမှာ သက်သတ်လွတ်စား၊ ဒီကမှ ဟန်ကြူး ဘုရားကျောင်းကို ပြေး၊ အဲဒီက တစ်ဆင့် ဆူးစန်းတောင်ကို တက်၊ ပြီးတော့ ချိုချောင်းနဲ့ စုပ တောင်ကျချောင်းမှာ ဟိုပြေးဒီပြေးလုပ်၊ အဲဒီက လမ်းကွေ့ လမ်းကောက်တွေနဲ့ တသွင်သွင်စီးနေတဲ့ ချောင်းရေနဲ့ နတ်ပြည်လိုပဲ၊ ထန်ဂေဟာ ပြန်ရောက်တာနဲ့ မင်းရဲ့ ဗိုက်ဟာ တစ်ဝက်တိတိ လျော့ကျသွားမယ်ဆိုတာ ငါ အာမခံရဲတယ်'

ထန်ကြိုချမ်းက လေသံမာမာဖြင့်....

'စုမာရှဲ အတွက် ကျုပ်ဟာ ဟန်ကြူးမြို့က ထွက်လာမှ သူငယ်ချင်း ပီသတော့မှာပေါ့'

ကျင်းကျိကျွန်းက ရယ်မောရင်း....

'စုမာရှဲလို ခေါ်သမားကို ဒီကမ္ဘာမှာ ဘယ်သူက စော်ကားရဲမှာလဲ'

ထန်ကြိုချမ်းက နှုတ်ခမ်းမဲ့ကာ ...

'ဘာလို့ မင်းက မသိဟန်ဆောင်နေရတာလဲ၊ လွန်ခဲ့တဲ့ ရက်နှစ်ဆယ်လောက်က လူသတ်သမား သုံးဆယ့်နှစ်ယောက်ကို မင်းက ငွေပေးပြီး စုမာရှဲကို ရိုက်ခိုင်းခဲ့တာ မမှတ်မိတော့ဘူးလား'

ကျင်းကျိကျွန်းက ရုတ်တရက် ရယ်မောလိုက်ပြီး....

'ဟား....ဟား....ဟုတ်လား၊ ကျုပ်တော့ ဘာမှ မသိရပါလား၊ ဒါနဲ့ စုမာရဲ့ ဘယ်လိုနေသေးလဲ'

ထန်ကြိုချမ်းက တံတွေး တစ်ချက် ထွေးလိုက်ပြီး....

'တကယ်လို့သာ ကျုပ်က အဲဒီလူသတ်သမား သုံးဆယ့်နှစ်ယောက်ကို ငွေပေးပြီး ခင်ဗျားကို ရိုက်ခိုင်း ရင်တော့ ခင်ဗျားရဲ့ အရိုးတွေ အမှုန့်ဖြစ်သွားမယ် ထင်တယ်'

ကျင်းကျိကျွန်းက မခိုးမခန့် ရယ်မောရင်း....

'ဒါက ဘာမတရားတာ ရှိသလဲ၊ စုမာရဲ့က အံ့စာဝိုင်းမှာ ကျုပ်ရဲ့ တပည့်တစ်ယောက်ကို သတ်ခဲ့တာပဲ၊ စုမာရဲ့ အသက်မသေတာပဲ ခင်ဗျားက ကျုပ်ကို ကျေးဇူးတင်ဖို့ ကောင်းတယ်'

ထန်ကြိုချမ်းက ဒေါသဖြစ်သော လေသံဖြင့်....

'ခင်ဗျားကို ကျေးဇူးတင်ရမယ်၊ ဟား....ဟား၊ ရယ်ဖို့တောင် ကောင်းလိုက်သေး၊ ဒီမှာ မင်းရဲ့တပည့်က အံ့စာဝိုင်းမှာ ညစ်ပတ်တာကိုး'

ကျင်းကျိကျွန်းက....

'ဒီလိုဆို စုမာရဲ့က ယုတ်မာတာပေါ့၊ သူ့ငွေ ရှုံးတာနဲ့ လူသတ်ရတယ်လို့'

ထန်ကြိုချမ်းက....

'စုမာရဲ့က ယုတ်မာပြီး လူသတ်တာ မဟုတ်ဘူး၊ မင်းတပည့်ရဲ့ လိမ်နည်းညာနည်းကို ထုတ်ဖော်သိုက်လို့ မင်းတပည့်က စုမာရဲ့ကို နှုတ်ပိတ်ခဲ့တာ၊ ဒါပေမယ့် သူ့နှုတ်ပိတ်တဲ့ လူက စုမာရဲ့ ဖြစ်နေတော့ သူ့အတွက် ကံဆိုးသွားရတာပေါ့'



ဟု ပြောရင်း ထန်ကြိုချမ်း၏ လက်ငါးချောင်း သိုင်းကွက်ကလည်း တဖြည်းဖြည်း ပို၍ပြင်းထန်ပြီး ပို၍ ခက်ခဲသော သိုင်းကွက်ကို ထုတ်၍ တိုက်ခိုက်နေ၏။

ကျင်းကျိကျွန်းကလည်း သူ၏ဝန်းကျင်ကို ရွှေရောင်တန်းများ ဖြစ်ပေါ်စေကာ ရက်စက်သော တိုက်ကွက် အသစ်များဖြင့် တိုက်ခိုက်နေလေတော့၏။

ယင်းအချိန်၌ ချင်ဝှမ်ဝူသည် အိယောက် ဘုန်းကြီးနှင့်တိုက်ခိုက်နေရ၏။

*　　*　　*

ချင်ဝှမ်ဝူ၏ပခုံး၌ ဒဏ်ရာ ရရှိသွားသည်နှင့် ထန်ကြိုချမ်းသည် ကျင်းကျိကျွမ်းကို ဝင်ရောက် တိုက်ခိုက်ခဲ့၏။

အိယောက်ကလည်း တုံ့ဆိုင်းမနေဘဲ ဒဏ်ရာ ရနေသော ချင်ဝှမ်ဝူကို နားခွင့်မပေးပဲ ဖိုမလက်ဝါး သိုင်းကွက်ဖြင့် ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

အိယောက် ဘုန်းကြီးသည် ထန်ကြိုချမ်းကို နိုင်အောင် မတိုက်ခိုက် နိုင်သော်လည်း ချင်ဝှမ်ဝူကိုမူ အသာစီးမှနေ၍ တိုက်ခိုက်နေလေသည်။

သိုင်းကွက် သုံးဆယ်ကျော် တိုက်ခိုက်ပြီးသော အခါ၌ ချင်ဝှမ်ဝူသည် အိယောက်၏ ဖိုမလက်ဝါးတစ်ချက် ရိုက်ချ

လာခြင်းကို ခံလိုက်ရပြီး နောက်သို့ ခြေလှမ်း နှစ်လှမ်းမျှ ဆုတ်ခွာ သွားရလေတော့၏။

ထိုစဉ် ...

သူတို့အနီးသို့ တုံးမုရှာ ရောက်လာပြီး တစ်ဆက်တည်း အိယောက်ကို တိုက်ခိုက်လိုက်လေသည်။

တုံးမုရှာ၏ ရှတ်တရက် ဝင်ရောက် တိုက်ခိုက် ခြင်းကြောင့် အိယောက် ဘုန်းကြီးသည် နောက်သို့ ခြေလှမ်း နှစ်လှမ်းမျှ ဆုတ်လိုက်ရလေသည်။

ပြီးမှ....

အိယောက် ဘုန်းကြီးသည် ကောက်ကျစ် စဉ်းလဲစွာ ပြုံးရင်း....

'လာကြ ...လာကြ၊ မင်းတို့မောင်နှံကို တစ်ပြိုင်တည်း ငါက ငရဲပြည်ကို ပို့ပေးမှာပဲ'

တုံးမုရှာ၏ သိုင်းပညာက အိယောက်ကို မမီချေ။

ချင်ဝှမ်ဝူအနေဖြင့်လည်း ဒဏ်ရာရရှိထားသဖြင့် အိယောက်ကို မယှဉ်နိုင်အောင် ဖြစ်နေ၏။

သို့ဖြစ်၍ သူတို့နှစ်ယောက်သည် ဒဏ်ရာအသီးသီး ရရှိကာ တဖြည်းဖြည်း အခြေအနေ ဆိုးရွားလာ၏။

အိယောက် ဘုန်းကြီးက သိုင်းကွက် တစ်ကွက် ထုတ်တိုင်း တုံးမုရှာတို့အတွက် အန္တရာယ် တစ်လှမ်း ပိုနီးလာ၏။

သိုင်းကွက် နှစ်ဆယ်ခန့်မျှ ထပ်မံ ယှဉ်ပြိုင်မိသောအခါ ချင်ဝှမ်ဝူသည် စွန်လက်သည်းကုတ် တစ်ချက်မိကာ မဟန်နိုင်ဘဲ မြေပေါ်သို့ လဲကျသွားတော့၏။



ချင်ဝှမ်ဝူ၏ လက်ထဲမှဓားလည်း လွင့်စဉ်သွားခဲ့ လေတော့သည်။

ထို့ကြောင့် တုံးမုရှာသည် ချင်ဝှမ်ဝူအတွက် စိုးရိမ်ပူပန်စွာ တစ်ချက်အော်လိုက်ပြီး အိယောက်ဘုန်းကြီးအား တရစပ်တိုက်ခိုက်လေတော့၏။

အမှန်မှာ တုံးမုရှာသည် အိယောက်ဘုန်းကြီး၏ ပြိုင်ဘက်မဟုတ်ချေ။

သို့သော် တုံးမုရှာသည် မိမိ၏အသက်ကို မငဲ့ကွက်ပဲ အိယောက်ဘုန်းကြီးအား တိုက်ခိုက်လိုက်၏။

သို့ဖြစ်၍ တုံးမုရှာ၏ တိုက်ကွက်များတွင် ဟာကွက်များပေါ်ထွက်လာလေတော့၏။

အိယောက်က မြေခွေးကဲ့သို့ ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်ပြီး ဗိုမသိုင်းကွက်တစ်ကွက် ထုတ်ကာ တုံးမုရှာ၏ ရင်ဝသို့ ရိုက်ချလိုက်လေတော့၏။

*   *   *

အိယောက်၏ လက်ဝါးက တုံးမုရှာ၏ ရင်ဝသို့ မကျရောက်မီ အိယောက်နှင့် တုံးမုရှာအကြားသို့ လူတစ်ယောက် ကျရောက်လာလေသည်။

ထို့ကြောင့်....

အိမ်ယောက်၏ လက်ဝါးသည် တုံးမုရှာ၏ ရင်ဝသို့ ကျရောက်မည့်အစား ထိုလူ၏ရင်ဝသို့ ကျရောက်ကာ ထိုလူ၏ ပါးစပ်မှတစ်ချက်ညည်းညူရင်း မြေပေါ်သို့ လဲမကျမီမှာပင် သေဆုံးသွားလေတော့၏။

ထိုလူမှာ အစိမ်းရောင်ဝတ် သိုင်းသမား တစ်ဦး ဖြစ်၏။

ထို့ကြောင့် အိမ်ယောက်သည် မိမိ၏ လူကို မိမိ ပြန်၍ သတ်မိလိုက်သဖြင့် တစ်ချက်မျှ ငေးကြောင်ကာ အံ့အားသင့်သွားသည်။

ထိုအချိန်တွင် လောင်အော့က ရယ်မော၍...

'တော်တယ်၊ မင်းရဲ့ လက်ဝါးသိုင်းက ဘယ်ဆိုးလို့လဲ'

ဟု ပြောရင်း အိမ်ယောက်၏ အနီးသို့ ရောက်လာ၏။

အမှန်မှာ....

လောင်အော့သည် အစိမ်းရောင်ဝတ် သိုင်းသမားကို တုံးမုရှာနှင့် အိမ်ယောက်တို့ အကြားသို့ ဆွဲပစ်လိုက်ပြီး တုံးမုရှာ၏ အသက်ကို ကယ်တင်လိုက်ခြင်း ဖြစ်၏။

အိမ်ယောက်သည် လောင်အော့ကို ကြည့်ကာ မျက်စိမျက်နှာ အနည်းငယ် ပျက်သွား၏။

လောင်အော့က....

'အဲဒီလို တော်တဲ့အတွက် ကျုပ် မှော်ဆရာကြီးက မင်းရဲ့ ပါးကို တစ်ချက်ရိုက်ပြီး ဆုချမယ်'

ဟု ပြောလိုက်၏။

ထိုစဉ် လောင်စန်းကလည်း သူတို့ အနီးသို့ ရောက်လာကာ



'ကောင်းတယ်....ကောင်းတယ်၊ ကျုပ် မှော်ဆရာကြီးကလဲ င်းရဲ့ တင်ပါးကို တစ်ချက် ကန်ပြီး ဆုချမယ်'

ထိုအချိန်တွင် မြေပေါ်သို့ လဲကျသွားသော ချင်ဝှမ်ဝူက ပြန်လည် မတ်တတ်ရပ်ရင်း လောင်အော့နှင့် လောင်စန်းကို ှမ်း၍....

'မင်းတို့က သူ့ရဲ့ အဆိပ်လက်သည်းကုတ်ကို ဂရုစိုက်ရလိမ့် ယ်'

ဟု သတိပေးလိုက်၏။

ချင်ဝှမ်ဝူ၏ စကားကြောင့် တုံးမုရှာ၏ ရင်ထဲ၌ တစ်ချက် ုန်လှုပ်သွားပြီး....

ချင်ဝှမ်ဝူကို ကြည့်လိုက်၏။

အိမ်ယောက်၏ စွန်လက်သည်းကုတ် မိခဲ့သော ညာဘက် ာက်သည် အဆိပ်ကြောင့် ညိုမည်း ယောင်ကိုင်းလာသည်ကို တွေ့ရ၏။

လောင်အော့က မျက်လုံးစွေ၍ ချင်ဝှမ်ဝူ၏ အခြေအနေကို စ်ချက် အကဲခတ်လိုက်ပြီး အိမ်ယောက်ဘုန်းကြီးအား သွား ၍ ပြလိုက်လေသည်။

ပြီးမှ....

'ကဲ....ပေးစမ်း၊ ဘယ်မှာလဲ အဆိပ်ဖြေဆေး'

ဟု ပြောလိုက်၏။

လောင်စန်းက....

'မင်းကသာ အဆိပ်ဖြေဆေး ပေးရင် မင်းကို ဒီနေ့ရော နက်ဖြန်ပါ ချမ်းသာပေးမယ်'

လောင်အောကြ ...

'မြန်မြန်ထုတ်ပေးစမ်း၊ ကျုပ် မှော်ဆရာကြီးက မင်းကို သန်ဘက်ခါပါ ချမ်းသာပေးမယ်'

အိုယောက်ဘုန်းကြီးက မာကျောစွာ တစ်ချက် ရယ်မောလိုက်ပြီး....

'ဘာဖြေဆေးလဲ၊ ကျုပ် ကိုယ်ပေါ်မှာ မရှိဘူး'

လောင်စန်းက....

'မင်း ကိုယ်ပေါ်မှာ မရှိရင် မင်း ခေါင်းပေါ်မှာလား၊ ဒါမှမဟုတ် ဖိနပ်ထဲမှာလား'

လောင်အောကြ တံတွေး တစ်ချက် ထွေးရင်း....

'ထွီ....ဖိနပ်အောက်မှာဆိုရင် နံနေမှာပေါ့၊ စဉ်းတဲ့ လူက အဆိပ်ကြောင့် မသေဘဲ နံလို့ သေလိမ့်မယ်'

လောင်စန်းက....

'အသက်ကယ်ဖို့ပဲ၊ ဘယ်နေရာမှာထားထား ကိစ္စမရှိဘူး၊ ကျုပ် ခွင့်လွှတ်တယ်'

လောင်အောကြ....

'ဟုတ်တယ်၊ မင်းကသာ တို့ကို အဆိပ်ဖြေဆေး ပေးရင် ငါတို့ ခင်မင်မှု မပျက်ဘူး'

လောင်စန်းက....

'ငါတို့ ခင်မင်မှုလို့ ပြောရအောင် ငါတို့နဲ့ သူက နဂိုက ခင်မင်လို့လား၊ မှားနေပြီ၊ ငါတို့ မင်းကို ဘယ်ရွှေ့ဘယ်မျှ ချမ်းသာပေးမယ်လို့ ပြင်ပြောမှ ရမယ်'



လောင်အောကြ....

'ဘယ်ရွှေ့ဘယ်မျှ ဆိုတာ တိကျမှု မရှိဘူး၊ ဒီတော့ ဘယ်နှစ်ရက်၊ ဘယ်နှစ်လလို့ အတိအကျပြောမှ မှန်မယ်'

ထိုအချိန်တွင် အိုယောက်ဘုန်းကြီးက ရယ်မောရင်း....

'ဖြေဆေး လိုချင်ရင် လွယ်ပါတယ်၊ ကျုပ်နဲ့ လိုက်ပြီး ဖုန္နတောင်ကို တက်ပေါ့'

လောင်အောကြ....

'ဘာလို့ ဖုန္နတောင် တက်ရမှာလဲ'

အိုယောက်ဘုန်းကြီးက....

'ဖုန္နတောင်ပေါ်မှာ လောက်ဝမ် ဘုံကျောင်း ရှိတယ်'

လောင်စန်းက....

'ငါတို့ လိုချင်တာ လောက်ဝမ် ဘုံကျောင်းမှ မဟုတ်ဘဲ၊ မင်း နားပင်းနေလား၊ အဲဒီ ဘုံကျောင်းကြီးကို ငါက ဘယ်အိတ်ထဲ သွားထည့်ထားရမှာလဲ'

အိုယောက်ဘုန်းကြီးက ရယ်မောရင်း....

'ဒါပေမယ့် အဲဒီ ဘုံကျောင်းက ဆေးသိမ်းတဲ့ အထပ်မှာ ဖြေဆေးရှိတယ်'

လောင်အောကြ....

'လူလိမ်'

ဟု အော်လိုက်၏။

လောင်စန်းက....

'မဟုတ်ဘူး၊ ဘုန်းကြီးလိမ်လို့ ပြောမှ မှန်မယ်'

လောင်အောင့ကစိတ်မရှည်စွာဖြင့် လောင်စန်းကိုကြည့်ကာ 'ငါ့ဘာသာ ငါ ဘာပြောပြော မှန်တယ်၊ မင်း မရှည်နဲ့' ဟု လှည့်၍ ငေါက်လိုက်၏။

ပြီးမှ....

လောင်အောင့သည် အိယောက်ဘုန်းကြီးအား နှုတ်ခမ်းမဲ့၍ တစ်ချက် ကြည့်လိုက်ပြီး....

'ဒီလို လူစားက ဟိုစကားပုံလိုပဲ၊ အခေါင်းတွေမှ အခေါင်းတွေမှ' ဟု ပြောရင်း စကားပုံကို မေ့နေဟန်ဖြင့် စကားထစ်နေ၏။

ထို့ကြောင့် လောင်စန်းက....

'အခေါင်းတွေမှ မျက်ရည်ကျ' ဟု အဆုံးသတ်ပေးလိုက်၏။

လောင်တကလောင်စန်းကို မျက်လုံး တစ်ချက် စွေကြည့်လိုက်ပြီး....

'ငါ မေ့နေလို့ မဟုတ်ဘူး၊ ဒီလို စကားပုံတွေကို မင်း မေ့နေမှာစိုးလို့ တမင် မပြောတာ'

လောင်စန်း၏ မျက်ခုံးမွေးများ နဖူးသို့ မြင့်တက်သွားတော့၏။ ပြီးမှ....

လောင်စန်းက အိယောက်ကို ညွှန်ပြရင်း

'သူက ဖြေဆေးကို ချက်ချင်း မပေးရင် အခေါင်း တွေ့အောင် လုပ်ပေးလိုက်မယ်' ဟု ပြောလိုက်၏။

စကားဆုံးသည်နှင့် လောင်စန်း၏ လက်ဝါးနှစ်ချက်သည် လျှပ်တပြက် အိယောက်ဘုန်းကြီးထံသို့ ရောက်သွား၏။

လောင်စန်း၏ လက်ဝါးရိုက်ချက်က ရိုးစင်းသည်။



သို့ဖြစ်၍....

အိယောက်ဘုန်းကြီးက မဲ့ပြုံးကလေးပြုံးကာ အသာအယာပင် ရှောင်တိမ်းလိုက်၏။

ထိုစဉ်....

လောင်အောင့က အိယောက်ဘုန်းကြီးကို ဝင်၍ တိုက်ခိုက်လိုက်၏။

လောင်အောင့၏ သိုင်းကွက်ကလည်း သာမန်အဆင့်သာရှိ၏။

အိယောက်ဘုန်းကြီး ပြုံးမိသည်။

သို့နှင့်....

အိယောက်ဘုန်းကြီးသည် လောင်အောင့၊ လောင်စန်းတို့နှင့် သိုင်းကွက် ဆယ်ကွက်မျှ ယှဉ်ပြိုင်ပြီးသောအခါ၌ အိယောက်ဘုန်းကြီး မျက်လုံးပြူးလာ၏။ မျက်စိမျက်နှာပျက်လာ၏။

သူ၏နဖူး၌ ချွေးများစို့လာကာ ဒုက္ခတွေ့လာတော့၏။

တစ်ချိန်တည်းမှာပင် လောင်အောင့နှင့် လောင်စန်းတို့၏ သိုင်းပညာသည် မိမိထက် တစ်ဆမက ပို၍မြင့်နေကြောင်း နားလည်လာတော့၏။

အိယောက်ဘုန်းကြီး အဖြစ်သည် ကျားပေါ်သို့ ခွစီးမိသော လူကဲ့သို့ ဖြစ်၏။

ဆက်၍စီးရမှာလည်း အခက်၊ ဆင်းရမှာလည်း အခက် ဖြစ်နေ၏။

လောင်အော့နှင့် လောင်စန်းတို့၏ အမူအရာမှာ အေးဆေး လွန်းပြီး ပျင်းရိပျင်းတွဲ နိုင်လှပေသည်။

သို့သော်....

သူတို့၏သိုင်းကွက်များသည် တစ်စထက်တစ်စ ပို၍မြင့်မားလာ၏။

ထို့အတူပင်....

အိုယောက်ဘုန်းကြီး၏ မျက်နှာသည် တစ်စထက်တစ်စ ဖြူဖွေးလာကာ ချွေးများက ခန္ဓာကိုယ်အနှံ့အပြားမှ စီးကျနေလေတော့၏။

*   *   *

အစိမ်းရောင်ဝတ် သိုင်းသမားဆယ့်ရှစ်ယောက်က လုံဆင်ပိကို တိုက်ခိုက်နေ၏။

သူတို့၏ သိုင်းပညာအဆင့်သည် အညံ့စားမဟုတ်ချေ။

အားလုံးလိုလို သိုင်းပညာတတ်၏။

သို့သော်....

သူတို့သည် တစ်ယောက်ချင်းအနေဖြင့် လုံဆင်ပိကိုမမီချေ။

သို့ရာတွင်....

သူတို့ ဆယ့်ရှစ်ယောက် ပူးပေါင်း၍ တိုက်လာသောအခါ အခြေအနေ ထူးခြားလာ၏။

သူတို့အားလုံးသည် လုံဆင်ပိထက် အသက်ငယ်၏။



သူတို့အထဲမှ အသက်အငယ်ဆုံး သိုင်းသမားသည် ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်ခန့်သာ ရှိ၏။

လုံဆင်ပိသည် လူသတ်ရန် ဝန်လေး၏။

သို့သော်....

ဤသိုင်းသမား ဆယ့်ရှစ်ယောက်၏ ပူးပေါင်းတိုက်ခိုက်ခြင်းမှ လွတ်မြောက်ရန်အတွက် သိုင်းသမား ဆယ့်ရှစ်ယောက်ထဲမှ တစ်ယောက်ယောက်ကို ရှင်းလင်းပစ်မှဖြစ်မည်။

လုံဆင်ပိ၏ စူးရှထက်မြက်သော မျက်လုံးများက သိုင်းသမား ဆယ့်ရှစ်ယောက်၏ ပူးပေါင်းတိုက်ခိုက်သည့် သိုင်းကွက်ထဲမှ ဟာကွက် လွတ်ကွက်ကို တွေ့မြင်ရ၏။

ထိုဟာကွက် လွတ်ကွက်သည် အသက်အငယ်ဆုံး သိုင်းသမား၌ ဖြစ်၏။ သို့ရာတွင်....

လုံဆင်ပိသည် ထိုသိုင်းသမားလူငယ်၏ အသက်ကို နှမြောနေ၏။

ထိုလူငယ်သည် မျက်လုံးမျက်ဖန်ကောင်းကာ သူရဲကောင်းတစ်ယောက်၏ ဟိတ်ဟန်မျိုးရှိ၏။

ဘယ်လိုပဲကြည့်ကြည့် လူဆိုးသူခိုးရုပ် မပေါက်ချေ။

စရိုက်ကောင်းမွန်သော သိုင်းသမားများနှင့် ပေါင်းစည်းမိပါက ထိုလူငယ်သည် သိုင်းလောက၌ တရားမျှတသော သိုင်းသမားတစ်ယောက် ဖြစ်လာနိုင်၏။

သို့ဖြစ်၍လည်း လုံဆင်ပိသည် ထိုလူငယ်ကိုသတ်ရန် ချီတုံချတုံ ဖြစ်နေ၏။

သို့သော်....

ပစ္စုပ္ပန်အခြေအနေ၌ မိမိက ထိုလူငယ်ကိုမသတ်လျှင် ထိုလူငယ်က မိမိကိုသတ်ပေလိမ့်မည် မဟုတ်ပါလား။

ထိုလူငယ် သုံးစွဲသောလက်နက်က လှံဖြစ်၏။
ထက်မြက်သော သံမဏိလှံရှည်ဖြစ်၏။

ထိုလူငယ်သည် အစွမ်းကုန်အားထုတ်၍ လုံဆင်ပိကို တိုက်ခိုက်နေ၏။

သိုင်းသမား ဆယ့်ရှစ်ယောက် ပူးပေါင်း တိုက်ခိုက်သော ဝက်ပါသိုင်းကွက်၏ ပျော့ကွက်သည် ထိုလူငယ်ပေါ်၌ တည်နေ၏။

အကယ်၍သာ လုံဆင်ပိသည် နဂါး အနောက်လေတိုက်ဓားကွက်ကို အသုံးပြုပါက ထိုလူငယ်ကို အချိန်မရွေး သေဆုံးစေမည်မှာ သေချာ၏။

ဆံပင်တစ်ချောင်းဆွဲလျှင် ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်သကဲ့သို့ ထိုလူငယ်သေလျှင် ဝက်ပါသိုင်းကွက် ပျက်မည်ဖြစ်၏။

သို့သော်....
လုံဆင်ပိသည် ထိုလူငယ်ကို မသတ်ရက်ပါ။

တိုက်ပွဲ၌ ရန်သူကိုသနားခြင်းသည် မိမိကိုယ်မိမိ သတ်သေခြင်းနှင့် အတူတူပင်ဖြစ်၏။

သို့သော်....လုံဆင်ပိ မသတ်ရက်ပါ။ အကြောင်းမှာ....



ထိုလူငယ်၏ခန္ဓာကိုယ်ပေါ်တွင် လွန်ခဲ့သော ဆယ်နှစ်ခန့်က မိမိ၏ပုံရိပ်ကို ပြန်၍မြင်ရသကဲ့သို့ လုံဆင် ပိခံစားရသောကြောင့် ဖြစ်ပါသည်။

*　　*　　*

သံဝါးလုံးကိုင်၍ ယပ်တောင်ခတ်နေသော အနက်ရောင်ဝတ်အဘိုးအိုကိုကြည့်ရသည်မှာ ပင်လယ်ကမ်းစပ်၌ အပန်းဖြေနေသကဲ့သို့ ဖြစ်၏။

သို့သော်....

သူ၏နဖူး၌ ချွေးအနည်းငယ် စို့နေ၏။

သူသည် အန္တရာယ်၏ အနံ့အသက်တစ်မျိုးကို ရှူရှိုက်မိဟန်ဖြင့် မျက်စိမျက်နှာ အနည်းငယ်ပျက်နေ၏။

သို့သော် ဟန်ဆောင်ကောင်းသူဖြစ်၍ အကြောင်းအရာကို မည်သူမျှ သိနိုင်မည်မဟုတ်ပါ။

သူသည် ဤနှစ်တွင် အသက်ခြောက်ဆယ် ပြည့်ပြီဖြစ်၏။

သိုင်းလောက၌ ဝါးယပ်တောင် ဝိဉာဉ်လိုက် ရှောင်ကျီဟုဆိုလျှင် ရင်မတုန်ခဲ့သူ မရှိချေ။

သူ၏ သံဝါးလုံးဖြင့် အသက်ခြွေယူခဲ့သော အရေအတွက်မှာ သူ့အသက်၏ သုံးဆမျှရှိ၏။

ယနေ့မနက်တွင် လုံဆင်ပိကိုသတ်ရန် အမိန့်ရောက်လာ၏။
ထိုအမိန့်ပေးသူသည် ဘီလူးဖြူလက်ပင် ဖြစ်၏။

*   *   *

ရှက်လှေတွင် ရှက်မရှိ၍မဖြစ်။
ရှက်ရှိလျှင် လေမရှိ၍လည်းမဖြစ်။
ရှက်လှေတွင် ရှက်ကအရေးကြီးသလို လေကလည်း အရေးကြီး၏။
ရှောင်ကျိက ဤသို့သော လူစား ဖြစ်၏။
သူသည် သိုင်းသမား ဆယ့်ရှစ်ယောက်၏ ရှက် ဖြစ်ကာ ဝက်ပါသိုင်းကွက်က လေဖြစ်၏။
ထို့ပြင် သူသည် လှေသူကြီး တစ်ယောက်နှင့်လည်းတူ၏။
သူ၏ညွှန်ကြားမှုဖြင့် သိုင်းသမား ဆယ့်ရှစ်ယောက်က လှုပ်ရှားနေရသည် မဟုတ်ပါလား။
သို့သော်....
လေပြင်းမုန်တိုင်းကျ၍ လှိုင်းလေထန်လာလျှင် လှေသူကြီး မျက်လုံးပြူးရ၏။
ယခုလည်း....ရှောင်ကျိ မျက်လုံး ပြူးရ၏။
ရှောင်ကျိ၏ ဝက်ပါ သိုင်းကွက်က အချိန် ကြာလာသည့်တိုင်အောင် လုံဆင်ပိကို ဖိုခွင်းနိုင်ခြင်း မရှိသေးချေ။



သို့ဖြစ်၍ ရှောင်ကျိသည် ချွေးစေးများထွက်ကာ အသက်ရှူနှုန်း မြန်လာ၏။
တစ်ချိန်တည်းမှာပင်....
သူ၏စိတ်ထဲ၌လည်း အေးစိမ့်သော အန္တရာယ်၏ အငွေ့အသက်တစ်ခုကို ခံစားလာရ၏။
ထိုအငွေ့အသက်သည် လုံဆင်ပိ၏ ဓားပေါ်မှ ပေါ်ထွက်လာပြီး မိမိ၏ လည်ပင်းပေါ်သို့ ကျရောက် လာသည်ဟု ခံစားနေရခြင်း ဖြစ်၏။
ထို ခံစားချက်သည် တဖြည်းဖြည်း ပြင်းထန် လာပြီး ရှောင်ကျိ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် တဖြည်းဖြည်း တုန်ယင်လာ၏။
ထို့နောက် ရှောင်ကျိသည် အရူးတစ်ယောက်ကဲ့သို့ သွေးရူးသွေးတန်းဖြင့် အော်ဟစ်ကာ လေထဲ၌ တစ်ပတ်ကျွမ်း ပစ်လိုက်ပြီး ဝက်ပါသိုင်းကွက် အတွင်းသို့ ခုန်ဝင် လိုက်လေသည်။
တစ်ဆက်တည်းမှာပင် လက်ထဲမှ ယပ်တောင်ကိုဖြန့်၍ ခါယမ်းကာ ယပ်တောင်ထဲ၌ လျှို့ဝှက်စွာ ထည့်ထားသောအဆိပ်အပ်များဖြင့် လုံဆင်ပိထံ ပစ်လွှင့်လိုက်၏။

*   *

လုံဆင်ပိသည် ဝက်ပါ သိုင်းကွက်မှ ထိုးဖောက်ရန် အခက်တွေ့နေ၏။

အသက် အငယ်ဆုံး သိုင်းသမား၏ ခန္ဓာ ကိုယ်ပေါ်၌ ဝက်ပါသိုင်းကွက်ကို ထိုးဖောက်ထွက်ရန် ပျော့ကွက် ဟာကွက် ရှိကြောင်း သိသော်လည်း ထိုသိုင်းသမားကို မသတ်ရက်သဖြင့် အခက်တွေ့နေခြင်း ဖြစ်၏။

ထိုအချိန်၌ လုံဆင်ပိသည် ရှောင်ကျိ၏ အော်ဟစ်သံကို ကြားရ၏။

တစ်ချိန်တည်းမှာပင် ရှောင်ကျိသည် မိမိထံသို့ ခုန်ဝင်လာသည်ကို မျက်စိထောင့်မှ လုံဆင်ပိ မြင်တွေ့လိုက်၏။

ထို့ကြောင့် လုံဆင်ပိသည် မိမိ၏ဓားကို လေထဲ၌ စက်ဝိုင်းသဏ္ဌာန် လှုပ်ယမ်းလိုက်ရာ ထန်၊ ထန်၊ ထန်ဟူသော အသံများ ပေါ်ထွက်လာပြီး အဆိပ်အပ်များ ဘေးသို့ လွင့်စဉ်ကုန်၏။

ထို အဆိပ်အပ်များသည် လုံဆင်ပိ၏ဓားဖြင့် ထိတွေ့ကာ လမ်းကြောင်း ပြောင်းလဲပြီး လုံဆင်ပိကို ဝိုင်းရံ ထားသော သိုင်းသမား အချို့၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွား၏။

ထိုအချိန်တွင် လုံဆင်ပိကို ဝိုင်းရံထားသော သိုင်းသမားများ၏ ဓားချက်သည် သူတို့နှင့် လုံဆင်ပိ အကြားသို့ ကျရောက်လာသော ရှောင်ကျိ၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားလေတော့၏။

ရှောင်ကျိသည် မျက်လုံးပြူး၍ လုံဆင်ပိကို ကြည့်ရင်း....

'ငါ ဘာမှားသွားသလဲ'

ဟု တစ်ချက် ညည်းညူရင်း မြေပေါ်သို့ လဲကျသေဆုံးသွားတော့၏။



ရှောင်ကျိ ကိုယ်တိုင် မသိလိုက်သော အမှား အယွင်းကို လုံဆင်ပိ နားလည်လိုက်၏။

ထိုအမှားအယွင်းမှာ စိတ်ဓာတ် ခိုင်မာမှုပင် ဖြစ်သည် မဟုတ်ပါလော။

* *

စူးရှသော လေချွန်သံ တစ်ချက်က အဝေးမှ ပေါ်လာလေ၏။

မြောက်ဘက် အရပ်မှ ပေါ်လာခြင်း ဖြစ်၏။

ထိုလေချွန်သံသည် လုံဆင်ပိတို့၏ တိုက်ပွဲကို ပြောင်းလဲသွားစေ၏။

ထိုလေချွန်သံသည် ဘီလူးဖြူလက်အဖွဲ့ မဆုတ်ခွာရန် အချက်ပေး လေချွန်သံ ဖြစ်၏။သို့ဖြစ်၍....

လုံဆင်ပိကို ဝိုင်းရံထားသော သိုင်းသမား ဆယ့်ရှစ်ယောက်အနက် ရှောင်ကျိ၏ အဆိပ်အပ်ဖြင့် မသေဆုံးဘဲ ကျန်ရစ်သော သိုင်းသမား ဆယ်ယောက်သည် ကပျာကယာ နောက်သို့ ဆုတ်ခွာသွားလေတော့၏။

ထိုသိုင်းသမား ဆယ်ယောက်ထဲ၌ လုံဆင်ပိ မသတ်ရက်သော အသက်အငယ်ဆုံး သိုင်းသမားကလေး မပါဝင်တော့ချေ။

ထို သိုင်းသမားလေးသည် ရှောင်ကျိ၏ အသိပ်အပ်ဖြင့် သေဆုံးခဲ့ရလေသည်။

*  *  *

ကုလားအုတ် ဘုန်းကြီးနှင့် တိုက်ခိုက်နေသော အမြွာညီအစ်ကို နှစ်ယောက်သည် ကျိစာဖုနှင့် ကျိပုချုံ ဖြစ်၏။

ကျိစာဖုက အဝတ်အစား သပ်ရပ် သန့်ရှင်းစွာ ဝတ်စား၍ ကျိပုချုံက ဖြစ်ကတတ်ဆန်း ဝတ်စားကာ အဝတ်အစားများကလည်း စုတ်ပြတ်၏။

ထိုအမြွာညီအစ်ကိုကို ရှန်းပေ သိုင်းလောကတွင် လူတိုင်းက 'စွယ်စုံ တုတ် အမြွာညီအစ်ကို' ဟု ခေါ်ကြ၏။

ထိုအမြွာညီအစ်ကိုနှင့်တွေ့သူတိုင်း လည်ပင်းနှင့်ခြေထောက်ကို အရိုက်ခံရ၏။

ယခုအကြိမ်၌ ခြေထောက် အရိုက်ခံရ၍ ခြေကျိုးခဲ့သူမှာ ကျိပုချုံ ဖြစ်၏။

ကျိစာဖုသည် ကျိပုချုံကို ကျောပိုးလိုက်ပြီး ကုလားအုတ်ဘုန်းကြီးကို တစ်ချက် ကြည့်လိုက်၏။

ထို့နောက် ဤနေရာမှ လျင်မြန်စွာ ထွက်ခွာသွားတော့၏။

ကုလားအုတ်ဘုန်းကြီးက ရယ်မောကာ....



'တော် သေး တာ ပေါ့၊ မင်းရဲ့ ခြေထောက်ကိုပါ ငါ ချိုးမိရင် အခုလို ကျောပိုးပြီး ပြေးနိုင်မှာ မဟုတ်ဘူး' ဟု အော်ပြောလိုက်လေသည်။

*  *  *

'ချွမ်း'

ဟူသော အသံနှင့်အတူ ထန်ကြိုချွမ်း၏ အရက်အိုး ကွဲပြေသွား၏။

အရက်အိုးထဲမှ အရက်များ ပြန့်ကြဲသွား၏။

ထန်ကြိုချွမ်း စိတ်ထဲ၌ နှမြောမိ၏။

သို့သော် ထန်ကြိုချွမ်း ကျေနပ်၏။

အကြောင်းမှာ မိမိ၏ အရက်အိုး ကြေမွသွားသကဲ့သို့ ကျင်းကျိကျွန်း၏ ရွှေတူလည်း ထက်ပိုင်း ကျိုးသွား၏။

ထို့ပြင် ကျိုး၍သွားသော ရွှေတူ၏ အဖျားပိုင်းသည် ကျင်းကျိကျွန်း၏ ရင်ဝသို့ စိုက်ဝင်သွား၏။

ကျင်းကျိကျွန်းသည် မယုံကြည်နိုင်အောင်ပင် အံ့အားသင့်လျက် ငေးကြောင်ကာ ထန်ကြိုချွမ်းကို ကြည့်နေ၏။

တစ်ဆက်တည်းမှာပင် မိမိ၏ လက်ထဲမှ ရွှေတူ တစ်ပိုင်းကို ကြည့်လိုက်၏။

ထို့နောက် မြေပေါ်သို့ လဲကျသွားတော့၏။

သူသည် ဘီလူးဖြူလက်၏ ဆုတ်ခွာရန် အချက်ပေးသော လေချွန်သံကိုပင် ကြားလိုက်ခြင်း မရှိခဲ့ချေ။

■ ■ ■

သခင်မဝမ်မြောင်၏ မျက်နှာသည် ဖြူဖွေးနေ၏။

သူမ၏ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများသည်လည်း စက်ပြဲနေ၏။

ထို့ပြင် သူမကိုယ် သူမလည်း နောင်တ ရနေ၏။

လူအ အရူးသုံးယောက်ဟု ထင်မှတ်ထားသော မှော် ညီအစ် ကြီး သုံးယောက်ထဲမှ လောင်တနှင့် ယှဉ်ပြိုင် ရခြင်းကို သူမ နောင်တရနေ၏။

ချင်ဝှမ်ဝူနှင့် တုံးမုရှာတို့ကို သွေးခွဲရန် အကြံအစည်၌ ထို မှော်ဆရာကြီး သုံးယောက်ကို အသုံးချခဲ့မိခြင်းကို ယခုမှ မှားမှန်းသိကာ နောင်တရနေခြင်း ဖြစ်၏။

သခင်မ ဝမ်မြောင်သည် မိန်းမသား တစ်ယောက်သာ ဖြစ်၏။

ထို့ကြောင့် အလှအပ မက်မော၏။

ယခု သူမ၏ လှပသော မျက်နှာပေါ်၌ ဒဏ်ရာဒဏ်ချက် များဖြင့် အရုပ်ဆိုး အကျည်းတန်နေ၏။

ဤဒဏ်ရာဒဏ်ချက်များသည် သူမ၏တစ်သက်၌ထင်ရှားနေမည့် အမာရွတ်များ ဖြစ်လာပေလိမ့်မည်။

သို့ဖြစ်၍ သခင်မဝမ်မြောင် တစ်ယောက် နောင်တရမိခြင်းမှာ မဆန်းချေ။



ဘီလူးဖြူလက်အဖွဲ့၏ အချက်ပေး လေချွန်သံကို ကြားရကတည်းက သခင်မ ဝမ်မြောင်သည် ဆုတ်ခွာလိုပြီ ဖြစ်၏။

သို့သော်....

လောင်တ၏ သိုင်းကွက်များ အတွင်းမှ သူမသည် ရုန်း မထွက်နိုင်အောင် ဖြစ်နေ၏။

ထို့ကြောင့် သခင်မဝမ်မြောင်၏ မျက်နှာသည် ဖြူဖွေး ကာ ချွေးသီး ချွေးပေါက်များကျဆင်းနေ၏။

သို့ဖြစ်၍....

သူမကိုယ်သူမ ကံဆိုးပြီဟု ထင်မှတ်လိုက်၏။

သူမသည် လေချွန်သံ ကြားရပြီးနောက် သိုင်းကွက်သုံးဆယ် မျှအထိ လောင်တနှင့် ယှဉ်ပြိုင်နေရဆဲ ဖြစ်၏။

သိုင်းကွက် သုံးဆယ်မျှ ယှဉ်ပြိုင် ပြီးသောအခါ သူမသည် ရုတ်တရက် ခြေထောက်ဖြင့် မြေမှုန့်များကို လောင်တထံသို့ ကန်ထုတ်လိုက်ပြီး နောက်သို့လှည့်၍ ပြေးလေတော့၏။

သို့သော်....

သူမ နောက်ကျသွားပြီ ဖြစ်၏။

ရုတ်တရက် သူမ၏မျက်လုံးထဲ၌ ဓားရောင်တစ်ချက် ဝင်း လက်သွားပြီး နဖူး၌ စူးရှနာကျင်သော ဝေဒနာ တစ်ရပ်ကို ခံစားရကာ မြေပေါ်သို့ လဲကျ သေဆုံးသွားလေ၏။

သူမသည် မိမိ၏အသက်ကို နုတ်ယူခဲ့သူမှာ ချင်ဝှမ်ဝူ ဖြစ် ကြောင်း သိမသွား ရှာခဲ့ချေ။

အိုယောက်ဘုန်းကြီး ခေါင်းမမာ နိုင်တော့ချေ။

လောင်အော့နှင့် လောင်စန်းတို့၏ လက်ချက်ဖြင့် သူ၏ မျက်နှာသည် လူရုပ်ပင် မပီပြင်တော့ပါ။

နောက်ဆုံး၌....

အိယောက် ဘုန်းကြီးသည် အဆိပ်ဖြေဆေးကို ထုတ်ပေးလိုက်ရလေတော့၏။

လောင်အော့နှင့် လောင်စန်းတို့ကလည်း ကတိတည်၏။

အဆိပ်ဖြေဆေး ရသည်နှင့် အိယောက် ဘုန်းကြီးကို ချမ်းသာပေးလိုက်၏။

အိယောက်ဘုန်းကြီးသည် ယိမ်းယိုင်သော ခြေလှမ်းများနှင့် ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

လောင်အော့က ပြုံးကာ....

'ကျုပ် မင်းကို သန်ဘက်ခါအထိ ချမ်းသာ ပေးလိုက်တာနော်' ဟု လှမ်း၍ အော်ပြောလိုက်၏။

အိယောက် ဘုန်းကြီးသည် လောင်တ၏ စကားကို မကြားနိုင်တော့ပါ။

အကြောင်းမှာ....

အိယောက်ဘုန်းကြီး၏ နားနှစ်ဘက်လုံး ပင်း၍ သွားသောကြောင့်ပင် ဖြစ်၏။

လောင်တ၏ စကား အမှန်ပင် ဖြစ်၏။

နောက် သုံးရက်မြောက်သော နေ့၌ ထိုနေရာမှ ဆယ်မိုင်မျှဝေးသော နေရာတွင် အိယောက်ဘုန်းကြီးသည် တိုက်ပွဲမှရရှိ



လာသောဒဏ်ရာဒဏ်ချက်များဖြင့် သေဆုံး သွားသောကြောင့် ဖြစ်၏။

* * *

ခေါ်း....ခေါ်းချင်း၊ ထိခိုက်သံ၊ အော်ဟစ်သံ၊ ညာသံပေးသော အသံများဖြင့် ဆူညံခဲ့သော ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေပြီ ဖြစ်၏။

အိယောက်၏ ဖြေဆေးက အမှန်ပင် စွမ်းလှသည်။

တစ်ခဏ အတွင်းမှာပင် ချင်ဗှမ်ဝူ အဆိပ်ပြေလာ၏။

ညိုမှိုင်းနေသော တုံးမုရှာ၏ မျက်နှာလည်း တိမ်များ ကင်းစင်သွားသော လဝန်းပမာ ကြည်လင် ရွှင်ပြလာ၏။

ကုလားအုတ် ဘုန်းကြီးသည် လုံဆင်ပိအနီး၌ ရပ်လာပြီး 'ဒီတိုက်ပွဲ ပြီးဆုံးသွားပြီလား' ဟု မေးလိုက်၏။

လုံဆင်ပိက ဦးခေါင်း ခါယမ်းကာ....

'မပြီးသေးဘူး၊ ဒါပေမယ့် နောက်ထပ် တိုက်ပွဲတစ်ပွဲပဲ ဖြစ်တော့မယ်'

ကုလားအုတ်ဘုန်းကြီးက....

'ဒါဖြင့် အဲဒီတိုက်ပွဲက ဘယ်မှာ ဖြစ်မှာလဲ'

လုံဆင်ပိက သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း....

'ကျုပ်တွေးတာ မမှားဘူးဆိုယင် သူဌေးကြီးချင်ရဲ့ဂေဟာမှာပဲဟု ပြောလိုက်၏။

လုံဆင်ပိ အတွေးမမှားပါ။

နောက်သုံးရက် အကြာ၌ သူဌေးကြီးချင်၏ ဂေဟာ၌ တိုက်ပွဲတစ်ပွဲ ဖြစ်ပေါ်ခဲ့၏။

ထိုတိုက်ပွဲသည် ဘီလူးဖြူလက်အဖွဲ့နှင့် ချန်လော့ အဖွဲ့တို့၏ တိုက်ပွဲဖြစ်၏။

နှစ်ဘက်လုံး အထိနာသော တိုက်ပွဲဖြစ်၍ သိုင်းလောက၌ အကြီးအကျယ် ဂယက်ရိုက်ခဲ့၏။

ထိုတိုက်ပွဲကို နေပြည်တော်မှ ရဲမက်များက ဝင်ရောက် ထိန်းသိမ်း နိုင်ခဲ့သော်လည်း ဘီလူးဖြူလက်အဖွဲ့ ခေါင်းဆောင် လောင်ပုခုံး၏ လက်ချက်ဖြင့် သေဆုံးခဲ့၏။

ချန်လော့အဖွဲ့ခေါင်းဆောင် လောင်ပုခုံးသည်လည်း ဘီလူးဖြူလက်အဖွဲ့ ခေါင်းဆောင်နှင့် တိုက်ခိုက်စဉ်က ရရှိခဲ့သော ဒဏ်ရာဖြင့် နေပြည်တော်မှ တပ်မှူး၏ လက်ထဲ၌ပင် သေဆုံး ခဲ့ရ၏။

*   *   *

ချင်ဂေဟာတိုက်ပွဲ ဖြစ်ပွားပြီးနောက် နှစ်ရက် အကြာ၌ ဟန်ကြူးမြို့၏ ထန်ဂေဟာ....

လူသုံးဦးသည် ညစာအတူ စားသောက်နေ၏။

ထိုလူသုံးယောက်သည် လုံဆင်ပိ၊ ထန်ကြို့ချမ်းနှင့် စုမာရှဲ ဖြစ်၏။

စုမာရှဲက ထန်ကြို့ချမ်းကို ကြည့်ရင်း....



'ကွမ်းစီမှာ မင်း တော်တော် ဦးနှောက်ခြောက်ခဲ့မှာပဲ' ဟု မေးလိုက်၏။

ထန်ကြို့ချမ်းက ရယ်မောရင်း....

'နှစ်ချို့အရက် ပီသာ သုံးဆယ်လောက် တစ်ခါတည်း သောက်လိုက်ရသလိုပဲ၊ ဒါနဲ့နေပါဦး၊ ငင်းကငါတို့ကို ကွမ်းစီ ကိုလွှတ်ပြီး ကျင်းကျိကျွန်းကို ရှာခိုင်းတာ ဘာသဘောလဲ'

စုမာရှဲက မျက်ခုံးပင့်လိုက်ပြီး....

'လုံဆင်ပိက မင်းကို ဘာမှ မပြောဘူးလား'

လုံဆင်ပိက ဦးခေါင်းကိုခါယမ်းလိုက်ရင်း....

'အချိန်မရလို့ ငါလဲ သူ့ကို ပြည့်ပြည့်စုံစုံ မပြောမိဘူး'

စုမာရှဲက ဦးခေါင်းညိတ်ရင်း....

'ကဲပါလေ ငါပဲပြောပါ့မယ်'

ဟု ပြောလိုက်လေသည်။

*   *   *

စုမာရှဲသည် အရက်တစ်ခွက်မော့လိုက်ပြီး....

'ဒီအကြောင်းကို ပြောရမယ်ဆိုရင် ချင်လော့အဖွဲ့ချုပ် လောင်ပုခုံးနဲ့ မွန်ဂိုလက်ရွေးစင်လေးယောက် ပြိုင်ပွဲက စရ လိမ့်မယ်'

ထန်ကြို့ချမ်းက....

'ဒါဆို နောက်ထပ် အရက်အိုး နှစ်အိုးစာလောက် နား ထောင်ရမှာပေါ့'

စုမာရှဲက....

'ဒါပေါ့၊ အဲ....လောင်ပုခုံးနဲ့ မွန်ဂိုလက်ရွေးစင် လေးယောက်ဟာ မွန်ဂိုနယ်မှာ ဆယ့်ငါးနှစ်တစ်ကြိမ် ကျင်းပတဲ့ သိုင်းပြိုင်ပွဲမှာ ယှဉ်ပြိုင်ကြတာ၊ လောင်ပုခုံးက သူကိုယ်တိုင် တီထွင်ထားတဲ့ ချန်လော့ သိုင်းပညာ လေးမျိုးနဲ့ မွန်ဂို လက်ရွေးစင်ကို နိုင်ခဲ့တယ်၊ ဒီတော့ မွန်ဂို လက်ရွေးစင်လေးယောက်က သူ့ကို လာမည့်သိုင်းပြိုင်ပွဲမှာ ထပ်ပြီးယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ခဲ့တယ်'

ထန်ကြိုချမ်းက....

'သူက သဘောတူလိုက်လား'

စုမာရှဲက ဦးခေါင်းညိတ်ရင်း

'တူခဲ့တယ်၊ နောက်တစ်ကြိမ် သိုင်းပြိုင်ပွဲမကျင်းပမီနှစ်တွေမှာ မွန်ဂိုလက်ရွေးစင် လေးယောက်ဟာ ချန်လော့သိုင်းပညာလေးမျိုးရဲ့ ဟာကွက် လွတ်ကွက်တွေကို တစ်ယောက်တစ်မျိုးစီ ဖော်ထုတ်ခဲ့ပြီး သမင်ရေပေါ်မှာ တရုတ်စာနဲ့ ကျန့်စာ ပေါင်းပြီး ရေးခဲ့တယ်၊ အဲ....ဒါပေမယ့် သူတို့က စာမတတ်တော့ မွန်ဂိုနယ်မှာ သာသနာပြုနေတဲ့ တစ်ကျောင်းဘုန်းတော်ကြီးရဲ့ အကူအညီနဲ့ ရေးခဲ့တာပေါ့၊ ပြီးမှ လက်အိတ်ပုံသဏ္ဌာန် ချုပ်ခဲ့တယ်၊ အဲ....ငါပြောဖို့ တစ်ခုကျန်သွားတယ်၊ တစ်ကျောင်းဘုန်းတော်ကြီးမှာ တပည့်တစ်ယောက်ရှိတယ်၊ နပုဘုန်းကြီးတဲ့'

ထန်ကြိုချမ်းက....

'ဒါဆို အဲဒီအကြောင်း နပုဘုန်းကြီး သိတာပေါ့'



စုမာရှဲက....

'သိတာပေါ့၊ အဲ....မွန်ဂိုလက်ရွေးစင် လေးယောက်ကလဲ သိုင်းပြိုင်ပွဲမစခင်နှစ်မှာပဲ တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ကြတယ်'

ထန်ကြိုချမ်းက မျက်ခုံးပင့်ရင်း....

'ဒါဖြင့် လောင်ပုခုံး နောက်တစ်ကြိမ် မွန်ဂိုနယ်သွားတော့ အဲဒီလက်ရွေးစင်တွေ မရှိတော့ဘူးပေါ့'

စုမာရှဲက ဦးခေါင်းညိတ်ရင်း....

'ဒါပေါ့၊ ဒါနဲ့ လောင်ပုခုံးလဲ သိုင်းပြိုင်ပွဲမှာ ဝင်ပြီး မယှဉ်ပြိုင်တော့ပဲ တိဘက်ကုန်းမြင့်ဒေသက လာဆာမြို့ကို သွားခဲ့တယ်၊ အဲဒီမှာတင် တစ်ကျောင်းဘုန်းကြီးနဲ့ တွေ့ခဲ့တယ်၊ တစ်ကျောင်းဘုန်းကြီးကအပြင်းအထန်ဖျားနာပြီးနေမကောင်းဖြစ်နေတယ်'

ထန်ကြိုချမ်းက စကားဖြတ်၍....

'နေပါဦး သူ့တပည့် နပုဘုန်းကြီးက ဘယ်ရောက်နေလို့လဲ'

စုမာရှဲက....

'တခြားဒေသတွေမှာ သာသနာပြုဖို့ ခရီးထွက်နေရတယ်လေ၊ အဲဒီမှာတင် လောင်ပုခုံးနဲ့ တစ်ကျောင်းဘုန်းကြီးတွေ့ဆုံပြီးတိုတိုပြောရရင်လောင်ပုခုံးလက်ထဲမှာပဲတစ်ကျောင်းဘုန်းကြီး ပျံလွန်တော်မူခဲ့တယ်၊ တကျောင်းဘုန်းကြီးက မိမိမနာမကျန်းဖြစ်နေစဉ် လောင်ပုခုံးက ပြုစုခဲ့လို့ လောင်ပုခုံးကို ကျမ်းဂန်တစ်စောင်နဲ့ ဓားတစ်လက် ပေးခဲ့တယ်၊ လက်စသတ်

တော့ တစ်ကျောင်းဘုန်းကြီး ပေးခဲ့တဲ့ဓားက လောင်ပုခုံး လိုချင်နေတဲ့ လဝန်းအရိပ်ဓား ဖြစ်နေတယ်'

ထန်ကြိုချွမ်းက မျက်ခုံးပင့်တင်ရင်း....

'လဝန်းအရိပ်ဓား ဟုတ်လား၊ မြို့တစ်မြို့လောက်နီးနီး တန်ဖိုးရှိတဲ့ တန်ခေတ်က ရှေးဟောင်းဓားမဟုတ်လား'

စုမာရှဲက ဦးခေါင်းညိတ်ရင်း....

'ဒါပေါ့၊ အဲဒီဓားထက်တန်ဖိုးရှိတာက လွန်ခဲ့တဲ့နှစ်ပေါင်း ငါးရာက စိရိဘုန်းကြီး ချန်ကြားထုကိုယ်တိုင် ရေးခဲ့တဲ့ ကျမ်းစာပဲ'

ထန်ကြိုချွမ်းက အံ့သြဟန်ဖြင့် စုမာရှဲကို ကြည့်လိုက်၏။

စုမာရှဲက တစ်ချက်ပြုံးကာ....

'ဒါပေမယ့်ဒီကျမ်းဂန်ဟာ ကျန့်စာနဲ့ရေးထားလို့ လားမားဘာသာ ကိုးကွယ်တဲ့လူတွေအတွက် လဝန်းအရိပ်ဓားထက် တန်ဖိုးရှိတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ကျောင်းဘုန်းကြီးရဲ့ တပည့် နပုဘုန်းကြီးဟာ ကျုံဝမ်ကိုဝင်လာပြီး လောင်ပုခုံးနဲ့ တွေ့ခဲ့တယ်၊ ဒီမှာတင် လောင်ပုခုံးကလဲ နပုဘုန်းကြီးရဲ့ စကားအရ သမင်ရေလက်အိတ်အကြောင်း သိလာတယ်၊ ဒါနဲ့ နပုဘုန်းကြီးကပဲ စပြီး ကျမ်းဂန်နဲ့ သမင်ရေလက်အိတ် လဲလှယ်ဖို့ ပြောတော့ လောင်ပုဘုန်းကြီးက သဘောတူခဲ့တယ်'

ထန်ကြိုချွမ်းက ဦးခေါင်းညိတ်ကာ....

'ဒါနဲ့ အလဲအလှယ်လုပ်ဖို့ နပုဘုန်းကြီးက နောက်တစ်ခေါက် ကျုံဝမ်းကို ပြန်လာတယ်ဆိုတော့'

စုမာရှဲက ဦးခေါင်းညိတ်ပြရင်း....



'ဟုတ်တယ်၊ ဒါပေမယ့် အော့လန်တောင်ခြေမှာ ကျင်းကျိကျွန်းနဲ့ ဘီလူးဖြိုလက်အဖွဲ့က အဆိပ်သိုင်းသမား တစ်ချို့က ပူးပေါင်းပြီး နပုဘုန်းကြီးအဖွဲ့ကို တိုက်ခိုက်ခဲ့တယ်'

စုမာရှဲ၏စကားကြောင့် ထန်ကြိုချွမ်း မျက်မှောင်ကုတ်ရင်း

'ရမ်သက်ကျိ မဟုတ်ဘူးလား'

ဟု မေးလိုက်လေ၏။

လုံဆင်ပိက ဦးခေါင်းကို ခါယမ်းပြရင်း....

'ဒါကတော့ ကျင်းကျိကျွန်းရဲ့လက်ချက်ပဲ'

စုမာရှဲက ပြုံး၍ ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ်၊ အမှန်တော့ ကျင်းကျိကျွန်းက ချန်လော့အဖွဲ့ချုပ်ရာထူးကို မက်နေတာ၊ ဒါကြောင့် သမင်ရေလက်အိတ် အကြောင်းလဲသိရော အခုလို ကြံစည်တာပဲ'

ထန်ကြိုချွမ်းက....

'ဒါပေမယ့် ကျင်းကျိကျွန်းက ဘာဖြစ်လို့ ဘီလူးဖြိုလက် အဖွဲ့ကလူတွေနဲ့ ပူးပေါင်းကြံစည်ရတာလဲ'

လုံဆင်ပိက....

'ဒါကတော့ ပုလင်းတူဘူးဆို့ကိုး၊ ဘီလူးဖြိုလက်အဖွဲ့ကချန်လော့အဖွဲ့ရဲ့ ပြိုင်ဘက်ပဲ၊ ကျုံဝမ်းသိုင်းပြိုင်ပွဲမှာ ချန်လော့အဖွဲ့ကို ရှုံးခဲ့တဲ့အချိန်ကစပြီး ချန်လော့အဖွဲ့ကို ဖြိုပစ်ဖို့ အမြဲတမ်း စိတ်ကူးနေတဲ့အဖွဲ့ပဲ'

စုမာရှဲက ဦးခေါင်းညိတ်ရင်း....

'ဟုတ်တယ် ဒါကြောင့် ကျင်းကျိကျွန်းက ဘီလူးဖြိုလက် အဖွဲ့နဲ့ ပူးပေါင်းပြီး ကြံစည်ခဲ့တာ၊ ဒါပေမယ့် အဲဒီတိုက်ပွဲမှာ

ပိုက်လိဘုန်းကြီး လွှတ်သွားတယ်၊ ပိုက်လိက ချန်အော့အဖွဲ့ချုပ်ကို ရောက်အောင်လာပြီး အဖွဲ့ချုပ်ကို ပြောပြတယ်၊ ဒါပေမယ့် ပိုက်လိကသူတို့ကို ဘယ်သူဘယ်ဝါတိုက်ခိုက်တယ်ဆိုတာ မသိလို့ မပြောပြနိုင်ခဲ့ဘူး၊ အဖွဲ့ချုပ်ကလဲ ချက်ချင်းပဲ အဖွဲ့ထဲက လက်ရွေးစင်တွေကို လွှတ်ပြီး စုံစမ်းစေခဲ့တယ်၊ အဲဒီအချိန်မှာ ရမ်ထက်ကျီက အော့လန်တောင်ခြေကို ရောက်ခဲ့တယ်၊ ဒီမှာတင် ဒဏ်ရာပြင်းထန်စွာရနေတဲ့ နပုဘုန်းကြီးနဲ့ ဆုံခဲ့ပြီး နပုဘုန်းကြီးက ရမ်ထက်ကျီကို သမင်ရေလက်အိတ် ဝှက်ထားတဲ့ နေရာကို ပြောပြပြီး ချန်လော့အဖွဲ့ချုပ်ကိုပေးဖို့ မှာခဲ့တယ်’

စုမာရှဲက မော့ပန်းဟန်ဖြင့် အရက် တစ်ခွက် မော့လိုက်၏။ ပြီးမှ ဆက်ပြောပြန်သည်။

‘ရမ်ထက်ကျီ ထွက်သွားပြီး မကြာဘူး၊ ချန်လော့ လက်ရွေးစင်တွေ ရောက်လာတယ်၊ တိုက်ပွဲဖြစ်တဲ့ နေရာကို စစ်ဆေးတော့ ရမ်ထက်ကျီရဲ့ ပစ္စည်းကို တွေ့ရပြီး ရမ်ထက်ကျီကို စွပ်စွဲတယ်၊ ဒါ့အပြင် သိုင်းလောကမှာလဲ ကျင်းကျီကျွန်းက နပုဘုန်းကြီး ကိစ္စကို ရမ်ထက်ကျီအပေါ် အပြစ်ပုံကျအောင် သတင်းလွှင့်ခဲ့တယ်၊ သူကတော့ ခြေရာဖျောက်ပြီး ဘီလူးဖြိုလက်အဖွဲ့ကို သစ္စာခံလိုက်တယ်’

လုံဆင်ပိက ထန်ကြိုချွမ်းအား....

‘မင် သိတဲ့အတိုင်းပဲ၊ ချန်လော့ အဖွဲ့ဟာ စည်းကမ်းရှိတဲ့ အဖွဲ့၊ စည်းကမ်းဖောက်တာနဲ့ အပြစ်ဒဏ်ဟာ တစ်ခုတည်း ရှိတယ်၊ အဲဒါက သေဒဏ်ပဲ’

ထန်ကြိုချွမ်းက သက်ပြင်း မှုတ်ထုတ်ရင်း....



‘ဒါဆို ရမ်ထက်ကျီက ရှင်းပြဖို့တောင် အချိန်မရဘူးပေါ့’

စုမာရှဲက....

‘ဟုတ်တာပေါ့၊ သူ့ကို ချန်လော့အဖွဲ့အပြင် ဘီလူးဖြိုလက်အဖွဲ့ကပါ လိုချင်နေတော့ သူ့ခမျာ သမင်ရေ လက်အိတ်ကိုတောင် ဝမ်စိရှန်ကို ရှာခိုင်းပြီး သူက ထွက်ပြေးနေရတယ်၊ ပြီးမှ သူ့ရဲ့ တပည့် ပိန်းတော်ပြိုကို ဝမ်စိရှန်ထံ လွှတ်လိုက်ရတယ်’

ထန်ကြိုချွမ်းက အနည်းငယ် စဉ်းစားရင်း....

‘ဒါဆို သူ သေသာသွားရော သမင်ရေ လက်အိတ်ကို မမြင်ဖူးခဲ့ဘူးပေါ့’

စုမာရှဲက ဦးခေါင်းညိတ်ကာ....

‘ဟုတ်တယ်၊ ကျူးစားတောင်ထိပ်မှာ ချန်လော့ အဖွဲ့က ကာကွယ်ရေးမှူးနဲ့ ယှဉ်ပြိုင်ရင်း နှစ်ယောက်လုံး သေခဲ့တယ်၊ သမင်ရေလက်အိတ်ကို ရမ်ထက်ကျီ မြင်မသွားရှာဘူး’

ထန်ကြိုချွမ်းက ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း....

‘ဒီအကြောင်းတွေကို မင်းက ဘယ်လိုလုပ် သိသလဲ’

စုမာရှဲက....

‘ဝမ်စိရှန်က ငါ့ကို ပြောပြခဲ့တာလေ၊ ဒါကြောင့် ငါက လိုက်ပြီး စုံစမ်းတော့ ကျင်းကျီကျွန်းက ငါ့ကို လုပ်ကြံဖို့ ကြိုးစားခဲ့တာပေါ့’

လုံဆင်ပိက....

‘ဒါနဲ့ ငါတို့နှစ်ယောက် စဉ်းစားတယ်၊ ဘီလူးဖြိုလက်နဲ့ ချန်လော့အဖွဲ့ဟာ ထိပ်တိုက်တွေ့ပြီး သွေးချောင်းစီးတဲ့ တိုက်ပွဲ

ဖြစ်လိမ့်မယ်လို့၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘီလူးဖြိုလက်အဖွဲ့ရဲ့ လုပ်ရပ်တွေက တဖြည်းဖြည်း မင်းမဲ့စရိုက် ဆန်လာတယ်'

စုမာရှဲက....

'ဟုတ်တယ်၊ ဒါနဲ့ ငါက မင်းတို့ နှစ်ယောက်ကို ကွမ်စီ လွှတ်ပြီး ရမ်ထက်ကျိရဲ့ မိတ်ဆွေတွေကို ကူညီခိုင်းရတာ၊ ပြီးတော့ ငါကလဲ နေပြည်တော်က တပ်မှူးနဲ့ ဆွေးနွေးပြီး ဘီလူးဖြိုလက်အဖွဲ့နဲ့ ချန်လော့အဖွဲ့ရဲ့ အခြေအနေကို စောင့်ကြည့်နေရတယ်'

လုံဆင်ပီက....

'ငါတို့ ထင်တဲ့အတိုင်း ဖြစ်လာတာပဲ'

စုမာရှဲက....

'ဟုတ်တယ်၊ ငါတို့ဘက်ကလဲ နေပြည်တော်က ရဲမက်တွေနဲ့ အတူ တိုက်ပွဲကို ထိန်းသိမ်းနိုင်ခဲ့တယ်၊ အဲ....ကံဆိုးတာကတော့ လောင်ပူခုံး သေခဲ့တာပဲ'

ထန်ကြိုချမ်းက....

'ဒါဆို သူတို့လဲ သမင်ရေ လက်အိတ် မတွေ့လိုက်ရဘူး ပေါ့'

စုမာရှဲက....

'ဟုတ်တယ်၊ ဘယ်သူမှလဲ တွေ့မှာ မဟုတ်တော့ဘူး'

ထန်ကြိုချမ်းက....

'ဘာဖြစ်လို့လဲ'

စုမာရှဲက....



'မကြာခင် မင်း သိရမှာပေါ့'ဟု စကားကို မတင်မကျဖြင့် ပြောလိုက်လေတော့၏။

* * ●

စုမာရှဲ၏ စကား မှန်ပါသည်။

ချင်ဂေဟာ တိုက်ပွဲ ဖြစ်ပွားပြီး တစ်လအကြာ၌ ချန်လော့အဖွဲ့ချုပ် အသစ် တင်မြှောက်ပွဲ ကျင်းပခဲ့၏။

ထိုအဖွဲ့ချုပ်အသစ်မှာ လိုရှက်ရီပင် ဖြစ်၏။

လိုရှက်ရီကလည်း အဖွဲ့၏ ခုံရုံး အဆောင်မှူး အသစ် ခန့်ခဲ့၏။

ထိုလူမှာ ပိန်းတောင်ပြို ဖြစ်၏။

လိုရှက်ရီသည် ပိန်းတောင်ပြိုထံမှ သမင်ရေလက်အိတ်ကို ရခဲ့၏။

သို့သော် သူမသည် ထိုလက်အိတ်ကို မီးရှို့ခဲ့၏။

သမင်ရေလက်အိတ်ကို သူမ ရရှိချိန်၌ ချန်လော့အဖွဲ့ချုပ် လောင်ပူခုံး သေဆုံးခဲ့ပြီ မဟုတ်ပါလော။

* * *

ချန်လော့အဖွဲ့ချုပ်အသစ် တင်မြှောက်သည့် နေ့၌ပင် ချင်ဂေဟာ၌လည်း ပိုင်ရှင်အသစ် ဖြစ်လာ၏။

ထိုပိုင်ရှင်မှာ ချင်ဝှမ်ဝူပင် ဖြစ်၏။

ထိုနေ့မှာပင် ချင်ဝှမ်ဝူသည် သူ့ထံမှ တံဆိပ်တစ်ဝက်နှင့် သခင်မ ဝမ်မြောင်ထံမှ ရရှိလာသော တံဆိပ်တစ်ဝက်ကို ပြန်လည် ပေါင်းစပ်ကာ မြကြေးမုံထဲ၌ ထည့်၍ ထားလိုက်၏။

ထို မြကြေးမုံသည် မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့ရသော မြကြေးမုံ ဖြစ်၏။

ထို့ကြောင့် မြကြေးမုံသည် အဖိုးထိုက်တန်၏။

တံဆိပ်က မျိုးရိုး၏ အမှတ်အသား ဖြစ်၍ မြကြေးမုံထက် ပို၍ တန်ဖိုးရှိ၏။

သို့သော် ချင်ဝှမ်ဝူအတွက် တန်ဖိုးမဖြတ်နိုင်သော အရာကား ချင်ဂေဟာ၏ သခင်မ အသစ် တုံးမုရှာ ဖြစ်၏။

*　　*　　*

မကြာမီ ရက်ပိုင်းမှာပင် မှော်ဆရာကြီး သုံးယောက်ထံသို့ ဖိတ်စာ ရောက်လာ၏။

မှော်ဆရာကြီး သုံးယောက်ကို မပျက်မကွက် ကြွရောက်ရန် ဖိတ်ကြားထားသော မင်္ဂလာ ဖိတ်စာ တစ်စောင်ပင် ဖြစ်၏။

သတို့သား အမည်မှာ ချင်ဝှမ်ဝူ ဖြစ်၍ သတို့သမီး အမည်မှာ တုံးမုရှာ ဖြစ်၏။

မှော်ဆရာကြီး သုံး ယောက် တို့ သည် ဤ မင်္ဂလာပွဲသို့ မပျက်မကွက် ကြွရောက် ချီးမြှင့်ကြပေလိမ့်မည်တည်း။

နန္ဒကျော်သူ